The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 20 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 29 , 2017




# ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် e-Government စနစ်တွင် ပြောင်းလဲလိုက်ပါ ဆောင်ရွက်မှု

မြန်မာနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိဖို့အတွက် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ကြိုးပမ်းဆောင်ရွက်ရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံရေး တည်ငြိမ်အေးချမ်းမှုရရှိစေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး တို့အတွက် ဦးတည်ချက်တွေချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ - ၁၈ ➤

## မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ Fuel Tank Trailer များ တင်သွင်းလျက်ရှိ

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ် တာနဲ့အမျှ မကြာခင်ကာလမှာ ကျင့်သုံးတော့မယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းထဲမှာ

စာမျက်နှာ - ၁၆ ➤



## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်ပစ္စည်းစစ်ဆေးရေးကွင်း ပြင်ဆင်ဆောက်လုပ်ရေးလုပ်ငန်း ထောက်ပံ့ကူညီမှုအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

ရှမ်းပြည်နယ် မြောက်ပိုင်း၊ မူဆယ်မြို့ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၏ ကုန်ပစ္စည်းစစ်ဆေးရေးကွင်း ပြင်ဆင်ဆောက်လုပ်ရေးလုပ်ငန်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ထောက်ပံ့ကူညီမှုပြုခြင်းအတွက်

စာမျက်နှာ - ၁၅ ➤








SHWE GANDAMAR
International Trading Limited

Level-3, Gandamar Wholesale
Corner Of Gandamar & Waizayantar Road, Mayangone Township, Yangon.
**Tel:** +95-1- 657311, 657322 **Fax:** +95-1- 657904

**GANDAMAR WHOLESALE(YANGON)**



Corner Of Gandamar & Waizayantar Road, Mayangone Township, Yangon.
Tel : 01 - 657311, 657322 Fax : 01 - 657273
www.gandamarwholesale.com

**RUBY MART (YANGON)**




302/304, Corner of Pansodan & Bogyoke Street,
Kyauktada Township, Yangon.
Tel: +95-1-398246, 398245 Fax: +95-1-398247

**GANDAMAR WHOLESALE(MANDALAY)**




No.(903), Corner of Yangon-Mandalay & Sagaing Road,
Chan Mya Thar Si Township, Mandalay.
Tel: 02- 21182, 21183 Fax: 02- 21184

**RUBY MART (PYIN OO LWIN)**



Mandalay-Lashio Road, No.(10) Block, Near DSTA, Pyin Oo Lwin.
Tel - 085 - 29910, 033 - 60176, 60177 Fax - 085 - 29910

**GANDAMAR WHOLESALE(MEIKTILA)**




No.(64), Pantaintan Ward, Myoma(4), Meiktila.
Tel/Fax: 064- 23803, 26101

**GANDAMAR GRAND BALLROOM**




Gandamar Wholesale, Corner Of Gandamar & Waizayantar Road,
Mayangone Township, Yangon.
Tel: +95-1-657323, 657905 Fax: +95-1-657323



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဥရောပပါလီမန်အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် JETRO မှ Managing Director ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အားလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများသည် ဥရောပပါလီမန် အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ (DASE) ၏ ဥက္ကဋ္ဌဖြစ်သူ Dr. Werner Langen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မေ ၂၆ ရက် နံနက် ၁၁ နာရီတွင်လည်းကောင်း၊ Japan External Trade Organization (JETRO) မှ Managing Director ဖြစ်သူ Mr. Hirokazu Yamaoka ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ် ၁၃:၀၀ နာရီတွင်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

ဥရောပပါလီမန်အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ (DASE) နှင့်တွေ့ဆုံရာတွင် ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင် ရွက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်သွယ် ဆက်ဆံမှုများကို ဆက်လက်ရှင်သန်ခိုင်မာအောင်

စာမျက်နှာ - ၁၅ ➢

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မေ ၂၃ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဧည့်ခန်းမ(၁) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်မှု ဆက်သွယ်ဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတားစသော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်များ

စာမျက်နှာ - ၁၅ ➢

# ဒုတိယဝန်ကြီး ဦးအောင်ထူး စတုတ္ထအကြိမ် မြန်မာ့သရက်သီးပွဲတော်၊ ပထမအကြိမ် လက်ဖက်ပွဲတော်နှင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲသို့တက်ရောက်

မြန်မာနိုင်ငံ သစ်သီးဝလံ၊ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက်မြန်မာ့သရက်သီးပွဲတော်၊ ပထမအကြိမ်မြောက် မြန်မာ့လက်ဖက်ပွဲတော်နှင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲကို မေ ၂၀ ရက်က မန္တလေးမြို့ အားကစားနှင့် ကာယပညာသိပ္ပံခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌွေး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလှိုင်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သီးနှံကာကွယ်ရေး လုပ်ငန်းများအသင်း (China Crop Protection Industry Association) မှ အထွေထွေအတွင်းရေးမှူး Dr. Li Zhonghua တို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး အဖွင့်အမှာစကားများ ပြောကြားခဲ့ပါသည်။ ထို့နောက် သရက်သီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ လက်ဖက်နှင့် ပတ်သက်သော စားသောက်ဖွယ်ရာ ပြင်ဆင်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခြင်းတို့ ပြုလုပ်ခဲ့ပြီး ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့တက်ရောက်လာသော ပုဂ္ဂိုလ်များက ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

စာမျက်နှာ - ၁၅ ➢



Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့ပြီး ပင်လယ်ရေကြောင်းမှ ဆန်ကွဲ ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်ရေးစခန်းများမှ မေ ၁၃ ရက်မှ ၁၉ ရက် အထိ ရက်သတ္တပတ်အတွင်း ဆန်နဲ့ ကောက်ညှင်းဆန်ကို ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုရက်သတ္တပတ်မှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈၇၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၄၂၄၄ တန်တင်ပို့ခဲ့တဲ့အတွက် ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့၃၈၆၉၄ တန်ခန့်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ဆန်တန်ချိန် ၅၅၅၀ ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုမှာမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၃၃၈၃ တန်နဲ့ ဧည့်မထဆန် ၁၃၈၆၁ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၃၈ တန်နီးပါး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် တန်ချိန် ၁၆၃၂၀ ကျော် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်အပြင် ကောက်ညှင်းဆန် ၃၀၇ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုကို ကြည့်ပါက ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၃ သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၀၄၅ တန်ကျော်ကို တင်ပို့ခဲ့ရာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၂၁၆၅ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၈၈၀ တန် တင်ပို့ခဲ့ပါတယ်။ စခန်းနှစ်ခုလုံးမှ စုစုပေါင်း တင်ပို့တဲ့ တန်ချိန်မှာ ၄၀၄၅ တန်ဖြစ်တဲ့အတွက် ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ဆန်ကွဲတန်ချိန် ၅၅၅၃ တန်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ဆန်ကွဲ ၁၅၀၈ တန်လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

မေ ၁၄ရက်မှ ၂၀ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇၁ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၇၂၁၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၉၄၄၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၂၀၄ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် ၂၂၅၀၊ အင်ဒိုရာနိုင်ငံသို့ ဧည့်မထဆန်၁၂၅တန်၊ မက်ဒါးဂါးစတားနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၀၀၀၊ ရုရှားနိုင်ငံသို့ ဧည့်မဆန်တန်ချိန် ၄၅၀၊ ဘီနင်နိုင်ငံသို့ ဧည့်မထဆန် တန် ၂၅၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် တန်ချိန် ၁၀၀၀နဲ့ ပေါင်းဆန် ၉၂၅ တန်၊ ငစိန်ဆန် တန်၁၀၀၊ ဟောင်ကောင်သို့ ငစိန်ဆန် တန် ၂၉၀ ၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၉၆ တန်၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၇၅၀ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၄၆ သန်းတန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၁၆၀၇၀ တင်ပို့ခဲ့တဲ့အနက် အင်ဒိုရာနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၅၀၊ စင်ကာပူနိုင်ငံသို့ တန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၄၅၀၀ နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၁၀၉၇၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲတန်ချိန် ၆၁၀၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၉၉၇၀ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့ပြီး ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှ ဆန်ကွဲပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# ပြည်ဆန်/စပါးဈေး ငြိမ်သော်လည်း နှွေဆန် အရောင်းအဝယ်သွက်

ပြည်ခရိုင်အတွင်း ပြည်ဈေးကွက်နှင့်အနီးတစ်ဝိုက်ရှိ ဒေသဈေးကွက်များတွင် ဧပြီ၊ မေလများအတွင်း ဆန်၊ စပါးဈေးနှုန်းများ ဈေးငြိမ်လျက်ရှိကြောင်း သိရပါတယ်။ ယခုမေလစတုတ္ထပတ်အတွင်းမှစ၍ သဲကုန်းမြို့နယ်မှ အစောဆုံးထွက်ရှိလာသော နွေစပါးများ ပြည်ဈေးကွက်သို့ ဝင်ရောက်လာတာ တွေ့ရပါတယ်။ ဆန်ကုန်သည်တစ်ဦးရဲ့ ပြောပြချက်အရ ဒီနှစ်ပေါ်စ နွေစပါးဟာ အရည်အသွေးကောင်းမွန်သဖြင့် ဝင်ရောက်လာသမျှ ဝယ်လက်အဆွဲများပြီး အရောင်းသွက်၍ ဈေးကောင်းရရှိကြောင်းလည်း သိရပါတယ်။ ပြည်ဈေးကွက်မှ အောင်လံ၊ ပြည်၊ ပန်းတောင်း၊ ဥသျှစ်ပင်၊ မင်းတုန်းစတဲ့မြို့နယ်များမှ တစ်ရက်ကြိတ်ခွဲရသမျှ အရောင်းအဝယ်အကုန်ဖြစ်ကာ ရန်ကုန်ဝယ်လက်အဝယ်ရှိသလောက် မတင်ပို့နိုင်သေးကြောင်းလည်း သိရပါတယ်။ ယခင် မိုးဆန်စပါးဈေးနှုန်းများ ဈေးငြိမ်နေပြီး ရန်ကုန်သို့ တစ်ပတ်လျှင်အိတ် ၈၀၀ ခန့် ပုံမှန်တင်ပို့နေပါတယ်။ ယခုတစ်ပတ် ဆန်၊ စပါးဈေးနှုန်းမှာ တောင်ပျံမွှေး (ဆန်ချော)စပါး(၄၆ ပေါင်ကိုက်)တင်း၁၀၀ကိုကျပ်၆၅၃၂၀၀၊ ဧည့်မထ (မိုးစပါး) ကျပ် ၄၄၅၀၀၀၊ နွေသစ်စပါး ကျပ် ၄၄၁၀၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ ဆန်တစ်အိတ်ချင်းဈေးနှုန်းတွေကတော့ တောင်ပျံမွှေး ကျပ် ၃၂၀၀၀၊ ဧည့်မထမိုးဆန် ကျပ် ၁၇၀၀၀နှင့် ဧည့်နွေသစ် ဆန်တစ်အိတ်ဈေးကတော့ ကျပ် ၂၁၀၀၀ ဖြင့် ဈေးကောင်းရနေကြောင်းသိရပါတယ်။ နွေစပါးဈေးကောင်းရနေပြီး ဆန်အိတ်ဈေးများမှာလည်း မိုးဆန်ထက် ဈေးစွာပြီး အရောင်းသွက်နေပါတယ်။ ပြည်ဒေသအတွင်းနယ်စုံမှ ထွက်ရှိမှု မရှိသေးကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

# ဆင်း-၃ ဆန်/စပါးလက်ကျန်များနေပြီး နွေစပါးသစ်ပေါ်ချိန် စပါးဈေးကျဆင်း

ကသာခရိုင်မှာ နွေစပါးစတင်ရိတ်သိမ်းနေပြီဖြစ်ပါတယ်။ ဗန်းမော်၊ တရုတ်အဆွဲမရှိလို့ တောင်သူ၊ စက်ပိုင်၊ ကုန်သည်လက်ထဲမှာ မိုးစပါးလက်ကျန်များနေဆဲဖြစ်ပါတယ်။ နွေစပါးသစ်ပေါ်ချိန်တွင် တောင်သူတွေ ဈေးကောင်းမရသော်လည်း ယခင်မိုးစပါးစိုက်ဘဏ်ချေးငွေပြန်ဆပ်ရမှာဖြစ်တဲ့အတွက် ရတဲ့ဈေးနဲ့ရောင်းချနေရတယ်လို့သိရပါတယ်။

ကသာခရိုင်ထွက် ဆင်း-၃ ဆန်က ဗန်းမော်တရုတ်ဈေးကွက်ရှိလို့ တောင်သူများ ပိုမိုစိုက်ပျိုးကြပါတယ်။ နှစ်စဉ်ဧပြီလ နောက်ပိုင်း မိုးစပါးလက်ကျန်နည်းချိန် စပါးဈေးမြင့်သလို နွေစပါးသစ်ကလည်း အမြင့်ဈေးနဲ့ရလို့ စိုက်ဘဏ်ချေးငွေပြန်ဆပ်ရာမှာ အဆင်ပြေကြောင်းသိရပါတယ်။

ဒီနှစ်မှာ တရုတ်ဈေးကွက် အဆွဲမရှိလို့ မိုးစပါးလက်ကျန်များနေတာကြောင့် စပါးဈေးပုံမှန်ရှိနေပါတယ်။ ငွေလိုတဲ့တောင်သူများက ဈေးလျှော့ရောင်းတဲ့အတွက် စပါးဈေးမတည်ငြိမ်ဘဲ တောင်သူများအဆင်မပြေမှုများရှိနေတယ်လို့လည်း ဈေးကွက်မှ သိရပါတယ်။

ယခုနှစ် စက်တင်ဘာလအတွင်းက ကသာခရိုင် ဆင်း-၃ စပါးရဲ့ အဖွင့်ဈေးမှာ တင်းတစ်ရာလျှင် ကျပ် ၅၅၀၀၀၀ ရှိခဲ့ပါတယ်။ မတ်လအတွင်း ဗန်းမော်တရုတ် အနည်းငယ်အဝယ်လိုက်လာလို့ ကျပ် ၆၅၀၀၀၀ အထိမြင့်တက်ခဲ့ရာမှ နွေစပါးသစ်ပေါ်ချိန် မေလမှာတင်း တစ်ရာကို ကျပ်၅၅၀၀၀၀ အထိ ပြန်လည် ကျဆင်းလာပါတယ်။

လက်ရှိနွေစပါးသစ်တင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀၀ ဝန်းကျင်ရှိပါတယ်။ ယခင်နှစ်ကာလတူက ဆင်း-၃ စပါးဈေးမှာ အဖွင့်ဈေးကျပ် ၅၅၀၀၀၀ ရှိပြီး သင်္ကြန်ကာလဝန်းကျင်မှာ ကျပ်၆၅၀၀၀၀ ရှိခဲ့ပါတယ်။

အဲဒီနောက် မိုးစပါးလက်ကျန်နည်းနေချိန်မှာ ကျပ် ၇၅၀၀၀၀ ရှိခဲ့ပြီး ကာလတူမှာ နွေစပါး ဆင်း-၃ တင်း ၁၀၀ လျှင် ကျပ် ၆၅၀၀၀၀ ရှိခဲ့ပါတယ်။ ယခင်နှစ်ထက် ဗန်းမော်တရုတ်တင်ပို့မှု သိသိသာသာ လျော့နည်းသလို ဒေသတွင်း ဆင်း-၃ စပါးဈေးလည်း များစွာကျဆင်းနေတယ်လို့ ဆန်စပါးလုပ်ငန်းရှင်များထံမှ သိရပါ တယ်။

**ကြည်နိုင်ဦး-အင်းတော်**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၄-၅-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၃၃ | ၄၄၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၃၉ | ၄၃၄ | △ | ၃၅၂ | ၃၇၀ | △ | ၃၉၀ | ၄၀၀ | △ | ၄၂၀ | ၄၃၀ | △ |
| ဆန်ဖြူ ၁၀% | ၄၃၀ | ၄၂၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၀၇ | ၄၂၀ | △ | ၃၄၂ | ၃၅၀ | △ | - | - | - | ၃၃၀ | ၄၂၀ | △ |
| ဆန်ဖြူ ၂၅% | ၃၉၇ | ၄၀၀ | △ | ၃၃၀ | ၃၄၇ | △ | ၃၇၀ | ၃၆၀ | ▽ | ၃၇၀ | ၃၇၄ | △ |
| ပေါင်းဆန် | ၄၃၃ | ၄၄၀ | △ | - | - | - | ၃၀၀ | ၄၀၅ | △ | ၄၁၅ | ၄၂၅ | △ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၂၆-၅-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၃၂၀ | □ | ၁၈၅၀၀ | □ | ၇၄၀၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၄၂၀၀ | △ | ၁၇၀၀၀ | △ | ၆၄၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၅၀၀၀ | □ | ၁၀၀၀၀ | □ | ၃၅၀၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၀၀၀ | □ | ၃၂၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၅၀ | △ | ၁၆၈၀၀ | □ | - | - | ၃၁၀၀၀ | □ |
| မန္တလေး | ၆၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၀၅၀၀ | □ | - | - | ၄၃၅၀၀ | △ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၃၀၀ | □ | ၃၂၀၀၀ | □ | - | - | ၄၁၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၂၀၀၀ | △ | - | - | ၄၂၀၀၀ | △ |
| ဘားအံ | ၄၀၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၂-၅-၂၀၁၇ မှ ၂၆-၅-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 552 | 30,531,835.886 |
| 2 | Form D | 64 | 4,367,329.030 |
| 3 | Form E | 92 | 1,520,796.720 |
| 4 | Korea GSP | 5 | 31,513.500 |
| 5 | Form AK | 81 | 5,290,473.320 |
| 6 | Form AJ | 7 | 261,217.900 |
| 7 | Form AI | 155 | 8,985,013.332 |
| 8 | Form AANZ | 8 | 66,437.840 |
| 9 | Form DFTP | - | - |
| **Grand Total** | | **964** | **51,054,617.528** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၅-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၆၃ | ၁၅၂၇ | ▼ | ၁၅၅၀ | ၁၅၁၇ | ▼ | ၁၅၆၅ | ၁၅၃၅ | ▼ | ၁၅၇၅ | ၁၅၄၀ | ▼ |
| ပဲစင်းငုံ | ၁၀၇၈ | ၁၀၇၀ | ▼ | - | - | - | ၁၀၇၅ | - | - | ၁၀၁၅ | ၁၀၁၀ | ▼ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | ၁၉၃၈ | ၂၀၀၀ | ▲ | ၁၉၃၇ | ၂၀၅၃ | ▲ | ၁၈၄၂ | ၁၉၂၀ | ▲ |
| ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၆၅၀ | ▼ | ၂၂၀၁ | ၂၁၃၁ | ▼ | ၂၂၁၀ | - | - | ၂၀၁၅ | ၁၉၇၅ | ▼ |
| ပဲလွန်းဖြူ | ၁၄၀၀ | ၁၄၀၀ | ■ | ၁၃၃၃ | ၁၅၀၀ | ▲ | - | - | - | ၁၅၂၆ | ၁၅၀၀ | ▼ |
| ထောပတ်ပဲ | ၁၂၅၀ | ၁၅၆၅ | ▲ | ၁၃၀၇ | ၁၃၀၇ | ■ | - | - | - | ၁၁၀၅ | ၁၃၁၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၆-၅-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု | ၁၉/၅ | ၂၆/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၃၀ | ၇၀၀ | ▼ | ၇၉၂ | ၇၇၄ | ▼ | ၇၈၅ | ၇၇၄ | ▼ |
| ပဲစင်းငုံ | ၅၂၀ | ၄၈၅ | ▼ | ၅၆၉ | ၅၆၅ | ▼ | ၆၂၃ | ၆၀၄ | ▼ |
| ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၆၁၁ | ၆၅၀ | ▲ | ၇၂၃ | ၇၄၃ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၀၄၀ | ၁၀၄၀ | ■ | ၈၈၅ | ၈၆၇ | ▼ | ၈၆၉ | ၈၅၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၃.၅.၁၇)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၀.၅.၁၇)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၇) မှ (၂၀.၅.၁၇) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၆၂၁၇၆ | ၂၁၄၈၈ | ၁၈၃၆၆၄ |
| ပဲတီစိမ်း | ၇၂၉၉၀ | ၃၈၀၇ | ၇၆၇၉၇ |
| ပဲစင်းငုံ | ၁၀၁၆၇၉ | ၇၁၈၅ | ၁၀၈၈၆၄ |
| ကုလားပဲ | ၂၃၀၂၉ | ၂၈၁၅ | ၂၅၈၄၄ |
| ပဲလွန်းဖြူ | ၁၀၀၁၈ | ၃၁၉ | ၁၀၃၃၇ |
| မြေထောက်ပဲ | ၆၉၃၅ | ၄၃၉ | ၇၃၇၄ |

## ပြည်ပဲလွန်းဖြူသီးနှံလက်ကျန်နည်းတဲ့ အတွက် အရောင်းအဝယ်အေး

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မေတတိယပတ်မှာ အချို့ပဲများအဝင် မရှိသလို လက်ကျန်လည်း သိပ်မရှိခဲ့တာကြောင့် အရောင်းအဝယ်အေးနေတာ တွေ့ရပါတယ်။ ဒါကြောင့် ပဲလွန်းဖြူသီးနှံ အရောင်းအဝယ်သိပ်မဖြစ်ခဲ့ဘဲ အိတ်အနည်းငယ်သာ ရောင်းဝယ်မှုရှိပြီး လက်လီသမားအချို့ဝယ်ယူကြတာ ကြောင့် တစ်တင်းကျပ် ၂၈၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် ပိုရလာခဲ့ပါတယ်။ လက်လီ ပဲဈေးကွက်မှာ ပဲနီပြား၊ ဘိုကိတ်ပဲများနှင့်နှိုင်းယှဉ် ပါက ပဲလွန်းဖြူသီးနှံဟာဈေးကောင်းရခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က မေလအတွင်း ပဲလွန်းဖြူ တစ်တင်းကျပ် ၂၁၀၀၀ သာရရှိခဲ့လို့ ယခင်နှစ်ထက် လည်း ဈေးကောင်းရနေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲနီပြား လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးငြိမ်

ပြည်ပဲဈေးကွက်ရဲ့ လက်လီရောင်းဝယ်မှုများခဲ့တဲ့ ပဲများအနက် ပဲနီပြား သီးနှံအနေဖြင့် တစ်ရက်အိတ် ၄၀ မှ ၅၀ ကျော် ဝင်ရောက်ခဲ့ပြီး လက်ကျန်ပဲလည်း အသင့်အတင့်ရှိတာကြောင့် လက်လီသမားအပြင် တစ်ခါတစ်ရံ လက်ကားသမား များနဲ့လည်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲဈေးမှာ တစ်တင်းကျပ် ၂၄၀၀၀ ဖြင့်ဈေးငြိမ်နေပြီး လဆန်းရက်ကတည်းက ၎င်းဈေးအတိုင်း ရရှိခဲ့လို့ ယခုချိန်ထိ ဈေးမပြောင်းလဲဘဲ အရောင်းအဝယ်ဖြစ်နေခဲ့ ပါတယ်။ ယခင်နှစ်ကာလတူက တစ်တင်းကျပ် ၂၅၀၀၀ ရရှိခဲ့လို့ ယခုနှစ်ဈေးဟာ ယခင်နှစ်ဈေးထက် လျော့နည်းနေကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

# မေတတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲကြီးသီးနှံများ ပုံမှန်အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မေတတိယပတ်မှာ ပဲမျိုးစုံသီးနှံများ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ပဲအချို့မှာ ပဲအဝင်ရောလက်ကျန်ပါမရှိတော့တဲ့အတွက် အရောင်းအဝယ်မဖြစ်ပေမယ့် အချို့ပဲတွေကတော့ လက်ကျန်ပဲများရှိတာကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပြည်တွင်း၊ ပြည်ပအဓိကအရောင်းအဝယ်များတဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲနဲ့ ပဲကြီးသီးနှံများမှာ ဈေးကွက်အတွင်း အိတ်ရာနှင့်ချီ၍ ရောင်းချခဲ့ကြရကြောင်း ဈေးကွက်မှ သိရပါတယ်။

မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်းနဲ့ပြည်အနီးတစ်ဝိုက်မှ နေ့စဉ်အဝင်ရှိခဲ့တဲ့အတွက် တစ်ရက်အိတ် ၃၀၀မှ ၄၀၀ ဝင်ရောက်လျက်ရှိပါတယ်။ လက်ကျန် ပဲများလည်းရှိတဲ့အတွက် ရန်ကုန်ဝယ်လက်ဝယ်ယူသလောက် ရောင်းချခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၃၁၀၀၀ ဖြင့်ဈေးအနည်းငယ် ပြန်လျော့သွားခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲဈေးမှာ မေလဆန်းဈေးနှုန်းက တစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ဈေးအေးသွားခဲ့ပြီး လလယ်မှာ ဈေးပြန်လှုပ်လာလို့ တစ်တင်း ကျပ် ၃၂၀၀၀ ကျော်ပြန်လည်ရရှိလာခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ဈေးပြန်အေးသွားပေမယ့် အရောင်းအဝယ်ကတော့ နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကာ အိတ် ၄၀၀ ကျော် ရောင်းချခဲ့ကြရကြောင်းသိရပါတယ်။

ပဲစင်းငုံသီးနှံမှာ လက်ကျန်လှောင်ပဲများသာရှိတဲ့အတွက် ရန်ကုန်ဝယ်လက်က ဝယ်ယူနေသော်လည်း နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားသာအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ အရောင်းအဝယ်ဖြစ်သည့်အခါ တိုင်းအိတ် ၃၀၀ ကျော် ရောင်းဝယ်ဖြစ်ခဲ့ကာ တစ်တင်း ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၅၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ် မေလအတွင်းက ပဲစင်းငုံသီးနှံရဲ့ရရှိခဲ့တဲ့ ဈေးနှုန်းမှာ တစ်တင်းကျပ် ၄၉၀၀၀ ကျော် ငါးသောင်းနီးပါး ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးဟာ ယခင်နှစ်ရဲ့ဈေးထက် ထက်ဝက်ကျော်ကျဆင်းခဲ့တာကိုလည်း တွေ့ရပါတယ်။

ယခုကာလတွင် ပဲကြီးသီးနှံမှာ ပြည်ပဝယ်လိုအားမရှိသော်လည်း ပြည်ပဲဈေးကွက်အတွင်းမှာ အရောင်းအဝယ်သွက်နေတဲ့ပဲတစ်မျိုးဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဝင်ရောက်မှုမှာလည်း ပန်းတောင်း၊ ရွှေတောင်၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ်အဝင်ရှိနေတဲ့အပြင် လက်ကျန်ပဲများလည်းရှိနေတဲ့အတွက် လိုသလောက်ရောင်းချနိုင်ပြီး တစ်ရက်အိတ် ၂၀၀ ကျော် ရောင်းချခဲ့ရသည့်ရက်ရှိသလို အဝယ်ပါးသည့်ရက်တွင်တော့ အိတ် ၁၀၀ ကျော် ရောင်းချခဲ့ရတယ်လို့ သိရပါတယ်။ ပဲကြီးကို ပဲကြော်ဖိုလုပ်ငန်းသမားများက အဓိကထားဝယ်ယူလျက်ရှိနေပြီး နယ်ဝယ်လက်သမားများလည်း တစ်ခါတစ်ရံ ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

ဘိုကိတ်သီးနှံမှာ ပဲအဝင်သိပ်မရှိဘဲ လက်ကျန်ပဲအချို့နှင့်လက်လီသမားဝယ်ယူမှုအပေါ် အိတ် ၅၀ ကျော်ရောင်းချခဲ့ရပြီး ပဲဈေးမှာ တစ်တင်းကျပ် ၂၂၅၀၀ ဖြင့် ဈေးငြိမ်နေသလို ပဲပုပ်နှင့်စားတော်ပဲသီးနှံများလည်း ယခင်တစ်ပတ်အတိုင်း ဈေးဆက်ငြိမ်လျက်ရှိပါတယ်။ စားတော်ပဲတစ်တင်းကျပ် ၄၀၀၀၀၊ ပဲပုပ်တစ်တင်းကျပ် ၂၇၀၀၀ ဖြင့်လက်ကျန်ပဲအချို့အား လက်လီဝယ်ယူမှုများနှင့် နေ့စဉ်ရောင်းချမှုရှိခဲ့ပါတယ်။ ဒါကြောင့် မေတတိယပတ်အတွင်း ပြည်ပဲမျိုးစုံ ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံများ ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကျန်ပဲများ အနည်းငယ်စီ လက်လီရောင်းချခဲ့ရကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**



## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး အနည်းငယ်ကျပေမယ့် အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေး ပြန်ကျလာတာတွေ့ရပါတယ်။ ပန်းတောင်းနဲ့ ထုံးဘိုမြို့ဘက်မှ တစ်ရက်ခြား အိတ်၅၀၀ခန့်ဝင်ရောက်လျက်ရှိပါတယ်။ဆီဆန်ကို ဆီစက်သမားများက အဝယ်ရှိပြီး လုံးဆန်ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိနေတာတွေ့ရပါတယ်။ မိုးမြေပဲစိုက်ပျိုးချိန်ဖြစ်ပေမယ့် တောင်သူများက မျိုးပဲများချန်ပြီး အနည်းငယ်ထုတ်ရောင်းချနေသဖြင့် ဈေးကွက်တွင်အဝင်မပြတ်တာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် တစ်ပိဿာကို ကျပ် ၂၀၀ ခန့်ဈေးကျလာပြီး လုံးဆန်(အဖြူ)မှာ တစ်ပိဿာလျှင် ကျပ် ၂၄၅၀၊ လုံးဆန်(အနီ)မှာ တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် စီကျပေမယ့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။ **ဝေဝေမင်း**

## ပြည်ပဲဈေးကွက်မှာ ပြည်ကုလားပဲ အရောင်းအဝယ်အသွက်ဆုံးဖြစ်

ပြည်ပဲဈေးကွက်အတွင်း မေလတတိယပတ်မှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်နေတဲ့ပဲကတော့ ကုလားပဲသီးနှံ ဖြစ်ပါတယ်။ မင်းတုန်း၊ ကံမ၊ ပန်းတောင်းဘက်မှ နေ့စဉ်အိတ် ၂၀၀ ကျော်၊ ၃၀၀ ကျော်ဝင်ရောက်ခဲ့တဲ့အပြင် လက်ကျန်ပဲများရှိတဲ့အတွက် အဝယ်ရှိသလောက် ရောင်းချခဲ့ရကြောင်းသိရပါတယ်။ ခွဲစက်သမားများ အဝယ်ရှိနေတာကြောင့် အိတ် ၄၀၀ကျော်မှ၆၀၀ကျော်အထိ ရောင်းချခဲ့ရပါတယ်။ ဒါကြောင့်ဈေးကွက်အတွင်းမှာ ပြည်ပဝယ်လက်ပဲများထက်ပင် အရောင်း အဝယ်ပိုသွက်လျက်ရှိနေခဲ့ပါတယ်။ ပဲဈေးကတော့ တစ်တင်းကျပ် ၃၈၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်လျော့နည်းသွားခဲ့တာကို တွေ့ရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ထောပတ်ပဲသီးနှံ လက်ကျန်နည်းပြီး ဈေးမြင့်တက်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ ထောပတ်ပဲသီးနှံက ပဲလက်ကျန်လောက်သာ ရောင်းဝယ်မှုဖြစ်နေခဲ့တဲ့အတွက် အရောင်းအဝယ်ဖြစ်မှုနည်းသွားခဲ့တာကို တွေ့ရပါတယ်။ လက်ကျန်နည်းခဲ့လို့ ပဲဈေးမှာ မြင့်တက်လာခဲ့ပြီး တစ်တင်းကို ကျပ် ၂၇၀၀၀ ဖြင့် ယခင်တစ်ပတ်က အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးနှုန်းထက်ပိုရခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲနီပြားနဲ့ထောပတ်ပဲသီးနှံမှာ တစ်တင်းကျပ် ၂၄၀၀၀ဖြင့် ဈေးတူရခဲ့ပြီး ယခုတစ်ပတ်မှာ ပဲနီပြားဈေးဆက်လက်ငြိမ်နေပေမယ့် ထောပတ်ပဲသီးနှံက ဈေးမြင့်တက်လာကြောင်းသိရပါတယ်။ လဆန်းရက်ကလည်း တစ်တင်း ကျပ် ၂၃၅၀၀ သာရရှိခဲ့တဲ့အတွက် ယခုရက်ပိုင်းမှာ ပဲလက်ကျန်ရှားသွားပြီဖြစ်လို့ ဈေးမြင့်တက်လာနိုင်ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၅ . ၅ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO(1) | အလုပ်မလုပ် |
| ထီးတန်းဆိပ်ကမ်း(ဆီဆိပ်ကမ်း) | - MT SKLINE -1 | P.Oil(In Bulk) တန် ၄၇၀၀ ကုန်ချ |
| စက်မှုဆိပ်ကမ်း (၄) | - MCC MERGUI | ကုန်သေတ္တာ ၄၃၈ လုံးကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - DYNAMIC OCEAN-18 | Deformed Bar ၅၇၁၆တန်ကုန်ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - INDUSTRIAL MERCHANT | Pipe Pile ၁၉၆၆ တန်ကုန်ချဆဲ |
| Myanmar Integrated Port Limited | - VIKING CHANCE | Units Vehicle(RO/RO) ၈၀၄ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၁) | - ARCA | ကုန်သေတ္တာ ၁၀၀၆ လုံးကုန်တင်ဆဲ၊ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - GOLDEN SHOWER ACE | အလုပ်မလုပ် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - DING XIANG HAi | Steel & G/C တန် ၃၀၆၂၅ ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | - INFINITY V | Steel Product တန် ၃၀၀၀၀ ကုန်ချဆဲ |
| နန်းသီတာဆိပ်ကမ်း | - TAUNG GYI | G/C တန် ၂၅၀ ကုန်တင်ဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DEL SOL | Vehicle &Steel ၃၆၄၅ တန်ကုန်ချရန် | | ၂၆.၅.၂၀၁၇ |
| BARGE NO 101 TASU | | SITTWE- | ၂၇.၅.၂၀၁၇ |
| LEO STAR-1 | ဆန် ၂၀၅၀၀ တန်ကုန်တင်ရန် | | ၂၇.၅.၂၀၁၇ |
| TUG;SINAR SEMINAR-1 +BG; SINAR-1 | မြေဩဇာ တန် ၃၀၀၀ ကုန်ချရန် | KAWTHONG | ၂၇.၅.၂၀၁၇ |
| DZ QINGDAO | (50)Units Truck & Steel ၃၁၆၉၈ တန်ကုန်ချရန် | | ၂၇.၅.၂၀၁၇ |
| SEA DRAGON | Urea ၅၃၀၃ တန်ကုန်ချရန် | | ၂၇.၅.၂၀၁၇ |
| BLUE SKY | (19)Units CTNR Seafood ၃၅၃တန်ကုန်တင်ရန် | | ၂၇.၅.၂၀၁၇ |
| LE MIN | Steel & Equipment ၁၈၀၅၁ တန်ကုန်ချရန် | | ၂၇.၅.၂၀၁၇ |
| RONG HAI | Fertilizer&Steel ၃၁၀၀၀ တန်ကုန်ချရန် | | ၂၇.၅.၂၀၁၇ |
| TAKE SHIO | Coal ၂၈၀၀၀ တန်ကုန်ချရန် | | ၂၇.၅.၂၀၁၇ |
| ASIAN LEADER | Units Vehicle(RO/RO)၂၈၁ တန်ကုန်ချဆဲ | | ၂၇.၅.၂၀၁၇ |
| EOLUS | Coal(In Bulk) ၃၀၀၀၀ တန်ကုန်ချရန် | | ၂၇.၅.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINOR SOLO | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၅.၅.၂၀၁၇ |
| CHINDWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၅.၅.၂၀၁၇ |
| X-PRESS YAMUNA | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၅.၂၀၁၇ |
| KOTA HARTA | SINGAPORE | စက်မှုဆိပ်ကမ်း၊အေးရှားဝေါလ် | ၂၆.၅.၂၀၁၇ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ် | ၂၆.၅.၂၀၁၇ |
| EVER ABLE | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၂၆.၅.၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၇.၅.၂၀၁၇ |
| MERATUS GORONTALO | SINGAPORE | အေးရှားဝေါလ် | ၂၇.၅.၂၀၁၇ |
| MARENS | SINGAPORE | သီလဝါ၊ စက်မှုဆိပ်ကမ်း | ၂၈.၅.၂၀၁၇ |
| XETHA BHUM | SINGAPORE | သီလဝါ၊ စက်မှုဆိပ်ကမ်း | ၂၈.၅.၂၀၁၇ |
| PATHEIN STAR | SINGAPORE | သီလဝါ၊ အလုံဆိပ်ကမ်း | ၂၈.၅.၂၀၁၇ |
| MCC HALONG | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၉.၅.၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ် | ၂၉.၅.၂၀၁၇ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ် | ၃၁.၅.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.MORHOLMEN | MOGAS 92 RON | - | ၂၅.၅.၂၀၁၇ |
| MT.INTAN PREMIER | ဒီဇယ် | - | ၂၅.၅.၂၀၁၇ |
| MT.GSW FABULOUS | ဒီဇယ် | - | ၂၆.၅.၂၀၁၇ |
| MT.FLY GURNARD | ဒီဇယ် | - | ၂၆.၅.၂၀၁၇ |
| MT.TEAM BEE | ဒီဇယ် | - | ၂၇.၅.၂၀၁၇ |
| MT.MESON | P.Oil(In Bulk) | - | ၂၇.၅.၂၀၁၇ |
| MT.NILUFER SULTAN | ဒီဇယ် | - | ၂၇.၅.၂၀၁၇ |
| MT. PRIMROSE | P.Oil(In Bulk) | - | ၂၇.၅.၂၀၁၇ |
| MT.CHEM BULLDOG | ဒီဇယ် | - | ၂၇.၅.၂၀၁၇ |
| MT.TIRTASARI | P.Oil(In Bulk) | - | ၂၈.၅.၂၀၁၇ |
| MT.OCEAN LARK | ဒီဇယ် | - | ၂၈.၅.၂၀၁၇ |
| MT.OCEAN LYNX | ဒီဇယ် | - | ၂၈.၅.၂၀၁၇ |
| MT.AULAC VENUS | ဒီဇယ် | - | ၈.၅.၂၀၁၇ |

# မေစတုတ္ထပတ် မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက် ပဲတီစိမ်းနဲ့ ပဲကြီး ဈေးအမြင့်နဲ့ အရောင်းအဝယ်သွက်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံသီးနှံများ ဝင်ရောက်လျက်ရှိရာ ပဲတီစိမ်းနဲ့ ပဲကြီးဈေးမှာ ဈေးမြင့် တက်လျက်ရှိပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ ရေဦး၊ ဘုတလင်၊ မုံရွာ၊ ချောင်းဦး စသည့်မြို့နယ်များမှ နေ့စဉ် အိတ် ၂၀၀၀ ကျော် ဝင်ရောက်လျက်ရှိပြီး အဝင်ရှိသလောက် မန္တလေးဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်ပဲတီစိမ်းသီးနှံပေါက်ဈေးနှုန်းမှာ ကျပ် ၃၉၀၀၀ နှုန်း ပေါက်လျက်ရှိပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်တင်းကျပ် ၂၀၀၀ ဝန်း ကျင်ဈေးမြင့်တက်လျက်ရှိကြောင်းသိရပါတယ်။

ပြည်တွင်း ဝယ်လက်ပဲများအနက် ပဲကြီးသီးနှံကဈေးအမြင့်ဆုံး သီးနှံဖြစ်နေကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ပဲကြီးသီးနှံတစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၅၀၀၀၀ မှ ကျပ် ၅၁၀၀၀ နှုန်းပေါက်လျက်ရှိကာ ယခင်တစ်ပတ် နှင့်နှိုင်းယှဉ်ပါက တစ်တင်းကျပ် ၃၅၀၀ ခန့်မြင့်တက် လျက်ရှိကြောင်းသိရပါတယ်။ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ ပဲစင်းငုံနဲ့ မတ်ပဲသီးနှံကတော့ ဈေးငြိမ်လျက်ရှိကြောင်း တွေ့ရပါတယ်။ ယခုတစ်ပတ်ပဲစင်းငုံသီးနှံတစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၂၀၆၀၀ နဲ့ အိတ်၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး မတ်ပဲသီးနှံတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၃၀၇၀၀ နှုန်းပေါက်ကာ အိတ် ၄၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

မုံရွာကုန်စည်ဒိုင်သို့ ကုလားပဲသီးနှံ နေ့စဉ် အိတ် ၁၀၀၀ ကျော်ဝင်ရောက်နေပါတယ်။ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်မှ အဝယ်များပြီး 929 ကို မုံရွာမြို့နယ်ကြာ ဆန်စက်၊ ပဲခွဲစက်များနဲ့ မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကုလားပဲမျိုးစုံတစ်တင်း ပေါက်ဈေးမှာ ကုလားပဲဖြူလုံးကြီး ကျပ် ၄၀၅၀၀၊ 929 ကျပ် ၃၇၂၀၀၊ ထိုင်ဝမ် ကျပ် ၃၆၀၀၀ နှုန်းပေါက်လျက်ရှိကြောင်း သိရပါတယ်။ ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ စွန်တာနီ၊ ပဲနီလုံးကြား၊ ပုဂံ၊ ပဲပုပ်၊ ပဲယင်း၊ စီပီပြောင်း စတဲ့ သီးနှံများလည်း အရောင်း အဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် စွန်တာနီပဲ တစ်တင်း ပေါက်ဈေးမှာ ကျပ် ၂၃၀၀၀၊ပဲနီလုံးကြားကျပ် ၂၄၅၀၀နှုန်းပေါက်ပြီး နေ့စဉ်နှစ်မျိုးပေါင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ယခင်တစ်ပတ်ထက် ဈေးမြင့်လာတာ တွေ့ရပါတယ်။ ပုဂံပဲတစ်တင်းပေါက်ဈေးမှာ ကျပ် ၃၀၀၀၀ နှုန်းနှင့် အိတ် ၁၀၀ ခန့်၊ ပဲယင်းတစ်တင်းပေါက်ဈေးမှာ ကျပ် ၁၈၀၀၀နှုန်းဖြင့် အိတ် ၂၀၀ ခန့်၊ မြေထောက်ပဲတစ်တင်းပေါက်ဈေးမှာ ကျပ် ၃၀၀၀၀ နှုန်းဖြင့် အိတ် ၂၀၀ခန့်၊ စီပီပြောင်း တစ်တင်းပေါက်ဈေးမှာ ကျပ် ၇၁၀၀ နှုန်းဖြင့် အိတ် ၃၅၀ ခန့်၊ ဂျုံဖြူသန့်တစ်တင်းကျပ် ၂၀၀၀၀၊ ထွက်တိုးတစ်တင်းကျပ် ၁၅၅၀၀နှုန်းပေါက်ပြီး နှစ်မျိုးပေါင်းအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်အိတ် ၁၀၀၀ကျော်အဝင်ရှိပြီး မန္တလေးဝယ်လက်အဆွဲရှိ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ ကျပ် ၂၄၀၀ နှုန်းဖြင့် အိတ် ၃၀၀ ခန့်၊ လုံးဆန်နီ တစ်ပိဿာ ကျပ် ၂၃၀၀ နှုန်းဖြင့် အိတ်၃၀၀ ခန့်၊ ဆီဆန် တစ်ပိဿာ ကျပ် ၂၁၀၀ နှုန်းဖြင့် အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။ **ကြည်ကြည်နွယ်-မုံရွာ**

# မေစတုတ္ထပတ်တွင် မုံရွာကုန်စည်ဒိုင်၌ ကုလားပဲ(V2)၊ ပဲစင်းငုံနီ၊ မတ်ပဲ ဈေးဆက်လက်ကျဆင်း

မုံရွာကုန်စည်ဒိုင်၌ မေစတုတ္ထပတ်တွင် ပို့ကုန်ပဲမျိုးစုံများ ဈေးနှုန်းကျဆင်းလျက်ရှိကာ အရောင်းအဝယ်အေးနေကြောင်းသိရသည်။ ရန်ကုန်လိုင်း ပို့ကုန်ဖြစ်သည့် ကုလားပဲဈေးပြန်လည်ကျသွားသည့်အပြင် ပဲစင်းငုံနီ၊မတ်ပဲတို့ ဈေးနှုန်း ဆက်တိုက်ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

ယခင်သီတင်းတစ်ပတ်က ကုလားပဲ (V2) တစ်တင်းလျှင် အမြင့်ဆုံးဈေး ကျပ် ၄၂၅၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၄၁၃၀၀၊ ယခင်သီတင်းတစ်ပတ်က ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၃၇၅၀၀ ရှိရာမှ ယခုတစ်ပတ်တွင်ကျပ် ၃၆၂၀၀၊ ယခင်သီတင်းတစ်ပတ်က 929 တစ်တင်းလျှင် ကျပ် ၃၉၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၈၂၀၀ ပေါက်ဈေးဖြစ်ခဲ့ပြီး ပဲမျိုးစုံ တစ်ရက်အိတ် ၃၀၀၀ဝန်းကျင်ခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါသည်။

ပဲစင်းငုံနီတစ်တင်းလျှင် ယခင်သီတင်းတစ်ပတ်က ကျပ် ၂၁၅၀၀ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၂၀၆၀၀ ဖြင့် တစ်ရက်အိတ် ၁၀၀၀-၁၅၀၀ ဝန်းကျင်ခန့်နှင့် မတ်ပဲတစ်တင်းလျှင် ယခင်သီတင်းတစ်ပတ်က ကျပ် ၃၂၂၀၀ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၁၃၀၀ ဖြင့် တစ်ရက်အိတ် ၄၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် စိမ်းကြီး တစ်တင်း ကျပ် ၃၉၅၀၀ အထိ အမြင့်ဈေးပေါက်ခဲ့ပြီး တစ်ရက်အိတ် ၁၅၀၀-၂၀၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဈေးကွက်မှ သိရှိရပါသည်။

ယခုတစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့တဲ့ ကျန်ပြည်တွင်း သုံးလက်လီပဲဈေးတွေအနေနဲ့ အနည်းငယ်သာဈေးနှုန်း အတက်အကျရှိခဲ့ရာ စွန်တာနီတစ်တင်းကျပ် ၂၂၀၀၀၊ ထောပတ်ပဲ တစ်တင်း ကျပ် ၂၃၀၀၀၊ ပဲကြီးတစ်တင်း(ကြီး) ကျပ် ၄၉၀၀၀၊ (သေး) ကျပ် ၄၅၀၀၀၊ ပဲနီလုံးကြား တစ်တင်း ကျပ် ၂၃၅၀၀၊ ပဲပုပ်စေ့ တစ်တင်း ကျပ် ၃၀၀၀၀၊ ပဲယင်းဝါ ကျပ် ၁၈၀၀၀၊ ပုဂံပဲ တစ်တင်းကျပ် ၃၁၀၀၀၊ မြေထောက်ပဲ တစ်တင်း ကျပ် ၃၀၀၀၀ အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက်လျှင် အိတ် ၂၀၀၊ ၃၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါသည်။

**လင်းလင်းသန့်**

# ပြည်မန်ကျည်းမှည့် ဒေသတွင်းသာ စီးဆင်းပြီး နယ်တင်ပို့မှုနည်း

ပြည်(ရခိုင်ပွဲရုံ) မန်ကျည်းမှည့်ဈေးကွက်တွင် မန်ကျည်းမှည့်ဝင်ရောက်မှုမှာ ပြည်ဒေသတစ်ဝိုက်နဲ့ ဝန်းကျင်နယ်များမှ ဝင်ရောက်မှုများနေသော်လည်း ဈေးနှုန်းလုံးဝကျဆင်းလာခြင်းမရှိဘဲ တစ်နယ်နှင့်တစ်နယ်တင်ပို့ကုန် အရည်အသွေးမတူဘဲ ဈေးငြိမ်လျက်ရှိနေပါတယ်။ ဒေသတွင်းသုံးစွဲသူတို့ရဲ့ ဝယ်လက်နဲ့ ရန်ကုန်ဘက်သို့ယခုတစ်ပတ်အတွင်း နေ့စဉ်တင်ပို့နေရကြောင်းလည်း သိရပါတယ်။ ဟသ်ာတ၊ ကြံခင်း၊ မြန်အောင်မှ ဝင်ရောက်လာသော (အသား) ခေါလှိုးများ ဈေးမြင့်ပြီး ပြည်ဒေသထွက် အစေ့ပါမန်ကျည်းမှည့်များ ရန်ကုန်သို့ တင်ပို့ရကြောင်းလည်း သိရပါတယ်။ မန်ကျည်းမှည့်တစ်ပိဿာ ပွဲရုံဈေး အစေ့လွတ် ကျပ် ၂၅၀၀၊ (အစေ့ပါ) ကျပ် ၂၀၀၀ ဈေးတို့ဖြစ်ပြီး၊ လက်လီဈေး (အစေ့လွတ်) ကျပ် ၃၀၀၀ နှင့် (အစေ့ပါ) ကျပ် ၂၄၀၀တို့ဖြစ်ကြောင်း တွေ့ရပါတယ်။

**နီနီဝင်း**

## ကြက်သွန်နီ

### မုံရွာကြက်သွန်နီဈေးကွက် မေစတုတ္ထပတ်တွင် ဈေးငြိမ်

မုံရွာ(ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီ ဈေးကွက်မှာ ပွဲရုံသို့ ကြက်သွန်နီ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာချိန် ၂၀၀၀၀ ခန့် အဝင်ရှိပြီး၊ မုံရွာပွဲရုံများမှ ဒေသတွင်းအိတ်ဆွဲများနှင့်မြစ်ကမ်းတစ်လျှောက် ဟုမ္မလင်း၊ ခန္တီးမြို့များအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်မှုများရှိပြီး၊ အရောင်းအဝယ်ပုံမှန်ဖြစ်ကာ ဈေးငြိမ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲရုံများ၌လက်ကားတစ်ပိဿာ(ကြီး)ကျပ်၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၆၅၀ လက်လီတစ်ပိဿာ(ကြီး) ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး) ကျပ် ၈၀၀ နှုန်းပေါက်ပြီး၊ ယခင်တစ်ပတ် လက်ကားတစ်ပိဿာ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၆၅၀ နှုန်းရှိပြီး လက်လီဈေးနှုန်းတစ်ပိဿာ (ကြီး) ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး) ကျပ် ၈၀၀ နှုန်းပေါက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအတက်အကျမရှိ ဈေးငြိမ်လျက်ရှိကြောင်းသိရှိရပါတယ်။ ကြက်သွန်ဖြူ ဈေးကွက်တွင် မုံရွာပွဲရုံသို့ ကြက်သွန်ဖြူ ပိဿာချိန် တစ်ထောင်ခန့် အဝင်ရှိပြီး ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာဈေးနှုန်းမှာ ပွဲရုံဈေး (ဗမာ)ကျပ်၄၀၀၀၊ (ရှမ်း)ကျပ် ၃၀၀၀၊ လက်လီဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊(ရှမ်း) ကျပ် ၃၅၀၀ နှုန်းပေါက်လျက် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်ဖြူပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်-မုံရွာ**

### တရုတ်နယ်စပ်မှ ကြက်သွန်နီပိုမိုတင်ပို့ပြီး ထိုင်းနယ်စပ်မှ လျော့နည်းတင်ပို့

မေ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၆ သန်း တန်ဖိုးရှိကြက်သွန်နီ ၁၄၀၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၈၉ တန်နဲ့ နှိုင်းယှဉ်ပါက ၇၁၂ တန်ပိုမိုတင်ပို့ ခဲ့တာ တွေ့ရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ ၄၆၉၁၇ တန်ဖိုးရှိ ကြက်သွန်နီ ၁၂၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၅၀၇၅၀တန်ဖိုးရှိကြက်သွန်ဖြူတန် ၁၇၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ကြက်သွန်နီ ၃၅၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၃၁ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မေ ၁၅ ရက် ကြက်သွန်နီ(အသစ်) တစ်ပိဿာကို ကျပ် ၆၀၀ မှ ၈၂၅၊ ကြက်သွန်ဖြူ (အောင်ပန်း) တစ်ပိဿာကို ကျပ် ၂၆၀၀မှ ၃၅၀၀ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**



### ပြည်ကြက်သွန်နီ အဝင်များပေမယ့် အရောင်းအဝယ်အေး

ယခုတစ်ပတ်ပြည်ကြက်သွန်နီဈေးကွက်မှာ ဈေးနှုန်းအနည်းငယ်ကျဆင်းကာ အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရှိရပါတယ်။ ဈေးကွက်အတွင်းသို့ ရေနံချောင်း၊ ပခုက္ကူ၊ မကွေး၊ တောင်တွင်း၊ အောင်လံစတဲ့နယ်စုံမှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၁၀၀၀ ခန့် ဝင်ရောက်နေတာ တွေ့ရပါတယ်။ အဝင်များပေမယ့် အရောင်းအဝယ်အေးနေတဲ့အတွက် ဈေးကွက်အတွင်းရှိ ပွဲရုံများတွင် ပစ္စည်းလက်ကျန်များနေကြောင်း သိရပါတယ်။ ဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် တစ်ပိဿာလျှင် ပျမ်းမျှ ကျပ်၁၅၀ခန့်ကျဆင်းသွားကာ လက်ကား(ကြီး/လတ်) တစ်ပိဿာကို ကျပ် ၈၀၀မှ ၉၀၀၊ (အသေးစ) ကျပ် ၇၅၀ တို့ရှိပြီး လက်လီဈေးတွင် တစ်ပိဿာလျှင်(ကြီး/လတ်) ကျပ် ၁၀၀၀-၁၁၀၀- ၁၂၀၀၊ (အသေးစ)ကျပ်၈၀၀မှ ကျပ် ၉၀၀စသည်ဖြင့်အသီးသီးရောင်း ဝယ်လျက်ရှိနေတာတွေ့ရပါတယ်။ ဈေးနှုန်းအားဖြင့် ယခင်နှစ်ကာလတူဈေးနှုန်း တစ်ပိဿာလျှင် ကြက်သွန်နီ(အလတ်စ) ကျပ် ၆၅၀မှ ကျပ် ၇၀၀ ရှိသည့်အတွက် နှိုင်းယှဉ်ကြည့်ပါက အနည်းငယ်ပိုမိုကာ ဈေးကောင်းလျက်ရှိနေသေးကြောင်း တွေ့ရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ချင်း

### ရှမ်းချင်းမျိုးအတွက်သာ အရောင်းအဝယ်ဖြစ်

ရှမ်းပြည်နယ်တောင်ပိုင်းမှ အများဆုံးထွက်ရှိတဲ့ ချင်းကိုကလောမြို့နယ်နဲ့ တောင်ကြီးမြို့နယ်တွေမှာ ပြန်လည်စိုက်ပျိုးလျက်ရှိရာ ကလောမြို့နယ်မှာ စိုက်ပျိုးချိန်စောပြီး၊ တောင်ကြီးမြို့နယ်မှာ နောက်ကျကြောင်းသိရပါတယ်။ ယခုနှစ်မှာ ထွက်ရှိတဲ့ ချင်း(စို)ကတော့ လက်ကျန်တွေရှိနေပါတယ်။ ဒီနှစ်က ချင်းရော နနွင်းပါ ပြည်ပဝယ်လက်တွေရှိခဲ့တာကြောင့် အရောင်းအဝယ်လည်း ကောင်းခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် ပြည်ပဝယ်လက်က ဝယ်လိုက်၊ နားလိုက်နဲ့ဆိုတော့ လက်ကျန်တွေရှိနေသေးတယ်လို့ သိရပါတယ်။ ဟိုပုံးချင်းဈေးကွက်မှာလောလောဆယ် အရောင်းအဝယ်သိပ်ပြီးမဖြစ်ပေမယ့် ပြန်စိုက်ကြမယ့် တောင်သူတွေက မျိုးအဖြစ် ပြန်လည်ဝယ်ယူနေတာကြောင့် မျိုးချင်းတစ်ပိဿာကို ကျပ် ၅၀၀ နဲ့ ရောင်းချနေတယ်လို့သိရပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၁၁၀၀ မှ ကျပ် ၁၂၀၀ ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ပုံမှန်အရောင်းအဝယ်ရှိနေပြီး ဈေးပတ်သမားတွေသာအဝယ်ရှိနေတယ်လို့သိရပါတယ်။ ပြန်လည်စိုက်ပျိုးပြီးပေမယ့်ချင်း(စို) ကလက်ကျန်တွေကျန်ရှိနေသေးတယ်လို့လည်းသိရပါတယ်။ ဥမတွေမပေါ်ခင်မှာတော့ ရောင်းအားအနည်းငယ်ရှိပေမယ့် ဥမတွေပေါ်လာရင်တော့ ဝယ်လက်တွေက ဥမတွေကိုသာ ပိုပြီးဝယ်ကြတယ်လို့လည်း ချင်းပွဲရုံတွေထံမှသိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို) ကတစ်ပိဿာကိုအနိမ့်ဆုံး ကျပ် ၂၅၀ မှ အမြင့်ဆုံးကျပ် ၅၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၁၃၀၀ မှ ကျပ် ၁၄၀၀ အထိ ဈေးအတက်အကျရှိတယ်လို့လည်း အောင်ပန်းချင်းပွဲရုံတွေထံမှ သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

### တရုတ်နယ်စပ်မှ ချင်းခြောက်နဲ့ ဘင်္ဂလားနယ်စပ်မှ ချင်းစိုတင်ပို့

မေ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၁၁၆၅ တန်ဖိုးရှိ ချင်းခြောက် ၁၇တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၈၅တန် ကျော်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် စစ်တွေကုန်သွယ်ရေး စခန်းမှအမေရိကန်ဒေါ်လာ ၁၁၄၀၀ တန်ဖိုးရှိ ချင်းစို ၁၅ တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၃၂၄၀၀ တန်ဖိုးရှိ ချင်းစို ၁၃၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ချင်းတင်ပို့မှုမရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

### ချင်းတန်ချိန် ၅၀၀ ကျော်တင်ပို့

မေလ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း ချင်း၅၂၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၂၂ တန်၊ စင်ကာပူနိုင်ငံသို့ ၅၄ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၄၅၂တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့၁၅တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၁၀ ကျော် ပိုမိုတင်ပို့ နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၃၅၄၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း (DOT)**

### ပြည်ချင်းအဝင်နည်းပေမယ့် ဈေးနှုန်းပုံမှန်သာရှိ

ယခုမေလနောက်ဆုံးပတ်အတွင်း ပြည်ချင်းဈေးကွက်သို့ အောင်ပန်းချင်း ပိဿာ ၃၀ ဝင်အိတ် ၃၀ ခန့်သာ အဝင်ရှိတဲ့အတွက် မေတတိယပတ်မှစ၍အရောင်းအဝယ်ပါးလာသလို ပြည်ဈေးကွက်မှာ ပစ္စည်းလည်းရှား၊ အရောင်းအဝယ်ကလည်း ခပ်ပါးပါးဖြစ်ပေမယ့် ဈေးနှုန်းမှာ ပုံမှန်အတိုင်းသာရှိနေပါတယ်။

တစ်နေ့ကို ပိဿာချိန် ၁၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်ပါတယ်။ ပြည်ဈေးကွက်မှာ ချင်းတစ်ပိဿာလျှင် (ရှယ်) ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀၊ (ဂွန်) ကျပ် ၅၀၀မှ ကျပ် ၇၀၀ တို့ဖြင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်သို့လည်း ယခုတစ်ပတ်တွင် စားသုံးမှုအဖြစ် ဈေးကွက်မှတစ်ဆင့် နေ့စဉ် ပိဿာချိန် ၁၂၀ခန့် တင်ပို့ခဲ့ကြောင်းသိရပါတယ်။

**ဝင်းဝင်းခိုင်**

## နနွင်း

### နနွင်းတန်ချိန် ၂၄၀ ကျော်တင်ပို့

မေလ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၂၄၃ ဒသမ ၅၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၈၇ ဒသမ ဝ၄ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ တန်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့၅၆ တန်၊ မလေးရှားနိုင်ငံသို့ ၂၈ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၁၆ ဒသမ ၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး ဒုတိယအများဆုံးက ဘင်္ဂလားဒေ့ရှ်နဲ့ဘူလ်ဂေးရီးယားနိုင်ငံတို့ဖြစ်ပါတယ်။ တစ်တန်ကို ပျမ်းမျှ အမေ ရိကန်ဒေါ်လာ ၇၇၀-၇၇၅ ရရှိခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၈၀၃၃ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**

### ရှမ်းနနွင်း ပုံမှန်အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းကတော့ ပုံမှန်သာ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်က နနွင်းတွေကိုတော့ ပြည်ပတင်ပို့ဖို့အတွက် ဝယ်ယူမှုနည်းသွားတယ်လို့ဆိုပါတယ်။ ထိပ်စလို့ခေါ်တဲ့ နနွင်းနီကတော့ ဈေးကွက်ဝင်ဖြစ်ပြီး ပြည်ပဝယ်လက်တွေကလည်း ကြိုက်နှစ်သက်ကြပါတယ်။ နနွင်းနီမျိုးထဲမှာ ဆင်တောင်နနွင်း၊ တောင်ပို့လ(ထိပ်စ)နဲ့ဟိုပုံးနနွင်း(ထိပ်စ) တို့ပါဝင်ပါတယ်။ အဲဒီ အနီမျိုးတွေကို ပြည်ပဝယ်လက်တွေကြိုက်ပြီး အဝါရောင် (လတ်စ)ကိုတော့ နနွင်းအမှုန့်ကြိတ်ဖို့အတွက် ပြည်တွင်းဝယ်လက်တွေက ဝယ်ယူပါတယ်။ အရောအနှော (ညှံ့) စတွေကိုလည်း တစ်ခါတစ်ရံမှာ ဝယ်လက်တွေက အနီရောင် (ထိပ်စ)နဲ့ ရောကြိတ်ဖို့ဝယ်ယူလျက်ရှိသလို၊ ခြင်ဆေးခွေလုပ်ဖို့အတွက်လည်း ဝယ်ယူနေတယ်လို့သိရပါတယ်။ နနွင်းကို အသုံးပြုတဲ့ အိမ်နီးချင်းနိုင်ငံတွေကို တင်ပို့ဖို့အတွက် ဒီနှစ်မှာ အဝယ်လိုက်လာတယ်လို့လည်း ဈေးကွက်မှသိရှိရပါတယ်။ ဟိုပုံးဈေးကွက်မှာလည်း နံပါတ် ၁ လို့ခေါ်တဲ့ နနွင်းနီထိပ်စက ပိုပြီး အရောင်းသွက်တယ်လို့ သိရပါတယ်။ အရောတွေကိုတော့ အမှုန့်ကြိတ်ဖို့အတွက် အနည်းငယ်ဝယ်ယူနေပြီး၊ ဟိုပုံးနနွင်းဈေးကွက်မှာ ထိပ်စတစ်ပိဿာပေါက်ဈေးက ကျပ် ၂၃၀၀ မှ ကျပ် ၂၅၀၀ (ဝါ/ရော) က ကျပ် ၁၄၀၀ မှကျပ်၁၅၀၀ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးတွေက အနိမ့်ဆုံး ကျပ် ၁၃၀၀ မှ အမြင့်ဆုံးကျပ် ၃၀၀၀ ဈေးရှိပါတယ်။ **ဧခိုင်-တောင်ကြီး**

# ကုန်သွယ်မှုသင်တန်း တက်ရောက်ခဲ့သူတို့၏ တုံ့ပြန်သံများ

■ သိန်းမြင့်ဝေ



ဦးသိန်းမြင့်ဝေ

ကျွန်တော်ကတော့ သင်တန်းဆရာ ဦးသိန်းမြင့်ဝေ ဖြစ်ပါတယ်။ ဒီသင်တန်းကျောင်းရဲ့ သင်ကြားရေး တာဝန်ခံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute - TTI) ကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာ ဖွင့်လှစ်ထားပါတယ်။ နေရာကတော့ ရန်ကုန်မြို့၊ ကမ်းနားလမ်းနဲ့ ရွှေဘုံသာလမ်းထောင့်မှာရှိတဲ့ ရန်ကုန် ပို့ကုန်သွင်းကုန်ရုံးရဲ့ စတုတ္ထထပ်မှာ တည်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း (International Trade Basic Course) ကို ရုံးဖွင့်ရက်ဖြစ်တဲ့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တွေမှာ ပို့ချသလို ရုံးပိတ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေနေ့တွေမှာလည်း ဖွင့်လှစ်ပို့ချနေပါတယ်။

လက်ရှိတက်ရောက်နေတဲ့ သင်တန်းသားတွေရဲ့ စကားသံတွေကိုတော့ Commerce Journal မှာ အခန်းဆက်နဲ့ ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ သင်တန်းပြီးဆုံးသွားတဲ့ သင်တန်းသား၊ သင်တန်းသူတွေရဲ့ တုံ့ပြန်သံတွေ (Feedbacks) ကို စုစည်းဖော်ပြပေးလိုက်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံ သင်တန်းအပြင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဒီပလိုမာသင်တန်း (International Trade Diploma Course) ကိုလည်း တိုးချဲ့ဖွင့်လှစ်ရန်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါတယ်။



ကိုပိုင်စိုး

ကျွန်တော်ကတော့ TTI Batch (4) မှာ တက်ရောက်သင်ကြားခဲ့တဲ့ ကိုပိုင်စိုးဖြစ်ပါတယ်။ ဆေးဝါးလက်လီ / လက်ကား ရောင်းချဖြန့်ချိသူ အရောင်းကိုယ်စားလှယ်အနေနဲ့ လုပ်ကိုင်နေသူ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်ပါတယ်။

သင်တန်းမှာ သင်ကြားမှုကို ဌာနဆိုင်ရာ အသီးသီးမှ တတ်ကျွမ်းနားလည်တဲ့ ပညာရှင်များ၊ စီးပွားရေး တက္ကသိုလ်မှ ဆရာ၊ ဆရာမကြီးများ၊ တခြားသော ကုန်သွယ်မှုနယ်ပယ်မှ ကျွမ်းကျင်သူများက သီအိုရီရော၊ လက်တွေ့ပါ သင်ကြားပေးခဲ့ပါတယ်။ သင်တန်းမှာ Importance of Trade & International Trade Theory, Economic Policies အပြင် Company Establishment, Registration & Extension, Exporter & Importer Licences & Application, နိုင်ငံတကာမှ ဈေးကွက်ရှာဖွေမှုပုံစံ၊ Sale Contract, Incoterms, FDA Certificate, Customs နဲ့ ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းများ၊ Business Law, Business Ethics, Market Research နှင့် Logistics တို့ကိုသင်ကြားပေးခဲ့ပါတယ်။ ဒါ့အပြင် SME Development, Stock Exchange တို့ကိုလည်း သင်ကြားပေးခဲ့ပါတယ်။

သင်တန်းမှာ လစဉ် Business talk ကိုလည်း ပညာရေးနှင့် စီးပွားရေးလောကမှ အထင်ကရ ဆရာကြီးများ ကို ဖိတ်ကြားပြီး လာရောက်ဟောပြောသင်ကြားပေးတဲ့အတွက် စီးပွားရေး စိတ်ကူးအကြံအစည်တွေ၊ နိုင်ငံတကာမှာ လုပ်ကိုင် ဆောင်ရွက်နေတဲ့ စီးပွားရေးအကြောင်းတွေ၊ အသိဉာဏ်တွေရရှိခဲ့ပါတယ်။ Business Trip မှလည်း Export Quality လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများ၊ စက်ရုံများ၊ ဆိပ်ကမ်းကြီးများ၊ နယ်စပ် ကုန်သွယ်ရေးစခန်းများသို့ သွားရောက်လေ့လာရတဲ့အပြင် ဌာနဆိုင်ရာအသီးသီးမှ တတ်သိပညာရှင်တွေ၊ စီးပွားရေးနယ်ပယ်မှ ပညာရှင်၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ စသည်ဖြင့် အဆက်အသွယ်ကွန်ရက်တစ်ခု (Network) ရရှိနိုင်ခဲ့ပါတယ်။

ဒီသင်တန်းတက်ရောက်ပြီးတဲ့ နောက်ပိုင်းမှာ ကိုယ်တိုင်ကုမ္ပဏီထူထောင်ကာ ပြည်ပမှ Supplier ရှာကာ ဆေးဝါးတင်သွင်းဖို့ လုပ်ဆောင်ခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ အိန္ဒိယမှ ဆေးဝါး စက်ရုံများနှင့် ချိတ်ဆက်ကာ အိန္ဒိယကို သွားရောက်ပြီး ဆေးဝါးစက်ရုံများကို လေ့လာခဲ့ပါတယ်။ ပြီးတဲ့နောက်မှာ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (FDA) မှာမှတ်ပုံတင်ပြုလုပ်ပြီး တင်သွင်း ဖြန့်ဖြူးရောင်းချနေပါပြီ။ ဒါကြောင့် ဒီသင်တန်းကို တက်ရောက်ပြီး လက်တွေ့လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။



မယဉ်ချောစုတင်မြင့်

ကျွန်မကတော့ TTI Batch 8 မှာ တက်ရောက်ခဲ့တဲ့ မယဉ်ချောစုတင်မြင့်ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ အရင်က စီးပွားရေးလုပ်ငန်းတွေ လုပ်သာလုပ်နေရတယ်။ ဌာနဆိုင်ရာနဲ့ ဆက်စပ်တဲ့ လုပ်ငန်းတွေ၊ လိုင်စင်လျှောက်ထားတာတွေမှာ ဘယ်လိုဆက်သွယ်ရမလဲ၊ ဘာတွေလုပ်ပေးနိုင်မှန်းလည်း မသိခဲ့ပါဘူး။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနဲ့ ပတ်သက်ပြီးတော့လည်း သေသေချာချာ မသိခဲ့ရပါဘူး။

အခု အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး သင်တန်းတက်ရောက်ခဲ့ပြီးတဲ့နောက်မှာတော့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအကြောင်း သိရှိလာခဲ့ပါတယ်။ ကိုယ့်လုပ်ငန်းမှာ လိုအပ်တာတွေကို သိရှိလာပါတယ်။

ဒါ့အပြင် အစိုးရဌာနတွေမှာ လိုင်စင် လျှောက်တာတွေနဲ့ပတ်သက်ပြီး လုပ်ငန်းစဉ်တွေကို သိရှိလာရပါတယ်။ လိုင်စင် မလျှောက်ခင် ဘာတွေကြိုပြီး ပြင်ဆင်ရမလဲဆိုတာ သိပါတယ်။

အကုန်လုံးကိုခြုံပြီး ပြောရမယ်ဆိုရင် ဒီသင်တန်းက စီးပွားရေးစတင် လုပ်ကိုင်မယ့်သူတွေ၊ လက်ရှိ လုပ်နေတဲ့သူတွေအတွက် အကျိုးကျေးဇူးများစွာရရှိစေပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်နေတဲ့သူတွေ တက်ရောက် သင့်တဲ့သင်တန်းတစ်ခုလည်း ဖြစ်ပါတယ်။

သင်ကြားပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမများ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်ရှင့်။



ကိုရဲနိုင်စိုး

ကျွန်တော်ကတော့ စိမ်းလန်းရတနာ ကုမ္ပဏီလီမိတက်က ဒါရိုက်တာ ကိုရဲနိုင်စိုး ဖြစ်ပါတယ်။ TTI Batch (8) ကို တက်ရောက်ခဲ့ပါတယ်။

ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် ယခင်က ပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းရာတွင် သွင်းကုန်လိုင်စင် လျှောက်ထားရာမှာ နားလည်တတ်ကျွမ်းမှုမရှိတဲ့အတွက် အေးဂျင့်ငှား၍ ဆောင်ရွက်ခဲ့ရပါတယ်။ TTI မှ ဖွင့်လှစ်သော International Trade Basic Course ကို တက်ရောက်ခဲ့ရာ သင်တန်းတွင် သွင်းကုန်လိုင်စင်လျှောက်ထားပုံ အဆင့်ဆင့်နှင့် လိုအပ်သော စာရွက်စာတမ်းများကို ဆရာများက စနစ်တကျ အသေးစိတ်သင်ကြားပေးသဖြင့် လိုင်စင်လျှောက်ထားမှုကို ကောင်းစွာ သိရှိနားလည်သွားပါတယ်။ ဒါကြောင့် ယခုအခါ ကုမ္ပဏီမှ ပစ္စည်းများတင်သွင်းတဲ့အခါ အေးဂျင့်မလိုအပ်တော့ဘဲ ကိုယ်တိုင်ဆောင်ရွက်နိုင်သဖြင့် ပိုမိုအဆင်ပြေထိရောက်မှုရှိပြီး အပိုကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်ခဲ့ပါတယ်။

နောက်တစ်ချက်ကတော့ စီးပွားရေးလုပ်ဖို့ ပိုပြီး အမြင်ကျယ်လာတယ်လို့ ခံစားမိပါတယ်။ လုပ်ထုံးလုပ်နည်းတွေ စုံစုံလင်လင် သိခဲ့ရတဲ့အတွက် ဆောင်ရန်၊ ရှောင်ရန်တွေကို ပိုပြီးသတိပြုမိလာပါတယ်။ ဝန်ကြီးဌာနတွေက ဖွင့်တဲ့ သင်တန်းတွေထဲမှာ အလွန်ထိရောက်အကျိုးရှိတဲ့ သင်တန်းတစ်ခုဖြစ်ပါတယ်။



ကိုလွင်အောင်

ကျွန်တော့နာမည်က လွင်အောင် ဖြစ်ပါတယ်။ TTI Batch (2) ကျောင်းသားဟောင်း တစ်ယောက်ဖြစ်ပါတယ်။ ဒီကုန်သွယ်ရေး သင်တန်းကျောင်းမှာ နိုင်ငံတကာနှင့် ကုန်သွယ်ခြင်းသာမက ပြည်တွင်းထွက်ကုန် ပစ္စည်းများ နိုင်ငံတကာသို့ တင်ပို့နိုင်တဲ့အထိ လေ့လာသင်ယူခွင့်ရရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute မှာ ဌာနဆိုင်ရာ အသီးသီးမှ လာရောက် သင်ကြားပြသသော ဆရာ၊ ဆရာမများဟာ သီအိုရီပိုင်းဆိုင်ရာနဲ့ လက်တွေ့ပိုင်းတွေကိုပါ တတ်ကျွမ်းသောဆရာ၊ ဆရာမများ ဖြစ်ကြပါတယ်။

ဒါကြောင့် ပို့ကုန်သွင်းကုန် လုပ်ထုံး လုပ်နည်းများ၊ ငွေလွှဲငွေပို့ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အခြားသော အသေးစိတ်လုပ်ငန်းကိစ္စများကို သိရှိခွင့် ရခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတကာ ကုန်သွယ်ရေး ဥပဒေပညာရပ်များကိုလည်း အခြေခံမှသည် အသင့်အတင့်သိခွင့်ရရှိပြီး နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ကိုင်ဖို့အတွက် အခွင့် အရေးပေါင်းများစွာရရှိနိုင်တဲ့ သင်တန်းကျောင်းဖြစ်ပါတယ်။

ကျွန်တော်က လက်ရှိ Great Golden Mountain Co.,Ltd ရဲ့ အုပ်ချုပ်မှု ဒါရိုက်တာ ဖြစ်ပါတယ်။ ယခုကျွန်တော် ကိုယ်ပိုင်စီးပွားရေး (Trading) လုပ်ငန်း လုပ်ကိုင်နေပါတယ်။ ကျွန်တော့်ကုမ္ပဏီရဲ့ ကုမ္ပဏီ မှတ်ပုံတင်ခြင်းမှသည် နိုင်ငံတကာမှ တင်သွင်းနိုင်ရန် စသည်ဖြင့် ကုမ္ပဏီနဲ့ ပတ်သက်တဲ့ကိစ္စ အားလုံးကို ကိုယ်တိုင်လုပ်နိုင်ခဲ့ခြင်းမှာ ကုန်သွယ်ရေးသင်တန်းကျောင်းရဲ့ လက်တွေ့ကျကျသင်ပြ၊ ညွှန်ပြပေးနိုင်မှုတွေကြောင့် ကျွန်တော် ကုန်သွယ်မှုနှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းလာရခြင်းဖြစ်ပါတယ်။

ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးကို နားလည်တတ်ကျွမ်းကြဖို့ ကုန်သွယ်ရေးသင်တန်းကျောင်းကို တက်ရောက်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

## ခာတ်ဆီ/ဒီဇယ်

## ယခုတစ်ပတ် ဒီဇယ်၊ ခာတ်ဆီ တန်ချိန် တစ်သိန်းကျော်ဝင်

မေ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၄၀၂၇၃၆၀ တန်ဖိုးရှိ ဒီဇယ် ၇၃၁၁၈ ဒသမ ၇၄၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၃၆၂၇၂၃၇ တန်ဖိုးရှိ ခာတ်ဆီ ၄၃၁၀၄ ဒသမ ၂၈၇ တန်၊စုစုပေါင်းခာတ်ဆီ ၊ ဒီဇယ် ၁၁၆၂၂၃ ဒသမ ၀၃၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၁၆၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၁၁၅၀၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ် ခာတ်ဆီအဝင် တန်ချိန် ၃၃၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခာတ်ဆီတန်ချိန် ၉၈၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ခာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်းနဲ့ (92)တို့ဈေးငြိမ်နေပြီး (95) မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၇၁၀၊ အောက်တိန်း (92) ကျပ် ၇၁၀ ၊ အောက်တိန်း (95) ကျပ် ၇၆၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၃၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၂၂ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၄၀၀၀၀၊ ရောင်းဈေး ကျပ် ၁၄၂၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာမှ မေ ၂၅ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကဈေးနဲ့ နှိုင်းယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး အပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။ မေလ ၂၂ ရက်မှာ ခာတ်ဆီဝယ်ဈေးကျပ်၁၅၉၀၀၀၊ ရောင်းဈေး ကျပ် ၁၆၂၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ မေ ၂၅ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ်၁၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ် ကျပ် ၃၀၀၀၊ ခာတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါ တယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ၊အောက်တိန်း (92)နဲ့ အောက်တိန်း(95) မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၅၀၊ ဒီဇယ် ကျပ် ၇၃၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၅၀၊ အောက်တိန်း (92) ကျပ် ၇၅၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၂၂ ရက် မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၃၀၀၀၊ ရောင်းဈေး ကျပ် ၁၄၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မေ ၂၅ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ မေ ၂၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၀၀၀၀၊ ရောင်းဈေးကျပ် ၁၆၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မေ ၂၅ ရက်တွင် ဝယ်ဈေး ဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး ကျပ် ၃၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၀၀၀၊ ဓါတ်ဆီ ကျပ်၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်ပြီး ခာတ်ဆီဈေးငြိမ်နေပေမယ့် အဆင့်မြင့်ဒီဇယ် ဈေးနည်းနည်းမြင့်ပြီး ၊ အောက်တိန်း (92) နဲ့ အောက်တိန်း (95)တို့ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ခာတ်ဆီကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၃၄၂၀ ၊ အောက်တိန်း(92) ကျပ် ၃၃၃၀၊ အောက်တိန်း (95) ကျပ် ၃၅၃၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92) တစ်ဂါလံကျပ် ၃၄၀၀၊ အောက်တိန်း (95)တစ်ဂါလံကျပ် ၃၄၈၈ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၇၀၊ အောက်တိန်း (92) ၇၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရ ပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ်၃၃၀၀၊ အောက်တိန်း (92) ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ဈေးအမြင့်ဖြင့်ငြိမ်နေ

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ ဈေးအမြင့်ဖြင့် ငြိမ်နေကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့ပြီးနောက် အဆိုပါဈေးအတိုင်း ဆက်လက်တည်ရှိနေပြီး အရောင်းအဝယ်များ ဖြစ်လျက်ရှိကြောင်း သိရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗဟိုဘဏ်ကလည်း မေ ၂၂ ရက်က ရည်ညွှန်းငွေလဲနှုန်းကို ၁၃၆၇ ကျပ်သတ်မှတ်ခဲ့ပြီး မေ ၂၃ ရက်တွင် ၁၃၆၅ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

"ဒီတစ်ပတ်မှာ ငွေလဲနှုန်းက ပြီးခဲ့တဲ့တစ်ပတ်ကအတိုင်းပဲ။ ဈေးအတက်အကျသိပ်မရှိဘူး။ အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပဲ။ အရောင်းအဝယ်ကတော့ မျှပါတယ်။ ဗဟိုဘဏ်ကလည်း သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကို ဈေးစဖွင့်တဲ့ရက်က အမေရိကန်တစ်ဒေါ်လာကို ၁၃၆၇ကျပ်ဆိုပြီးသတ်မှတ်ခဲ့တယ်။ ဒါပေမယ့် နောက်ရက်တွေကျတော့ ၁၃၆၅ ကျပ်လို့ ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ သူကလည်း အပြင်က ဈေးကိုကြည့်ပြီး ငွေလဲနှုန်းကို သတ်မှတ်တာဖြစ်တဲ့အတွက် ဒီတစ်ပတ်မှာတော့ ဈေးအတက်အကျ အနည်းငယ်နဲ့ပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ငွေလဲစင်တာတစ်ခုမှ သိရသည်။

ပုဂ္ဂလိကငွေလဲစင်တာများတွင် မေ ၂၂ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၆၀ ကျပ်၊ ဝယ်ဈေး ၁၃၅၇ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်အတွင်း တစ်ကျပ်ခန့်သာ အတက်အကျဖြစ်ခဲ့သည်။ ရက်သတ္တတစ်ပတ်၏ နောက်ဆုံးရက်ဖြစ်သည့် မေ ၂၆ ရက်တွင်လည်း ထိုဈေးအတိုင်း ရောင်းဝယ်ခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းသွားသော်လည်း ကိုးသိန်းကျော်နေဆဲ

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးများ ပြန်လည်ကျဆင်းလာသော်လည်း ကျပ်ကိုးသိန်းအထက်တွင်သာရှိနေသေးကြောင်း ပြည်တွင်းရွှေဈေးကွက် အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေး ပြန်လည်ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပြည်တွင်းရွှေဈေးများသည် ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် လိုက်ပါမြင့်တက်ခဲ့သဖြင့် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၁၀၀၀၀ သို့ ရောက်ရှိခဲ့သည်။

ယခုတစ်ပတ်တွင်မူ ကမ္ဘာ့ရွှေဈေးကျဆင်းလာသဖြင့် ပြည်တွင်းရွှေဈေး ကျဆင်းလာခဲ့ကြောင်း၊ သို့သော်လည်း ပြည်တွင်းငွေလဲနှုန်းများမှာ အတက်အကျများဖြစ်နေသဖြင့် ပြည်တွင်းရွှေဈေးမှာ အနည်းငယ်သာကျဆင်းလာခဲ့ကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

"ဒီတစ်ပတ်မှာတော့ ပြည်တွင်းရွှေဈေးက ကျလာတယ်။ ဒါပေမယ့် ကိုးသိန်းအောက်ကိုတော့ ရောက်မလာသေးဘူး။ ကိုးသိန်းအထက်မှာပဲ ရှိနေသေးတယ်။ ကမ္ဘာ့ရွှေဈေးကျပေမယ့် ပြည်တွင်းက ငွေလဲနှုန်းကမကျတော့ ပြည်တွင်းရွှေဈေးထိုက်သင့်သလောက် ကျမသွားဘူးပေါ့"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

မေ ၂၂ ရက်က ပြည်တွင်းရွှေဈေးကွက်၌ အခေါက်ရွှေတစ်ကျပ်သား လျှင် ကျပ် ၉၀၆၅၀၀ ရှိခဲ့ပြီး မေ၂၄ ရက်တွင် ကျပ် ၉၀၈၀၀၀ သို့ မြင့်တက်ခဲ့သည်။ မေ ၂၆ရက်တွင် ကျပ် ၉၀၆၀၀၀သို့ အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် မေ ၂၂ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၅၅ ရှိခဲ့ပြီး မေ ၂၆ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၅၆ ရှိခဲ့သည်။ **မယ်သီတာ**

## YSX တွင် ရောင်းချနေသည့် ရှယ်ယာဈေးနှုန်းများဆက်လက်ကျဆင်း

ယခုတစ်ပတ်အတွင်း YSX ၏ အစုရှယ်ယာဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း သိရသည်။

ရှယ်ယာဈေးနှုန်းများ ကျဆင်းလျက်ရှိသည့်အနက် MTSH ၏ အစုရှယ်ယာဈေးနှုန်းမှာ ရှယ်ယာရောင်းချသည့် တစ်နှစ်ကျော်ကာလအတွင်း အနိမ့်ဆုံးဈေးနှုန်းအဖြစ် ကျပ် ၃၈၀၀ သို့ကျဆင်းခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

MTSH ၏ အစုရှယ်ယာတစ်စုလျှင် အနိမ့်ဆုံးဈေးနှုန်း ကျပ် ၄၀၀၀ သတ်မှတ်ထားရာ အဆိုပါအနိမ့်ဆုံးဈေးနှုန်းအောက်သို့ ပထမဦးဆုံးအကြိမ်အဖြစ် ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

အလားတူ FPB ၏ အစုရှယ်ယာဈေးနှုန်းများသည်လည်း ကျပ် ၂၇၀၀၀ သို့ ကျဆင်းခဲ့ရာ အနိမ့်ဆုံးဈေးနှုန်း၏ အောက်သို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် MCB နှင့် FMI တို့၏ အစုရှယ်ယာ ဈေးနှုန်းများလည်း ကျဆင်းခဲ့ကြောင်း YSX ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အစုရှယ်ယာ ဈေးကစားသူများ အနေဖြင့် အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဈေးကစားနေခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းများ ကျဆင်းနေရခြင်းဖြစ်သည်ဟုဆိုသည်။ **မယ်သီတာ**

## Currency Exchange Rate

May 26, 2017

**Base Currency is United States Dollar - USD**

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.34 |
| BDT | Bangladesh Taka | 80.58 |
| CAD | Canada Dollars | 1.35 |
| CNY | China Yuan Renminbi | 6.86 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.79 |
| I NR | India Rupees | 64.58 |
| I DR | Indonesia Rupiahs | 13297.85 |
| JPY | Japan Yen | 113.32 |
| MYR | Malaysia | 4.27 |
| PKR | Pakistan Rupees | 104.84 |
| PHP | Philippines Pesos | 49.84 |
| RUB | Russia Rubles | 56.76 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1119.63 |
| LKR | Sri Lanka Rupe | 152.75 |
| THB | Thailand Baht | 34.06 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 22727.15 |

*Source:xe.com*

## World Gold Price

May - 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 22 | 1257 | 1255 | 1255 |
| 23 | 1266 | 1264 | 1264 |
| 24 | 1256 | 1253 | 1253 |
| 25 | 1262 | 1259 | 1259 |
| 26 | 1266 | 1264 | 1263 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 22-5- 2017 | 906.50 | 905.80 |
| 23-5-2017 | 908.00 | 907.70 |
| 24-5- 2017 | 903.70 | 903.90 |
| 25-5 -2017 | 906.80 | 906.40 |
| 26-5- 2017 | 906.00 | 906.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 22 | 6 .89 | 34.37 | 80.59 | 64.58 |
| 23 | 6. 89 | 34.39 | 80.63 | 64.81 |
| 24 | 6 .89 | 34.47 | 80.57 | 64.92 |
| 25 | 6 .87 | 34.23 | 80.58 | 64.54 |
| 26 | 6.86 | 34.06 | 80.59 | 64.58 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 22- May | 16.90 | 2647.90 | 1966.27 | 5739.10 | 934.00 |
| 23- May | 17.16 | 2653.28 | 1953.50 | 5742.02 | 948.00 |
| 24- May | 16.97 | 2635.59 | 1962.46 | 5710.43 | 940.00 |
| 25- May | 17.20 | 26670.67 | 1977.02 | 5759.94 | 948.00 |
| 26- May | 17.16 | 2672.99 | 1984.64 | 5778.98 | 950.00 |

Source:kitco.com

## Energy NYMEX 26-5-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.14 | 0.24 | 0.49 |
| Brent Crude Futr (USD/bbl) | 51.81 | 0.35 | 0.68 |
| Gasoline Rbob Fut (Cent/gal) | 162.38 | 1.45 | 0.90 |
| Natural Gas Futr (USD/MMBtu) | 3.20 | 0.02 | 0.57 |
| Heating Oil Futr (Cent/gal) | 156.00 | 0.91 | 0.59 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ဘိလပ်မြေအဝင်ပို

မေလ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၉၇၆၉၉တန်ဖိုးရှိ ဘိလပ်မြေ ၈၁၀၂ ဒသမ ၃၀တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံး တင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၄၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၆၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

# ရန်ကုန်နဲ့တောင်ကြီး ဘိလပ်မြေဈေးကွက်အရောင်းသွက်

မေလ ၁၄ ရက်မှ ၂၀ ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၈၁၀၀ကျော်အဝင်ရှိခဲ့ပြီးယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၄၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၆၀၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၅၉၃၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၃၄၁၃၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၁၈၁၉၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီးနယ်စပ်လမ်းမှဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီရက်ပိုင်းဘိလပ်မြေ အရောင်းအဝယ်သွက်ပြီး ဆင်နဲ့ စိန်ကဈေးနည်းနည်းမြင့်တယ်လို့သိရပါတယ်။ မော်လမြိုင်ဆင်နဲ့ ကြံ့နှစ်ကောင် ဘိလပ်မြေများကဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၉၀၀၊ စိန်(ထိုင်း) ကျပ်၅၉၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၉၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ် ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာဆင်(ထိုင်း)၊ ကြံ့နဲ့ မြင်းခေါင်းက ဈေးနည်းနည်း မြင့်လာပြီးအပါချီနဲ့ ဆင်မြန်မာကဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၃၀၀၊ အပါချီ (ထိုင်း) ကျပ် ၅၂၀၀ ၊ ကြံ့ ကျပ် ၅၄၀၀ ၊မြင်းခေါင်း ကျပ် ၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၆၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့(မြိုင်ကလေး) ကျပ်၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၀၀နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်(ထိုင်း)ကျပ်၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၇၀၀၊ ကမ္ဘောဇ ကျပ် ၄၉၀၀၊ နဂါးကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်း သိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# နိုင်ငံစုံမှ မြေဩဇာတန်ချိန် ၅၀၀၀ ကျော်တင်သွင်း

မေလ ၁၄ရက်မှ ၁၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၄၀၂၉၇ တန်ဖိုးရှိ မြေဩဇာ ၅၄၅၂ ဒသမ ၃၅ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၂၀၆၇ တန် ၊ အိန္ဒိယနိုင်ငံမှ ၁၄ ဒသမ ၇၈၈ တန်၊ အစ္စရေးနိုင်ငံမှ ၁၉ ဒသမ ၈၀တန်၊ မလေးရှား နိုင်ငံမှ သုည ဒသမ ၅၁၂ တန်၊ ပိုလန်နိုင်ငံမှ ၁၀၅ တန်၊ ရုရှားနိုင်ငံမှ ၉၅၅ဒသမ ၈၁ တန်၊ ထိုင်းနိုင်ငံမှ ၈၇၁ ဒသမ ၄၄ တန်၊ ဗင်နီဇွဲလားနိုင်ငံမှ ၉၁၈ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။တင်သွင်း ခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ ကွန်ပေါင်း၊ ဖလော်ရာတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၅၁၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၉၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

# ရန်ကုန်နဲ့ တောင်ကြီးမြေဩဇာဈေးကွက် အရောင်းသွက်

မေ ၁၄ ရက်မှ ၂၀ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၅၄၅၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၅၁၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၃၆၆၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၄၂၆၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၉၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်ပိုပြီးနယ်စပ်လမ်းမှအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းနည်းနည်းပြန်ဖြစ်လာသလို မြေဩဇာဈေးလည်းနည်းနည်းလှုပ်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲအသေးနဲ့ ကွန်ပေါင်းမြေဩဇာကဈေးနည်းနည်းမြင့်လာပြီး တီစူပါက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်မှတာဝန်ရှိသူ တစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၆၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၁၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၂၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ် နည်းနည်းသွက်တယ်လို့ စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် ယူရီးယားက ဈေးငြိမ်နေပေမယ့် တီစူပါ၊ ကွန်ပေါင်းနဲ့ ပိုတက်မြေဩဇာက ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ်၂၃၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၁၉၈၀၀၊ ပိုတက် (အိန္ဒိယ)ကျပ်၂၂၀၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပြောင်းကို ပြန်လည် စိုက်ပျိုးတဲ့အချိန် ဖြစ်တာကြောင့် အရောင်းနည်းနည်းသွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား-ပုလဲ၊ ဓာတ်ဆား ကျပ် ၂၀၀ ၊ ယူရီးယား (ယူအေအီး)ကျပ် ၃၀၀၀၊ မြွားကမ္ဘာကျပ် ၃၀၀ ဈေးမြင့် လာပြီး တီစူပါ ၂၀%က ကျပ် ၅၀၀ ၊ တီစူပါ(၁၀း၁၀း၅)ကျပ် ၃၀၀၀ ဈေးကျလာတယ် လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၃၈၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၅၀၀ ၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်)ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၇၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၀၀၀၊ မြွားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့အရောင်း အဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ် နည်းနည်းကောင်းပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-ပုလဲ) ကျပ် ၂၁၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၂၈၀၀၊ တီစူပါ၄၆% ကျပ်၁၉၆၀၀၊ မြွားသီးစုံ ကျပ် ၁၄၆၀၀၊ ပန်းသီးစုံ ကျပ် ၁၅၆၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၈၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀နီးပါးတင်သွင်း

မေလ ၁၄ ရက်မှ ၂၀ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၂၃၈၃၂ တန်ဖိုးရှိ နို့ဆီ ၈၂၄ ဒသမ ၇၇၃ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၃၄၆ ဒသမ ၅၆ တန်၊ မလေးရှားနိုင်ငံမှ ၂၅၉ ဒသမ ၃၃၃ တန်နဲ့ စင်ကာပူနိုင်ငံမှ ၂၁၈ဒသမ ၈၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိုကေ ၊ My Boy ၊ Falcon ၊ Tea Pot နဲ့ ဒွန်းနို့ဆီတို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန်၇၇၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၅၄ တန်ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ဩစတြေးလျနိုင်ငံမှ သုညဒသမ ၅၀ တန်၊ပြင်သစ်နိုင်ငံ မှ ၄ ဒသမ ၀၂၉ တန်၊ ဂျာမနီနိုင်ငံမှ ၁၈တန်၊ အင်ဒိုနီးရှားနိုင်ငံမှ သုည ဒသမ ၆၇၆ တန်၊ နယူးဇီလန်နိုင်ငံမှ ၂၃၇ ဒသမ ၇၄၆ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ ၂ ဒသမ ၉၆၄ တန်၊ ထိုင်းနိုင်ငံမှ ၂ ဒသမ ၆၇၆ တန်နဲ့ ယူကေနိုင်ငံမှ သုည ဒသမ ၆၃၆ တန်၊ စုစုပေါင်း ၂၆၇ ဒသမ ၂၂၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၁၇၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၅ မှ ၁၉/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၅ မှ ၁၂/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၃၀၇•၄၅ | ၄၉၂•၃၀ | (-) ၁၈၄•၈၅ |
| ၂။ | လွယ်ဂျယ် | ၆၉၂•၀၀ | ၁၀၂၀•၀၀ | (-) ၃၂၈•၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီ | ၅၃၄၄•၅၀ | ၉၅၈၀•၅၀ | (-) ၄၂၃၆•၀၀ |
| ၅။ | တာချီလိတ် | ၅၀၀•၀၀ | ၁၁၁၀၀•၀၀ | (-) ၁၀၆၀၀•၀၀ |
| ၆။ | မြဝတီ | ၃၄၂•၃၀ | ၅၇၃•၁၆ | (-) ၂၃၀•၈၆ |
| ၇။ | ကော့သောင်း | ၈၇၅၀•၀၀ | ၁၁၀၆၉•၆၀ | (-) ၂၃၁၉•၆၀ |
| ၈။ | မြိတ် | - | ၃၀၀•၀၀ | (-) ၃၀၀•၀၀ |
| | စုစုပေါင်း | ၁၅၉၃၆•၂၅ | ၃၄၁၃၅•၅၆ | (-) ၁၈၁၉၉•၃၁ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၅ မှ ၁၉/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၅ မှ ၁၂/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၆၄၉၉•၄၃၀ | ၃၃၉၉၉•၂၆ | (-) ၇၄၉၉•၈၃ |
| ၂။ | လွယ်ဂျယ် | ၅၂၇•၀၀၀ | ၁၀၇၇•၀၀ | (-) ၅၅၀•၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၃၁၇•၀၀၀ | ၄၇၆၇•၅၀ | (-) ၃၄၅၀•၅၀၀ |
| ၄။ | ကန်ပိုက်တီ | ၂၁၅၀•၀၀၀ | ၁၀၀•၀၀ | (+) ၂၀၅၀•၀၀၀ |
| ၅။ | မြဝတီ | ၁၂၂၃•၉၀၀ | ၁၉၀၄•၁၀ | (-) ၆၈၀•၂၀၀ |
| ၆။ | ကော့သောင်း | ၃၁၉၅•၀၀၀ | ၄၅•၀၀ | (+) ၃၁၅၀•၀၀၀ |
| ၇။ | မြိတ် | ၂၅၀•၀၀၀ | ၁၄၀•၀၀ | (+) ၁၁၀•၀၀၀ |
| ၈။ | ရိဒ် | ၁၅၀၀•၀၀၀ | ၆၀၀•၀၀ | (+) ၉၀၀•၀၀၀ |
| | စုစုပေါင်း | ၃၆၆၆၂•၃၃ | ၄၂၆၃၂•၈၆ | (-) ၅၉၇၀•၅၃ |

ခင်မိုးသူ

## နှမ်း



### မျိုးသမားများအဝယ်လိုက်လို့ နှမ်းနက်စျေးပြန်မြင့်

ပြည်စျေးကွက်တွင် ယခုတစ်ပတ်နှမ်းနီ အဝယ်နည်းသွားပြီး၊ စမုံနက် နှမ်းနဲ့ နှမ်းနက်ကို ရံဖန်ရံခါ အဝယ်ရှိတဲ့အတွက် စျေးမှာမငြိမ်ဘဲ နိမ့်လိုက်မြင့်လိုက်ဖြစ်နေတာ တွေ့ရပါတယ်။ နှမ်းအဝင်မရှိတော့ပေမယ့် လှောင်နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက်ကို မျိုးသမားများက ဝယ်ယူသဖြင့် ယခုတစ်ပတ် စျေးပြန်မြင့်လာတာ တွေ့ရပါတယ်။ နှမ်းစျေးမှာ နှမ်းနီ တစ်တင်းလျှင် ကျပ် ၃၁၆၀၀ စျေးဖြစ်သဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စျေးအနည်းငယ်ကျလာပြီး၊ နှမ်းနက်နဲ့ စမုံနက်နှမ်းစျေးမှာ တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့် စျေးတူနေပေမယ့် နေ့တိုင်း အရောင်းအဝယ်မဖြစ်ဘဲ ရံဖန်ရံခါသာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ဝေဝေမင်း**

### တရုတ်နိုင်ငံသို့ နှမ်းလျှော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ မေ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၇ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၆၀၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက်တန် ၁၂၀ ခွဲ၊ နှမ်းဖြူ ၁၇ တန်ခွဲနဲ့ နှမ်းဖြူ (အခွံချွတ်) ၂၉ တန်၊ ချင်းရွှေဟော်မှ နှမ်းနက် ၃၇၉ တန်ကျော်နဲ့ နှမ်းဖြူ ၆၂ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုမှ နှမ်းရောင်စုံ ၇၆၄ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၁၅၅ တန်ကျော် လျှော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်မှာ နှမ်းဖြူ တစ်တန် ၁၃၂၈၁၈၅ ကျပ်၊ နှမ်းနက်တစ်တန် ၂၁၀၀၃၈၆ ကျပ်ရှိရာမှ မေ ၁၃ ရက်မှ ၁၉ ရက်မှာတော့ နှမ်းဖြူစျေး ၁၃၄၁၁၃၁ ကျပ်နဲ့ နှမ်းနက်စျေး ၂၁၂၀၈၅၈ ကျပ်သို့ စျေးထပ်မံမြင့်တက်ခဲ့ကြောင်း၊ စျေးနှုန်းမြင့်လာတာကြောင့် နှမ်းစျေးကွက်မှာ လာမယ့်တစ်ပတ်တွင် လက်ရှိပေါက်စျေးနဲ့ ရပ်တန့်နေပြီး စျေးကျရန်မရှိကြောင်း နှမ်းကုန်သည်အချို့က သုံးသပ်ကြပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### ပဲပုပ်ဆီစျေး ကျဆင်းမှုနှင့်အတူ စားအုန်းဆီစျေးလည်း ရက်သတ္တသုံးပတ်အတွင်း အနိမ့်ဆုံးသို့ လိုက်ပါကျဆင်း

အမေရိကန်နိုင်ငံ ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့နှင့် တရုတ်နိုင်ငံဒါလီယံစျေးကွက်တွင် ပဲပုပ်ဆီစျေးကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီစျေးလည်း မေ ၂၄ ရက်က တစ်ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ရာ ရက်သတ္တသုံးပတ်အတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ကြောင်းမလေးရှားစတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် ဩဂုတ်အတွက် စာချုပ်ချုပ်ဆိုသော အခြေခံစံထားစျေးနှုန်းမှာ မေ ၂၄ ရက်စျေးပိတ်ချိန်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၅၈၁ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၀ ၁ ဒသမ ၄၉ ) နှုန်းသို့ ရောက်ရှိကာ ဒုတိယမြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်သည်။ မေ ၂၄ ရက်စောစောပိုင်းက စျေးကွက်တွင် စားအုန်းဆီ တစ်တန်ကို ၂၅၇၉ ရင်းဂစ်နှုန်းထိ ရောက်ရှိခဲ့ရာ မေ ၅ ရက်နောက်ပိုင်း အနိမ့်ဆုံးစျေးနှုန်းဖြစ်ခဲ့သည်။ ထိုနေ့က ရောင်းချခဲ့ရသော စားအုန်းဆီပမာဏမှာ ၂၅ တန်ရှိအတွဲပေါင်း ၄၇၂၅၇ တွဲရှိခဲ့သည်။

'ပြည်ပမှာဖြစ်ပွားနေတဲ့ အကြောင်းတရားတွေကြောင့် စားအုန်းဆီစျေး ကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နောက်တစ်နေ့မှာတော့ ပို့ကုန်တွေမြင့်တက်လာလိမ့်မယ်လို့ခန့်မှန်းထားပါတယ်'ဟု ပြည်ပစျေးကွက် ပဲပုပ်ဆီစျေးနှုန်းများ ကျဆင်းမှုကိုရည်ညွှန်း၍ ကွာလာလမ်ပူရှိ ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးကပြောသည်။

ကမ္ဘာပေါ်တွင် စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှုမှာ ယခင်လကာလတူနှင့်နှိုင်းယှဉ်ပါက မေ ၁ ရက်မှ ၂၀ ရက်အတွင်း ၁၈ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း အထိမြင့်တက်ခဲ့သည်။ စားအုန်းဆီကို အဓိကစားသုံးသည့် နိုင်ငံများဖြစ်သော အိန္ဒိယ၊ ပါကစ္စတန်နှင့် အရှေ့အလယ်ပိုင်းဒေသတို့တွင် ယခုသီတင်းပတ်၌ စတင်မည့် ရာမာဒမ် ဥပုသ်လမတိုင်မီ စားသုံးဆီ ဝယ်လိုအားမြင့်တက်လိမ့်မည်ဟု ကုန်သည်တို့က ခန့်မှန်းထားသည်။

စားအုန်းဆီစျေးနှုန်းသည် အနိမ့်ဆုံးအဖြစ် တစ်တန်ကို ရင်းဂစ် ၂၆၀၀ အထိရောက်ရှိနိုင်ပြီး ဆက် လက်ကျဆင်းမည်ဆိုပါက နောက်တစ်ကြိမ်ကျဆင်းမည့်အနိမ့်ဆုံးစျေးနှုန်းမှာ တစ်တန်ကို ၂၅၅၈ ရင်းဂစ်အထိ ရောက်ရှိနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။ ပဲပုပ်ဆီစျေးကွက်ဖြစ်သော ချီကာဂိုစျေးကွက်တွင် ပဲပုပ်ဆီစျေးက အတက်အကျမရှိ တန့်နေပြီး တရုတ်နိုင်ငံဒါလီယံစျေးကွက်တွင် စက်တင်ဘာအတွက်ကြိုတင်စာချုပ်ဖြင့်ရောင်းချစျေးမှာ ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

**ဉာဏ်တင်**

### မူဆယ်မှ တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ် မူဆယ် (၁၀၅) မိုင် ကုန်သွယ် ရေးဇုန်မှ မေ ၁၃ ရက်မှ ၁၉ ရက်ထိ ရက်သတ္တပတ် အတွင်း အမေရိကန်ဒေါ်လာ ၃၅၆၁၄ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၀၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၅ တန်နဲ့ နှိုင်းယှဉ်ပါက တန် ၇၀ ကျော် ပိုမို တင်ပို့ခဲ့ကြောင်း သိရပါတယ်။

Green Tea လက်ဖက်ခြောက်စက်ရုံမှ တစ်လလျှင် လက်ဖက်ခြောက် ပိဿာချိန် ၃၀၀ ခန့်ထုတ်လုပ်ကြောင်း၊ လက်ရှိတွင် ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာတွေမှာ လက်ဖက်စိုက်ပျိုးကြကြောင်း၊ လက်ဖက် အဓိကစိုက်တဲ့ ကျေးရွာတွေမှာ လက်ဖက်စက်ရုံများ တည်ထောင်သွား မည်ဖြစ်ကြောင်း လက်ဖက်လုပ်ငန်းတစ်ခု၏လပြောကြားချက်အရ သိရပါတယ်။

**မော်မော်အောင်**

### ပြည်တွင်းဆီစျေးနှုန်းများ (၂၆-၅-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၂၀၀၀ | △ |
| ရန်ကုန် | ၄၈၀၀ | ၄၈၀၀ | □ | ၃၆၀၀ | ၃၈၀၀ | □ | ၁၈၀၀ | ၁၈၄၅ | △ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၃၀ | ၁၉၀၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၄၀၀၀ | ၄၂၀၀ | △ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၁၀၀ | △ |
| မုံရွာ | ၄၂၀၀ | ၄၂၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၉၄၀ | ၁၉၄၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၂၆-၅-၂၀၁၇ US$/Ton

| အမျိုးအစား | မေတတိယပတ် | မေစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၂.၅၀ | ၆၉၇.၅၀ | ▽ |
| RBD P.Olein | ၆၉၀.၀၀ | ၇၀၄.၅၀ | △ |
| RBD P.Stearin | ၆၀၆.၅၀ | ၆၁၆.၅၀ | △ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၂၆-၅-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၆၇၂.၇၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၁၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၃၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၈.၉၈ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၀.၈၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၈၃၀.၅၅၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၆-၅-၂၀၁၇နေ့ (CIF စျေး Cloud Point 8 ˚C Max ၇၅၀ဒေါ်လာနှင့် USD စျေး ၁၃၆၅ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၆-၅-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာစျေး ၁၃၆၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Vol: 17, No.20 Monday May 29 2017

# အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံစိုက်ပျိုး၊ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် တင်ပို့တင်သွင်းမှုအခြေအနေ

ယဉ်ယဉ်နွယ်
(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့)

**ကမ္ဘာ့ပဲစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ**

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၇၁ နိုင်ငံကျော်၌ ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်အကုန်၌ ပဲသီးနှံစိုက်ပျိုးသည့် ဟက်တာပေါင်း ၇၂ ဒသမ ၃ သန်းရှိပြီး၊ တစ်ဟက်တာလျှင် ပျမ်းမျှအထွက်နှုန်း ၈၉၀ ကီလိုဂရမ်ဖြင့် တန်ချိန်စုစုပေါင်း ၆၄ ဒသမ ၄ သန်းခန့်ရှိကြောင်း၊ အထွက်နှုန်းအမြင့်မားဆုံးနိုင်ငံမှာ ပြင်သစ်နိုင်ငံဖြစ်ပြီး တစ်ဟက်တာလျှင် ၄၂၁၉ ကီလိုဂရမ်ဖြစ်ကြောင်း၊ ဒုတိယအများဆုံးမှာ ကနေဒါနိုင်ငံဖြစ်ပြီး ၁၉၃၆ ကီလိုဂရမ်၊ ၎င်းနောက် အမေရိကန်ပြည်ထောင်စု ၁၈၈၂ ကီလိုဂရမ်၊ ရုရှားနိုင်ငံက ၁၆၄၃ ကီလိုဂရမ်နှင့် တရုတ်နိုင်ငံက ၁၅၉၆ ကီလိုဂရမ်တို့ဖြစ်ကြောင်း သိရပါသည်။

**အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်မှုနှင့် စားသုံးမှု**

အိန္ဒိယနိုင်ငံရှိလူဦးရေ၏ ၄၃ ရာခိုင်နှုန်းနီးပါးသည် သက်သက်လွတ်စားသုံးသူများ (Vegetarians) ဖြစ်ကြရာ အိန္ဒိယနိုင်ငံအတွက် ပဲသည်ပရိုတိန်းဓာတ်ပေးစွမ်းနိုင်သည့် အရေးပါသည့်အရင်းအမြစ်လည်းဖြစ်သည့်အပြင် အိန္ဒိယလူမျိုးများ၏ စားသုံးမှုဓလေ့စရိုက်များအရ မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်နေသည်။ ၁၉၇၀ မှ ၂၀၁၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ နှစ်စဉ်ပဲထုတ်လုပ်မှုပမာဏ တိုးတက်မှုနှုန်းမှာ တစ်ရာခိုင်နှုန်းအောက်မျှသာရှိပြီး၊ အိန္ဒိယနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းမှာ တစ်နှစ်လျှင် နှစ်ရာခိုင်နှုန်းဖြင့် တိုးတက်နေသည့်အတွက် ဝယ်လိုအားမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၏ တိုးတက်လာသော လူဦးရေအတွက် ပဲမျိုးစုံ စုစုပေါင်းတန်ချိန် ၃၉ သန်းခန့် လိုအပ်မည်ဖြစ်ရာ အဆိုပါလိုအပ်ချက်ကို ပြည့်မီရန်အတွက် နိုင်ငံ၏ထုတ်လုပ်မှုနှုန်းမှာ နှစ်စဉ် ၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန် လိုအပ်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ပဲထုတ်လုပ်မှုပမာဏ၏ ၂၅ ရာခိုင်နှုန်းခန့်၊ ပဲစိုက်ပျိုးမှုပမာဏ၏ ၃၃ ရာခိုင်နှုန်းခန့်နှင့် ပဲစားသုံးမှုပမာဏ၏ ၂၇ ရာခိုင်နှုန်းရှိပြီး၊ ကမ္ဘာပေါ်တွင် ပဲအများဆုံးစိုက်ပျိုးသူ၊ ထုတ်လုပ်သူနှင့် စားသုံးသူဖြစ်ကြောင်း သိရပါသည်။

နိုင်ငံအတွင်း ပဲစိုက်ပျိုးသည့်ဧရိယာမှာ ၂၀၀၀-၀၁ တွင် ဟက်တာ ၂၀ ဒသမ ၃၅ သန်းရှိရာမှ ၂၀၁၁-၁၂တွင် ဟက်တာ ၂၃ ဒသမ ၉၉ သန်းသို့ တိုးတက်ပြောင်းလဲလာခဲ့ကြောင်း၊ ထုတ်လုပ်မှုပမာဏမှာလည်း ၂၀၀၀-၀၁ တွင် တန်ချိန် ၁၁ ဒသမ ၀၈ သန်းရှိရာမှ ၂၀၁၂-၁၃ တွင် တန်ချိန် ၁၈ ဒသမ ၄၅ သန်းသို့ တိုးတက်လာခဲ့ကြောင်း၊ ပျမ်းမျှအထွက်နှုန်းမှာလည်း ၂၀၀၀-၀၁ တွင် တစ်ဟက်တာလျှင် ၅၄၄ ကီလိုဂရမ် ထွက်ရှိရာမှ ၂၀၁၂-၁၃ တွင် ၇၅၀ ကီလိုဂရမ်သို့ တိုးတက်လာခဲ့ကြောင်း သိရပါသည်။

၂၀၁၀-၂၀၁၁ မှ ၂၀၁၄-၂၀၁၅ အတွင်း အိန္ဒိယနိုင်ငံ၏ နှစ်အလိုက် ပဲထုတ်လုပ်နိုင်မှုပမာဏမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်။

| နှစ် | ထုတ်လုပ်နိုင်မှုပမာဏ (တန်ချိန်/သန်း) |
|---|---|
| ၂၀၁၀-၂၀၁၁ | ၁၈ ◦ ၂ |
| ၂၀၁၁-၂၀၁၂ | ၁၇ ◦ ၁ |
| ၂၀၁၂-၂၀၁၃ | ၁၈ ◦ ၃ |
| ၂၀၁၃-၂၀၁၄ | ၁၉ ◦ ၂ |
| ၂၀၁၄-၂၀၁၅ | ၁၇ ◦ ၁ |

၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း နှစ်စဉ်ပဲစိုက်ပျိုးသည့် ပျမ်းမျှဧရိယာမှာ ဟက်တာ ၂၃ ဒသမ ၉ သန်းခန့်ဖြစ်ပြီး တစ်နိုင်ငံလုံးစိုက်ပျိုးသည့် သီးနှံစိုက်ဧရိယာ၏ ၁၂ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းဝန်းကျင်ဖြစ်ကြောင်း သိရှိရပါသည်။

လတ်တလောနှစ်များအတွင်း အိန္ဒိယနိုင်ငံ၏ နှစ်စဉ်ပဲစိုက်ပျိုးထုတ်လုပ်သည့် မြေဟက်တာမှာ ၂၂ သန်းမှ ၂၆ သန်း ဝန်းကျင်ခန့်ဖြစ်ကြောင်း၊ ပဲထုတ်လုပ်နိုင်မှု ပမာဏမှာ တန်ချိန် ၁၇ သန်းမှ ၁၉ သန်းဝန်းကျင်ဖြစ်ပြီး၊ ပဲစားသုံးမှုပမာဏမှာ တန်ချိန် ၂၂ သန်းမှ ၂၃ သန်း ဝန်းကျင်ဖြစ်ကြောင်း သိရှိရပါသည်။

**အိန္ဒိယနိုင်ငံ၏ ပဲကုန်သွယ်မှု**

အိန္ဒိယနိုင်ငံသည် ပြည်တွင်းလိုအပ်ချက် ပြည့်မီနိုင်ရေးအတွက် နှစ်စဉ်ပဲစားသုံးမှု ပမာဏ၏ ၁၆ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပြည်ပမှ တင်သွင်းနေရကြောင်း၊ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲထုတ်လုပ်မှုအများဆုံးနှင့် ပဲစားသုံးမှုအများဆုံး နိုင်ငံဖြစ်ရုံသာမက ပဲတင်သွင်းမှုအများဆုံးနိုင်ငံလည်းဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ပဲရရှိမှုအခြေအနေမှာ ၁၉၅၁ ခုနှစ်တွင် လူတစ်ဦးလျှင် ပျမ်းမျှ ၂၂ ဒသမ ၁ ကီလိုဂရမ်ရှိရာမှ ၂၀၁၂ ခုနှစ်တွင် ၁၅ ကီလိုဂရမ်သို့ကျဆင်းလာခဲ့သဖြင့် ပဲရရှိနိုင်မှုပမာဏသည် WHO မှအကြံပြုထားသည့် နှစ်စဉ်လူတစ်ဦးအတွက် လိုအပ်သည့် ပဲပမာဏ ၂၉ ဒသမ ၂ ကီလိုဂရမ်အောက်သို့လျော့နည်းနေကြောင်း၊ အိန္ဒိယအနေဖြင့် ပိုမိုတိုးတက်လျက်ရှိသော ပြည်တွင်းပဲလိုအပ်ချက်ကို ပြည့်မီရန်အတွက် ပြည်ပမှ ပဲများတင်သွင်းခြင်းဖြင့် ဖြည့်ဆည်းနေရသည်။ ၂၀၀၇-၀၈ တွင် တန်ချိန် ၂ ဒသမ ၈ သန်းသာ တင်သွင်းခဲ့ရသော်လည်း ၂၀၁၄-၁၅ တွင် တန်ချိန်၄ ဒသမ ၅၄ သန်းသို့ တိုးတက်လာခဲ့ပြီး၊ ၂၀၁၅-၁၆ တွင် တန်ချိန်ခြောက်သန်းဝန်းကျင်ထိ တင်သွင်းခဲ့ရသည်။

အိန္ဒိယနိုင်ငံသည် ယေဘုယျအားဖြင့် ပဲတင်ပို့မှုကို ခွင့်မပြုသော်လည်း ကုလားပဲလုံးဖြူ (Kabuli Chana Chickpea) တင်ပို့မှုကိုမူ ခွင့်ပြုထားသည်။ ထို့ပြင် အော်ဂဲနစ်ပဲနှင့် ပဲနီလေး (Lentil) တို့အား တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၁၀၀၀၀ တင်ပို့ခွင့်ပြုထားသော်လည်း၊ အိန္ဒိယနိုင်ငံမှ ဘူတန်နိုင်ငံသို့ပဲတင်ပို့မှုကိုမူ ကန့်သတ်ထား ခြင်းမရှိပေ။ အိန္ဒိယမှ မော်လ်ဒိုက်ဖ်သို့ပဲတင်ပို့မှုကိုမူ ၂၀၁၄-၁၅ မှ ၂၀၁၆-၁၇ အတွင်း နှစ်အလိုက်ခွဲတမ်းသတ်မှတ်ခွင့်ပြုထားသည်။

သို့ဖြစ်၍ အိန္ဒိယနိုင်ငံသည် ပြည်တွင်းသုံးစွဲမှုမှ ပိုလျှံသည့် ပဲအမျိုးအစားများကို ပြည်ပသို့တင်ပို့ရာ ကမ္ဘာပေါ်တွင် ပဲတင်ပို့မှုအများဆုံးနိုင်ငံများအနက် တစ်နိုင်ငံလည်းဖြစ်ပြီး၊ ၂၀၁၃-၁၄နှင့် ၂၀၁၄-၁၅ နှစ်များ၌ အိန္ဒိယမှတင်ပို့သည့်ပဲများအနက် ကုလားပဲလုံးဖြူတင်ပို့မှုသည် နိုင်ငံပဲတင်ပို့သည့်ပမာဏစုစုပေါင်း၏ ၉၇ ဒသမ ၁၈ ရာခိုင်နှုန်းနှင့် ၈၅ ဒသမ ၆၄ ရာခိုင်နှုန်းအသီးသီးရှိခဲ့ကြောင်း သိရပါသည်။

**အိန္ဒိယနိုင်ငံ၏ နှစ်အလိုက် ပဲထုတ်လုပ်မှုနှင့် တင်ပို့၊ တင်သွင်းမှုအခြေအနေ**

| နှစ် | ပမာဏ (တန်ချိန် သန်းပေါင်း) | | | | ထုတ်လုပ်မှုအပေါ် တင်သွင်းမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | ထုတ်လုပ်မှု | တင်သွင်းမှု | တင်ပို့မှု | စုစုပေါင်း ရရှိနိုင်မှု | |
| ၂၀၁၀- ၁၁ | ၁၈ ◦ ၂၄ | ၂ ◦ ၇ | ၀ ◦ ၂၀၈ | ၂၀ ◦ ၇ | ၁၄ ◦ ၇၉ |
| ၂၀၁၁- ၁၂ | ၁၇ ◦ ၀၉ | ၃ ◦ ၃၆ | ၀ ◦ ၁၇၄ | ၂၀ ◦ ၃ | ၁၉ ◦ ၆၉ |
| ၂၀၁၂- ၁၃ | ၁၈ ◦ ၃၄ | ၃ ◦ ၈၄ | ၀ ◦ ၂၀၁ | ၂၂ ◦ ၀ | ၂၀ ◦ ၉၃ |
| ၂၀၁၃- ၁၄ | ၁၉ ◦ ၂၅ | ၃ ◦ ၆၄ | ၀ ◦ ၃၄၅ | ၂၂ ◦ ၆ | ၁၈ ◦ ၉၂ |
| ၂၀၁၄- ၁၅ | ၁၇ ◦ ၁၀ | ၄ ◦ ၅၈ | ၀ ◦ ၂၂၂ | ၂၁ ◦ ၅ | ၂၆ ◦ ၈၁ |
| ၂၀၁၅- ၁၆ | ၁၇ ◦ ၀၆ | ၅ ◦ ၈၀ | ၀ ◦ ၂၁၇ | ၂၂ ◦ ၆ | ၃၄ ◦ ၀၀ |
| တိုးတက်မှုနှုန်း | ၀ ◦ ၅ | ၉ ◦ ၈ | ၁၇ ◦ ၂ | ၁ ◦ ၁ | |

အရင်းအမြစ်။ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန

**အဓိကစိုက်ပျိုးသော ပဲအမျိုးအစားများ**

အိန္ဒိယနိုင်ငံတွင် အဓိကစိုက်ပျိုးသော ပဲအမျိုးအစားများမှာ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲနီလေး၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ ပဲပိစပ်၊ ပဲလွန်းဖြူစသည်တို့ဖြစ်ပြီး၊ နိုင်ငံအတွင်း ပဲစိုက်ပျိုးထုတ်လုပ်မှုများအနက် အဓိကပဲအမျိုးအစားများ၏ ပါဝင်မှု ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| ပဲအမျိုးအစား | ပါဝင်မှု (ရာခိုင်နှုန်း) |
|---|---|
| ကုလားပဲ | ၄၀ ရာခိုင်နှုန်း ကျော် |
| ပဲစင်းငုံ | ၁၈ -၂၀ ရာခိုင်နှုန်း |
| ပဲတီစိမ်း | ၁၁ ရာခိုင်နှုန်း |
| မတ်ပဲ | ၁၀- ၁၂ ရာခိုင်နှုန်း |
| ပဲနီလေး | ၈-၉ ရာခိုင်နှုန်း |
| အခြားပဲ | ၂၀ ရာခိုင်နှုန်း |

**ပြည်နယ်အလိုက် ပဲစိုက်ပျိုးထုတ်လုပ်မှု**

အိန္ဒိယနိုင်ငံတွင် ပဲအများဆုံးထုတ်လုပ်သည့် ပြည်နယ်မှာ မဒ္ဒယာပရာဒေ့ရှ်ပြည်နယ်ဖြစ်ပြီး စုစုပေါင်း ပဲထုတ်လုပ်မှု ပမာဏ၏ ၂၆ ဒသမ ၄၁ ရာခိုင်နှုန်းရှိကြောင်း၊ ဒုတိယနှင့် တတိယ အများဆုံးပြည်နယ်များမှာ မဟာရသျှတ္တရာနှင့် ရာဂျက်စသန် ပြည်နယ်တို့ဖြစ်ကြောင်း၊ ၂၀၁၃-၁၄သီးနှံရာသီတွင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်အလိုက် ပဲထုတ်လုပ်နိုင်မှု အခြေအနေများမှာ အောက်ပါဇယားအတိုင်းဖြစ်ကြောင်း သိရပါသည် -

**အိန္ဒိယနိုင်ငံ၏ ပြည်နယ်အလိုက် ပဲထုတ်လုပ်နိုင်မှု အခြေပြဇယား**

(တန်ချိန်ထောင်ပေါင်း)

| ပြည်နယ်အမည် | ၂၀၁၃-၁၄ | |
|---|---|---|
| | ထုတ်လုပ်မှုပမာဏ | ပါဝင်မှု(ရာခိုင်နှုန်း) |
| မဒ္ဒယာပရာဒေ့ရှ် | ၅၀၉၀ ◦ ၀၀ | ၂၆ ◦ ၄၁ |
| မဟာရသျှတ္တရာ | ၃၁၂၀ ◦ ၀၀ | ၁၆ ◦ ၁၉ |
| ရာဂျက်စသန် | ၂၄၇၀ ◦ ၀၀ | ၁၂ ◦ ၈၂ |
| ဥတ္တာပရာဒေ့ရှ် | ၁၇၁၀ ◦ ၀၀ | ၈ ◦ ၈၇ |
| အန္ဒရာပရာဒေ့ရှ် | ၁၅၅၀ ◦ ၀၀ | ၈ ◦ ၀၄ |
| ကာနာတာကာ | ၁၄၇၀ ◦ ၀၀ | ၇ ◦ ၆၃ |
| ဂူဂျာရတ် | ၇၄၀ ◦ ၀၀ | ၃ ◦ ၈၄ |
| ဂျာခန်း | ၅၇၀ ◦ ၀၀ | ၂ ◦ ၉၆ |
| ဘီဟာ | ၅၂၀ ◦ ၀၀ | ၂ ◦ ၇၀ |
| ချာတစ်ဂတ် | ၄၇၀ ◦ ၀၀ | ၂ ◦ ၄၄ |
| တမီနာဒူး | ၄၄၀ ◦ ၀၀ | ၂ ◦ ၂၈ |
| ဩရိဿ | ၄၂၀ ◦ ၀၀ | ၂ ◦ ၁၈ |
| အခြား | ၃၂၀ ◦ ၀၀ | ၁ ◦ ၆၆ |
| အနောက်ဘင်ဂေါ | ၂၅၀ ◦ ၀၀ | ၁ ◦ ၃၀ |
| ဟာယာနာ | ၁၃၀ ◦ ၀၀ | ၀ ◦ ၆၇ |
| စုစုပေါင်း | ၁၉၂၇၀ ◦ ၀၀ | |

အရင်းအမြစ်။ http://agriexchange.apeda.gov.in/India%20Production/India_Productions. aspx2 cat=Agri&hscode= 1010#

**အိန္ဒိယနိုင်ငံ၏ ရာသီအလိုက်ပဲစိုက်ပျိုးမှု**

အိန္ဒိယနိုင်ငံတွင်မိုး (Kharif)၊ ဆောင်း (Rabi) နှင့်နွေ(Zaid) ရာသီသုံးမျိုးစလုံး၌ ပဲစိုက်ပျိုးလေ့ရှိသည်။ မိုး (Kharif) ရာသီတွင် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲလွန်းဖြူတို့ကိုစိုက်ပျိုးလေ့ရှိပြီး၊ ဆောင်း (Rabi)ရာသီတွင် ကုလားပဲလုံး၊ ပဲနီလေးနှင့် dry pea တို့ကို စိုက်ပျိုးကြသည်။ မတ်ပဲ၊ ပဲတီစိမ်းတို့ကို နွေ (Zaid) ရာသီတွင်လည်း စိုက်ပျိုးကြသည်။ အိန္ဒိယနိုင်ငံတွင် ပဲသီးနှံအများစုကို မိုးရေသောက် ဒေသများတွင် စိုက်ပျိုးကြသည်။ အိန္ဒိယနိုင်ငံ၏ အချို့ဒေသများ၌ ပဲသီးနှံများကို နွေရာသီတွင် အခြားသီးနှံများအကြား သီးညှပ်အနေဖြင့် စိုက်ပျိုးကြကြောင်း သိရပါသည်။

**ပဲအထွက်နှုန်းခန့်မှန်းချက်ထုတ်ပြန်ခြင်း**

၂၀၁၅-၁၆ သီးနှံရာသီအတွက်အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်နိုင်မှုခန့်မှန်းပမာဏမှာ တန်ချိန် ၁၇ ဒသမ ၀၆ သန်းရှိမည်ဟု အစောပိုင်းက ခန့်မှန်းထားခဲ့ပြီး၊ နောက်ဆုံးခန့်မှန်းချက်မှာ တန်ချိန် ၁၆ ဒသမ ၃၅ သန်းသို့လျော့ကျခန့်မှန်းခဲ့ကြောင်း၊ ၂၀၁၆-၁၇ သီးနှံရာသီအတွက်မူ ရာသီဥတုအခြေအနေသင့်တင့်ကောင်းမွန်ပြီး၊ အထွက်နှုန်း ကောင်းမွန်နိုင်သည့်အတွက် တတိယအကြိမ်မြောက်ခန့်မှန်းထုတ်ပြန်သည့် ပဲထုတ်လုပ်နိုင်မှုခန့်မှန်းပမာဏတွင် တန်ချိန် ၂၂ ဒသမ ၄၀ သန်းအထိ ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။

**ပြည်တွင်းပဲလိုအပ်ချက်ပြည့်မီရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေး အိန္ဒိယအစိုးရ၏ ဆောင်ရွက်ချက်**

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲထုတ်လုပ်နိုင်မှု တိုးတက်မှုအခြေအနေ ပိုမိုလက်တွေ့ကျရန်နှင့် ပြည်တွင်း၌ တိုးတက်လာသည့် ပဲလိုအပ်

စာမျက်နှာ (၂၆)သို့ ➢

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပို့ကုန်ရငွေများအား Real Effective Exchange Rate ဖြင့် လဲလှယ်ခွင့်ပြုရန် အိန္ဒိယပို့ကုန်လုပ်ငန်းရှင် အဖွဲ့အစည်းများက ဆန္ဒရှိ

Nominal Effective Exchange Rate (NEER) ဖြင့် တွက်ချက်ပါက နစ်နာမှုများရှိနေသည့်အတွက် အိန္ဒိယနိုင်ငံ၏ အင်ဂျင်နီယာ ပို့ကုန်လုပ်ငန်းရှင်များအဖွဲ့ (Engineering Exporter's Organization) သည် ၎င်းတို့၏ ပို့ကုန်ရငွေများအား Real Effective Exchange Rate ဖြင့် လဲလှယ်ခွင့်ပြုရန် အိန္ဒိယဗဟိုဘဏ်နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့သို့ အဆိုပြုတင်ပြထားကြောင်း၊ ယခုနှစ်ပိုင်းတွင် ရူပီးငွေတန်ဖိုးမှာ သိသိသာသာမာနေသည့်အတွက် ပို့ကုန်လုပ်ငန်းရှင်များအပေါ် ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ လက်ရှိကာလအတွင်း ရူပီးငွေတန်ဖိုးသည် ခြောက် ရာခိုင်နှုန်းဝန်းကျင်ခန့် တန်ဖိုးမြင့်တက်လာခဲ့ကြောင်း၊ အဆိုပါကာလအတွင်း အိန္ဒိယ၏ အဓိကပြိုင်ဘက်နိုင်ငံအများစု၌ ၎င်းတို့၏ငွေကြေးများကို ဒေါ်လာနှင့်လဲလှယ်ရာတွင် ငွေတန်ဖိုး ကျဆင်းနေရာ ယင်းအခြေအနေသည် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် ယှဉ်ပြိုင်မှုပြုရန်မှာ အလွန့်အလွန်ခဲယဉ်းသည့် အနေအထားဖြစ်သည်ဟု EEPC ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ Mr.Bhaskar Sarkar က ပြောကြားခဲ့ သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ချေးငွေများထုတ်ချေးရာ၌ လုပ်ငန်းစဉ်ကြာမြင့်ချိန်များကို လျှော့ချရန်နှင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၌ ပိုမို ဦးစားပေးရန် အိန္ဒိယအစိုးရက ADB ဘဏ်အား တိုက်တွန်း

အာရှဖွံ့ဖြိုးရေးဘဏ်(ADB) အနေဖြင့် လုပ်ငန်းတူပြိုင်ဖက်များထက် အသာရနေစေရန်အတွက် ချေးငွေများ ခွင့်ပြုခြင်းနှင့် ထုတ်ပေးခြင်းလုပ်ငန်းစဉ်များအား ပိုမိုမြန်ဆန်စွာဆောင်ရွက်ရန်နှင့် အခြားသော စီမံကိန်းများထက် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ စီမံကိန်းများ အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် အရင်းအနှီးများ ပိုမိုထုတ်ပေးသင့်သည်ဟု ဂျပန်နိုင်ငံ၊ ယိုကိုဟားမား ပြည်နယ်၌ကျင်းပခဲ့သည့် ADB ဘုတ်အဖွဲ့ဝင် အကြီးအကဲများ အစည်းအဝေး၌ အိန္ဒိယဘဏ္ဍာရေးဝန်ကြီး အရန်ဂျိတ်တလေက တိုတ်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အခြေခံအဆောက်အအုံဆိုင်ရာ ချေးငွေများထုတ်ချေးပေးသည့် အတိုင်းအတာပါဝင်မှုတိုးပွားလာနေသည့် အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank) နှင့် ဖွံ့ဖြိုးရေးဘဏ်သစ် (New Development Bank) ကဲ့သို့သော ဘက်စုံချေးငွေထုတ်ချေးသည့် အဖွဲ့အစည်းသစ်များ ပေါ်ပေါက်လာသည့် နောက်ပိုင်းတွင် ၎င်း၏အဆိုပါတိုက်တွန်းချက်သည် အရေးပါသည်ဟု ဆိုနိုင်ကြောင်း၊ ADB အနေဖြင့် တောင် အာရှဒေသအတွက် ဒေသဆိုင်ရာရုံးခွဲအား နယူးဒေလီမြို့၌ လာရောက်ဖွင့်လှစ်ရန်နှင့် စွမ်းအင်ကဏ္ဍ၊ မြို့ပြဖွံ့ဖြိုး တိုးတက်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများအား ချေးငွေများ/အကူ အညီများပေးရာ၌ ဈေးနှုန်းသင့်တင့်သည့် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် သောက်သုံးရေရရှိရေးနှင့် မိလ္လာစနစ်များ တိုးတက်ကောင်းမွန်လာစေရေးတို့တွင် အထူးအလေးထားထောက်ပံ့ပေးရန် အရန်ဂျိတ်တလေက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။ **ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဟောင်ကောင်ရှိ နိုင်ငံခြားပညာရှင်များ၏ လစာအပါအဝင် အကျိုးခံစားခွင့်ရရှိငွေ ငါးနှစ်ဆက်တိုက်ကျဆင်း

နိုင်ငံခြားပညာရှင်များ၏ လစာအပါအဝင် အကျိုးခံစားခွင့်ရရှိငွေမှာ ငါးနှစ်ဆက်တိုက် ကျဆင်းကြောင်း သုတေသနစာတမ်းသစ်မှ ထုတ်ပြန်ခဲ့သည်။ ယမန်နှစ်အတွင်း ပျမ်းမျှရရှိငွေမှာအမေရိကန်ဒေါ်လာ ၂၆၅၀၀၀ ရှိပြီး လွန်ခဲ့သော ငါးနှစ်အောက် နှစ်ရာခိုင်နှုန်း လျော့နည်းခဲ့ကာ ၂၀၁၅ တွင် ပျမ်းမျှ ၂၆၇၀၀၀ ဒေါ်လာရှိခဲ့သည်။ သို့သော်လည်း ဟောင်ကောင်အတွင်းရှိ နိုင်ငံခြားပညာရှင်များ၏ လုပ်ခလစာမှာကမ္ဘာလုံးဆိုင်ရာအဆင့်တွင် အဆင့်တစ်ဆင့်ကျဆင်းခဲ့ပြီး အဆင့်ငါးသို့ ကျဆင်းခဲ့သော်လည်း အာရှပစိဖိတ်ဒေသတွင် ယခင်နှစ်အတိုင်း မပြောင်းလဲဘဲ စတုတ္ထမြောက် အမြင့်ဆုံးဖြစ်ခဲ့သည်။

သုတေသနစာတမ်းအရ ပြုစုရရှိလာသော အချက်အလက်များအား ဆွေးနွေးတင်ပြရာတွင် နိုင်ငံခြားပညာရှင်များ၏ အိမ်ခန်းငှားရမ်းခခွင့်ပြုငွေမှာ ၂၀၁၂ မှစ၍ ကျဆင်းခဲ့ကြောင်း နေထိုင်စရိတ်အပါအဝင် အကျိုးခံစားခွင့်ရငွေမှာ ငါးရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း၊ လူသားအရင်းအမြစ်ဆိုင်ရာ အတိုင်ပင်ခံလုပ်ငန်း၏ ဒေသတွင်း ဒါရိုက်တာ Lee Quane က ပြောကြားခဲ့သည်။

နိုင်ငံခြားပညာရှင်များ၏ လုပ်ခလစာ၊ စံသတ်မှတ်နှုန်းမှာ ပုံမှန်အားဖြင့် လစာအကျိုးခံစားခွင့်နှင့် အခွန်ဟူ၍ သုံးပိုင်းခွဲခြားထားကြောင်း၊ ဟောင်ကောင်အနေဖြင့် အကျိုးခံစားခွင့်တွင် ငါးရာခိုင်နှုန်း လျော့နည်းခဲ့သော်လည်း အာရှပစိဖိတ်ဒေသအတွင်း အခြားနေရာအားလုံးထက် သိသိသာသာမြင့်မားနေသေးကြောင်း၊ ၂၀၁၆ ခုနှစ် စစ်တမ်းမှာ နိုင်ငံပေါင်း ၁၆၀ နိုင်ငံရှိ နိုင်ငံခြားပညာရှင် ၁၀၀၀ ကျော်နှင့်ကုမ္ပဏီပေါင်း ၂၉၀ မှ ကောက်ယူထားခြင်းဖြစ်ပြီး အာရှပစိဖိတ်ဒေသအဆင့် သတ်မှတ်ခြင်းဇယားတွင် ယူကေမှ ထိပ်ဆုံးမှ ရပ်တည်ခဲ့ပြီး ၎င်းနောက် ဂျပန်၊ တရုတ်ပြည်မကြီးနှင့် အိန္ဒိယတို့ရှိခဲ့သည်။

တရုတ်ကုမ္ပဏီများ အနေဖြင့် နိုင်ငံခြားပညာရှင်များအား ဆွဲဆောင်နိုင်ရန် လုပ်ခလစာ ပိုမိုကမ်းလှမ်းပေးရန် ကြိုးစားလျက်ရှိပြီး နေထိုင်စရိတ်နှင့်လေထုညစ်ညမ်းမှု မြင့်တက်နေသည့်ကြားမှ နိုင်ငံခြားပညာရှင်များအား ပိုမိုခန့်ထားနိုင်ရေး နည်းလမ်းများကို ကြိုးပမ်းရှာဖွေလျက်ရှိသည်။

အိန္ဒိယမှာ အဆင့်သုံးတွင် ရပ်တည်ခဲ့သော်လည်း ၎င်းလုပ်ခလစာ၏ ထက်ဝက်နီးပါးခန့်မှာ အခွန်ပေးဆောင်ရကြောင်း၊ အခွန်အားဖယ်နုတ်လိုက်ပါက ဒေသတွင်းတွင် အဆင့် ၁၀ အတွင်းသာရှိကြောင်း၊ စင်ကာပူမှာ အမေရိကန်ဒေါ်လာ ၂၃၅၅၀၀ နှင့် အာရှပစိဖိတ်ဒေသအတွင်းအဆင့် ကိုးမှ ရပ်တည်ခဲ့ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ထိုင်းနိုင်ငံ Sri Trang ရော်ဘာကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှု တိုးချဲ့မည်

ထိုင်းနိုင်ငံတွင် ရော်ဘာစိုက်ပျိုး ရေးနှင့် ရော်ဘာပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်လျက်ရှိသည့် Sri Trang Agro-Industry Plc (STA) သည် ရော်ဘာပစ္စည်း ထုတ်လုပ်မှုအပိုင်း (Midstream Rubber Production) ကို မြှင့်တင်ရန်အတွက် ဘတ်နှစ်ဘီလီယံ တိုးချဲ့ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

STA ကုမ္ပဏီကို ၁၉၈၇ ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့ပြီး ဆောင်ခလာ ပြည်နယ်တွင် တည်ရှိပါသည်။ ထိုင်းနိုင်ငံတွင် အကြီးဆုံး ရော်ဘာကုမ္ပဏီတစ်ခုဖြစ်ပြီး ရော်ဘာအမျိုးမျိုးထုတ်လုပ်သည့်လုပ်ငန်းအပြင် ရော်ဘာ ရိုင် ၅၀၀၀၀ (တစ်ရိုင် = သုည ဒသမ ၃၉၅ ဧက)ကိုလည်း စိုက်ပျိုးထားပါသည်။ STA သည် ထိုင်းနိုင်ငံ၏ စတော့အိတ်ချိန်းအပြင် စင်ကာပူစတော့အိတ်ချိန်းတွင်လည်း စာရင်းဝင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

STA ကုမ္ပဏီသည် တစ်နှစ်လျှင် ရော်ဘာတန်ချိန် ၂ ဒသမ ၄ သန်းထုတ်လုပ်ရာမှ တန်ချိန် ၂ ဒသမ ၉ သန်းသို့ တိုးတက်ထုတ်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ကုန်ထုတ်စွမ်းအားကို မြှင့်တင်မည်ဖြစ် ကြောင်း၊ သဘာဝရော်ဘာထုတ်လုပ်မှုအတွက် ပြည်တွင်းကုန်ထုတ်စွမ်းအားကိုသာ မြှင့်တင်မည်ဖြစ်ပါသည်။

ယခုနှစ်တွင် ကမ္ဘာ့ရော်ဘာ ဝယ်လိုအား တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ရော်ဘာ ဝယ်လိုအားသည် တန်ချိန် ၁၂ ဒသမ ၅ သန်းရှိရာမှ ၂၀၁၇-၂၀၁၉ ခုနှစ်အတွင်း လေးရာခိုင်နှုန်းတိုးတက်မည်ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်တွင် တန်ချိန်စုစုပေါင်း ၁၃ သန်းသို့ မြင့်တက်လာမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ကမ္ဘာ့ရော်ဘာဈေးကွက်သို့ တန်ချိန် ၁ ဒသမ ၇ သန်းရောင်းချရန် မျှော်မှန်းထားကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ရော်ဘာဝယ်လိုအားသည် တန်ချိန် ၁၃ ဒသမ ၉ သန်းသို့ ရောက်ရှိ၍ STA သည် ကမ္ဘာ့ရော်ဘာဈေးကွက်၏ ၂၀ ရာခိုင်နှုန်းထိရရှိရန် မျှော်မှန်းထားကြောင်း Mr.Veerasith က ပြောကြားခဲ့ပါသည်။

STA ၏ ရော်ဘာထွက်ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုအပိုင်း (Downstream Rubber Production) သည် အရေအတွက် ၁၄ ဘီလီယံရှိပြီး ကုမ္ပဏီဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ STA ကုမ္ပဏီသည် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာ နိုင်ငံတို့တွင် စက်ရုံပေါင်း ၃၅ ရုံကို ဖွင့်လှစ်ထားပါသည်။ ကုမ္ပဏီသည် ၂၀၁၅ ခုနှစ်တွင် အသားတင်အမြတ် ၁ ဒသမ ၁၂ ဘီလီယံရရှိခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် ဝင်ငွေဘတ် ၇၇ ဒသမ ၉ ဘီလီယံရရှိ၍ ၂၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ဘတ် ၇၈၅ သန်းအရှုံးပြခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၆–၅–၂၀၁၇)

ဇော်ဝင်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကို ကျပ် ၉၇၂၀၀၀ ထိ ဈေးတက်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်တန်ကို ကျပ် ၉၃၂၀၀၀ သာ ရှိတာကြောင့် တစ်တန်ကို ကျပ် ၄၀၀၀၀ ဈေးကျခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ (RC) ကလည်း ယခင်တစ်ပတ်က တစ် တန်ကျပ် ၁၂၂၄၅၀၀ ထိ ဈေးတက်ခဲ့ရာ ယခုတစ်ပတ်မှာ တစ် တန်ကျပ် ၁၁၈၀၀၀၀ ထိဈေးကျခဲ့တာကြောင့် တစ်တန်ကို ကျပ် ၄၄၅၀၀ ထိ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန်ကျပ် ၆၇၆၀၀၀ ထိ ဈေးတက်ခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၆၆၁၅၀၀ ထိ ဈေးကျခဲ့ပြီး တစ်တန်ကို ကျပ် ၁၄၅၀၀ ခန့် ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးဆက်လက် ငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးက ရက်သတ္တသုံးပတ်ဆက်တိုက် တစ်ပိဿာ ကျပ် ၄၂၀ (တစ်တန်ကျပ် ၂၅၇၂၀၀) နဲ့ ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၃၄၇၃၂၀၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၂၉၁၄၂၉၅ သာရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းပြီး အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခမှာ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာကို ကျပ် ၃၀ ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးမြင့်တက်ပြီး အရောင်းအဝယ်သွက်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေး ပြန်လည် တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေး တစ်ပိဿာ ကျပ် ၃၅၀ နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၃၆၀ (တစ်တန်ကျပ် ၂၂၀၄၆၀ ) ထိ ပြန်လည်ဈေးမြင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၄၀၀၀၀၀ ကျော်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၆၀၀၀၀၀ ကျော်ရှိတာကြောင့် ဈေးနှုန်းတက်ခဲ့သလို အရောင်းအဝယ်လည်း သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး ဆက်လက်ငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလိုတစ်အိတ် ကို ယွမ် ၇၀ မှ ယွမ် ၈၀ (တစ်တန်ယွမ် ၁၄၀၀ မှ ယွမ် ၁၆၀၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံသို့ တင်ပို့နိုင်မှုမှာတော့ ယခင်တစ်ပတ်က တန် ၂၄၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၁၂၃၀၀ ကျော်သာ တင်ပို့နိုင်တာကြောင့်ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီး ဈေးတက်သော်လည်း မတ်ပဲနဲ့ ပဲစင်းငုံ ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီး (ထိပ်စ) ဈေးတက်ခဲ့ပြီး မတ်ပဲနဲ့ ပဲစင်းငုံနီတို့က ယခင်တစ်ပတ်ထက် ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး(ထိပ်စ) အသစ်အနေနဲ့ အရည်အသွေးပေါ် မူတည်ပြီး ဈေးအမြင့်နဲ့ ဝယ်ယူခဲ့တာကြောင့် ယခင်တစ်ပတ်က တစ်ပိဿာ ၁၉၄၇ ကျပ်သာရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၀၁၆ ကျပ် (တစ်တန်ကျပ် ၁၂၃၄၅၇၀ ထိ )ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီကို ဝယ်လိုအားရှိပေမယ့် တက်ဈေး မျှော်ရောင်းဝယ်မှုကြောင့် အရောင်းအဝယ် အေးခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၁၀၇၅ ကျပ်ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၀၃၀ (တစ်တန် ကျပ် ၆၃၀၇၆၀) ထိ ပြန်လည်ဈေးကျခဲ့ပြီး တစ်နေ့အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကလည်း မြို့ခံပဲခွဲစက်များက ဝယ်ယူတဲ့အတွက် တစ်ပိဿာ ကျပ် ၁၆၁၀ ထိ ဆက်လက် ဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန် ကျပ် ၉၁၈၅၈၀) ထိ ပြန်လည်ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၂၁၁ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၄၂ကျပ် (တစ်တန်ကျပ် ၁၃၁၁၇၃၀) နဲ့ ပြန်လည်ဈေးကျခဲ့သလို ကုလားပဲထိုင်ဝမ်ကလည်း ယခင်တစ်ပတ်ဈေး တစ်ပိဿာ ၁၉၄၇ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၉၅ ကျပ် (တစ်တန်ကျပ် ၁၁၆၀၄၇၀) ထိ ပြန်လည်ဈေးကျခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံမှာတော့ နှမ်းဖြူထိပ်စက ယခင်တစ်ပတ်ဈေး တစ်ပိဿာ ၂၃၃၃ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန်ကျပ် ၁၄၆၉၇၃၀ ) ထိဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာ ၄၃၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၄၁၈ ကျပ် (တစ်တန်ကျပ် ၂၅၅၉၇၀ ) ထိ ပြန်လည်ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေး ဆက်လက်တက်ရိပ်ပြပြီး မတ်ပဲဈေး ပြန်ကျ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေး ဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၃၆၅ ကျပ်ထိ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၃၈၅ ကျပ် (တစ်တန်ကျပ် ၂၃၅၇၇၀) ထိ ဆက်လက် ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၂၀၀၀ မှ ၃၀၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်အထိ တစ်ပိဿာ ၁၆၂၅ ကျပ်နဲ့ ဆက်လက်ဈေးမြင့်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၅၅၀ (တစ်တန်ကျပ် ၉၄၉၂၀၀) ထိဈေးပြန်လည်ကျဆင်းခဲ့ပြီး တစ်နေ့အိတ် ၃၀၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲဈေး တစ်ပိဿာ ၁၅၈၃ ကျပ် ထိဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၅၁၇ကျပ် (တစ်တန် ကျပ် ၉၂၈၉၉၀) ထိ ဆက်လက်ဈေးကျခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်ယူမှုရှိပြီး တစ်နေ့အိတ် ၄၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၁၀၄၅ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၀၀၈ ကျပ် (တစ်တန်ကျပ် ၆၁၇၂၈၀) နဲ့ ပြန်လည်ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ လှော်လက်များက ပုံမှန်ဝယ်ယူမှုရှိကြောင်းလည်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းအညာ(ရွှေဝါ) ကတော့ တစ်ပိဿာ ၁၉၇၃ ကျပ်သာရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၀၇၁ ကျပ် (တစ်တန်ကျပ် ၁၂၆၈၂၅၀) ထိ ဈေးမြင့်ခဲ့ပါတယ်။ ပဲတီစိမ်းအညာ (ရွှေဝါ) အနေနဲ့ တစ်နေ့အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုရိုး တစ်ပိဿာ ၂၁၇၈ ကျပ် (တစ်တန်ကျပ် ၁၃၃၃၇၈၀) နဲ့ ဆက်လက်ဈေးငြိမ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၃၃ ကျပ်နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိသာကျပ် ၂၈၀၀ (တစ်တန် ကျပ် ၁၇၁၄၆၉၀) နဲ့ ဈေးပြန်မြင့်ခဲ့ပါတယ်။ အလားတူ နှမ်းဖြူထိပ်စကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၈၉ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၁၁ ကျပ်(တစ်တန်ကျပ် ၁၄၁၅၂၃၀) ထိ ဈေးပြန်လည် ဈေးမြင့်ခဲ့ပါတယ်။ နှမ်းနက်နဲ့ နှမ်းဖြူကို တရုတ်ဝယ်လက်များက ဝယ်ယူမှုရှိပြီး နှမ်းမျိုးစုံ တစ်နေ့အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး မတ်ပဲနဲ့ ပဲစင်းငုံ ဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက်တက်ရိပ်ပြခဲ့ပေမယ့် မတ်ပဲနဲ့ ပဲစင်းငုံတို့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ၁၈၄၂ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ် ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၉၂၀ (တစ်တန်ကျပ် ၁၁၇၅၇၈၀) ထိ ဆက်လက်ပြီး ဈေးတက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၆၀၅ ကျပ်ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၅၄၀ ( တစ်တန် ကျပ် ၉၄၃၀၈၀) ထိ ဈေးပြန်လည် ကျဆင်းခဲ့ပါတယ်။ အလားတူ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၁၀၂၅ ကျပ် ထိဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၀၀၀ ( တစ်တန်ကျပ် ၆၁၂၃၉၀) ထိ ဈေးပြန်လည် ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန် ကျပ် ၉၁၈၅၈၀ )၊ ထောပတ်ပဲ တစ်ပိဿာ ကျပ် ၁၂၁၀ (တစ်တန် ကျပ် ၇၄၀၉၉၀ ) နဲ့ အသီးသီး အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနက်စမုံ ဈေးတက်ခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၅၈၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၆၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀) နဲ့ ဈေးမြင့် ခဲ့ပါတယ်။ နှမ်းဖြူထိပ်စကတော့ ယခင်တစ်ပတ်ဈေး တစ်ပိဿာ ၂၃၅၅ ကျပ် (တစ်တန် ကျပ် ၁၄၄၂၁၇၀) နဲ့ ဆက် လက်ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံဈေးကျပြီး ပဲတီစိမ်း ဆက်လက်ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံ ဈေးပြန်လည်ကျဆင်းခဲ့ပြီး ပဲတီစိမ်းက ဆက်လက်ဈေးငြိမ်နေခဲ့ ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ ပဲစင်းငုံဈေး ဆက်လက်မြင့်တက်ခဲ့ပြီး တစ်ပိဿာ ကျပ် ၁၀၅၀ အထိဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၀၂၀ (တစ်တန် ကျပ် ၆၂၄၆၃၀) ထိ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းဈေးကတော့ ရက်သတ္တငါးပတ်ဆက်တိုက် တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန်ကျပ် ၉၆၄၅၁၀) နဲ့ ဆက်လက်ဈေးငြိမ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် သိပ္ပံနှမ်းဈေးကျခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၂၆၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၅၈၀( တစ်တန် ကျပ် ၁၅၇၉၉၆၀) ထိ ဈေးပြန်လည် ကျဆင်းခဲ့ပါတယ်။ နှမ်းနီက ယခင်တစ်ပတ်ဈေး တစ်ပိဿာကျပ် ၂၀၀၀ (တစ်တန် ၁၂၂၄၇၈၀) နဲ့ အလားတူ နှမ်းနက် ကလည်း ယခင်တစ်ပတ်ဈေး တစ်ပိဿာကျပ် ၂၁၁၀ (တစ်တန် ကျပ် ၁၂၉၂၁၄၀ ) နဲ့ ဆက်လက်ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။





# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်ပစ္စည်း စစ်ဆေးရေးကွင်း ပြင်ဆင်ဆောက်လုပ်ရေးလုပ်ငန်း ထောက်ပံ့ကူညီမှုအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

ရှမ်းပြည်နယ် မြောက်ပိုင်း၊ မူဆယ်မြို့ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၏ ကုန်ပစ္စည်း စစ်ဆေးရေးကွင်း ပြင်ဆင်ဆောက်လုပ်ရေးလုပ်ငန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့ကူညီမှုပြုခြင်းအတွက် သဘောတူစာချုပ်ချုပ်ဆိုခြင်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားအား မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ မေလ ၂၆ ရက်တွင် စတင်ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘက်မှ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဂိုန်မိုင်၊ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင် မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ မူဆယ်-နမ့်ခမ်း ကုန်သည်အသင်းနှင့် ကုန်စည်ဒိုင်များ၊ အသင်းအဖွဲ့ များမှတာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ယူနန်ပြည်နယ်၊ တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာကုန်းကျင်ကျန့်၊ တယ်ဟုန်ပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ စူးဟုန်ထောက်၊ တယ်ဟုန်ပြည်နယ်ခွဲ အစိုးရဌာန အတွင်းရေးမှူးချုပ် မစ္စတာလီပင်း၊ ရွှေလီမြို့မြို့တော်ဝန် မစ္စတာရှဲ့တဖုန်နှင့် ဖိတ်ကြားထားသော မြန်မာ-တရုတ် နှစ်နိုင်ငံမှ ဧည့်သည်တော်များ၊ သတင်းမီဒီယာဌာနများ စုံစုံညီညီ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားခဲ့သည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် တယ်ဟုန် ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာကုန်းကျင်ကျန့်က သဘောတူစာချုပ်ချုပ်ဆိုရခြင်းအား ရှင်းလင်းပြောကြားခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ ညွှန်ကြားရေးမှူးဦးမြင့်သူရက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ပါသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံမှတာဝန်ရှိကိုယ်စားလှယ်များက သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပြီး ကုန်ပစ္စည်းစစ်ဆေးရေးကွင်း ပြင်ဆင်ဆောက်လုပ်ရေးစီမံကိန်း စတင်ဆောင်ရွက်ခြင်းအား ဖဲကြိုးဖြတ်၍ အောင်မြင်စွာ ဖွင့်လှစ်ခဲ့ကြပါသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ သမိုင်းကြောင်းအား ပြန်ကြည့်ပါမူ ၂၀၀၅ ခုနှစ် ၊ မတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၆ ခုနှစ်၊ ဧပြီလတွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကုန်သွယ်ရေးဇုန်အဖြစ် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် မဖွင့်လှစ်မီက နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်သာရှိခဲ့ပြီး ကုန်သွယ်ရေးဇုန် ဖွင့်လှစ်ပြီး ၁၀ နှစ်အကြာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၃၆၂ သန်းအထိ တိုးတက်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုပြုရာတွင် တရုတ်နိုင်ငံနှင့် ပြုလုပ်သော နယ်စပ်ကုန်သွယ်မှုပမာဏသည် အများဆုံးဖြစ်ပြီး၊ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုပမာဏသည် နယ်စပ်ကုန်သွယ်မှုအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ရှိပါသည်။

ကုန်သွယ်ရေးဇုန် စတင်ဖွင့်လှစ်ချိန်က နေ့စဉ် ပို့ကုန်၊ သွင်းကုန်ကားစီးရေ ၂၀၀ ခန့်ရှိခဲ့ရာမှ ယခု ၁၀ စုနှစ်တစ်ခုအတွင်း ကုန်တင်ကားစီးရေ ၁၂၀၀ မှ ၁၅၀၀ ခန့်အထိ ရှိလာသည့်အတွက် ကုန်သွယ်ရေးဇုန်ဧရိယာအရ တိုးတက်လာသော ကုန်သွယ်မှု ပမာဏပေါ် မူတည်ပြီး တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်မွမ်းမံမှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရ၏ ယာဉ်စစ်ကွင်း ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ယခုကဲ့သို့ ယွမ်သိန်း ၁၀၀ ထောက်ပံ့မှုသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် အထောက်အကူတစ်ခုပင် ဖြစ်ပါသည်။

အဆိုပါ ထောက်ပံ့ကူညီမှုသည် ကုန်သွယ်ရေးဇုန်တစ်ခုလုံးအား ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်သာ ပါဝင်သော်လည်း မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေမျိုးပေါက်ဖော်စိတ်နှင့် ရိုင်းပင်းကူညီမှုများသည် နှစ်နိုင်ငံလုံးအတွက် ပိုမိုအရေးပါလှပေသည်။

နှစ်နိုင်ငံကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံပြည်သူများအကျိုးဖြစ်ထွန်းမှု ရရှိစေရန်အတွက် Win-Win Situation ဖြစ်စေရန်လိုအပ်လှပေသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုဆောင်ရွက်ရာတွင် အောက်ခြေအဆင့် နှစ်ဖက်သော ကုန်သည်လုပ်ငန်းရှင်များ၏ အခက်အခဲ၊ စိန်ခေါ်မှု၊ အဆင်မပြေမှုများအား နှစ်နိုင်ငံတာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဖြေရှင်းပေးလျက်ရှိကြပါသည်။ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုတွင် ယခုထက် ကုန်သွယ်မှုပမာဏ တိုးတက်ရေး၊ ကုန်သွယ်မှုလွယ်ကူလျင်မြန် ချောမွေ့စေရေးတို့အတွက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်း ဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှု၊ တန်းတူရည်တူရှိမှုတို့အပေါ် အခြေခံ၍ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းရန် ဦးတည်ပြီး ဆက်လက် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

ယင်းသို့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်း စစ်ဆေးရေးကွင်း ထောက်ပံ့ကူညီပေးမှု အစီအစဉ်သည် တရုတ်နိုင်ငံမှ ယွမ်သိန်း ၁၀၀ တန်ဖိုးရှိကုန်စစ်ဆေးရေးကွင်းအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား တရုတ်နိုင်ငံရှိ ကုမ္ပဏီများက ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ရက်တွင် အပြီးလာရောက်ဆောင်ရွက်ပေးမည့် တည်ဆောက်ရေးလုပ်ငန်းကိုသာ အကူအညီပေးသည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိပါသည်။

**မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်**

## စာမျက်နှာ - ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ....မှအဆက်

ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်ပစ္စည်းများနှင့် GSP အခွင့်အရေးပေးထားသော ပို့ကုန်ပစ္စည်းများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီထုတ်လုပ်၍ ဥရောပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် Corporate Social Responsibility (CSR) အစီအစဉ်များ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းတွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို တက်ကြွစွာ မြှင့်တင်ပူးပေါင်း ဆောင်ရွက်သွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များကို စည်းမျဉ်းဥပဒေနှင့်အညီ ဖန်တီး တည်ဆောက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ ကြသည်။

ထို့နောက် Japan External Trade Organization (JETRO) မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာတွင် JETRO ၏ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ စီမံကိန်းများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ၊ မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများကို ပံ့ပိုးကူညီပေး သွားမည့် အစီအစဉ်များ၊ မြန်မာ့ပို့ကုန်အား ဂျပန်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်စီးပွားရေးဆိုင်ရာ အကျိုးတူဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ - ၃ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ....မှအဆက်

လျင်မြန်လွယ်ကူစွာ စီးဆင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများ၊ အရှေ့ အနောက် စီးပွားရေးစင်္ကြံမှတစ်ဆင့် ဒေသတွင်း နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ဖော်ဆောင်နိုင်မည့် အလားအလာများအပါအဝင် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်များ ပြဋ္ဌာန်းပေးခြင်းတို့ဖြင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန် ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ - ၃ ဒုတိယဝန်ကြီး ဦးအောင်ထူး ....မှအဆက်

အခမ်းအနားသို့ တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ အပါအဝင် လူအင်အား ၅၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ၃၅ လမ်းနှင့် ၆၅ လမ်းထောင့်ရှိ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးလှမော်ဦး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ညွှန်ကြားရေးမှူးဦးမျိုးသူတို့ ပါဝင်သော အဖွဲ့များဖြင့် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံပြီး လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီးရုံးမှ ရုံးခန်းများ၊ MITS မှဆီစာတ်ခွဲခန်း၊ ရတနာပုံ ကုန်သွယ်မှုဇုဟိုဌာနနှင့် ပြခန်းတို့ကို ဝင်ရောက်ကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ Fuel Tank Trailer များ တင်သွင်းလျက်ရှိ

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အမျှ မကြာခင်ကာလမှာ ကျင့်သုံးတော့မယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းထဲမှာ အားလုံးတစ်ပြေးညီ ဖြစ်ပေါ်လာစေရေးကို လိုက်ပါဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သယ်ယူပို့ဆောင်ရေး ကဏ္ဍမှာ ယခင်ကခေတ်ဟောင်း စနစ်ဟောင်းတွေကို ပယ်ဖျက်ပြီး အာဆီယံစံချိန်စံညွှန်းနဲ့ အညီ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လမ်း၊ တံတားကြေးများကောက်ခံရာ၌ အာဆီယံစံချိန်စံညွှန်းနဲ့အညီ တန်ချိန်သတ်မှတ်မှုများကြောင့် ဝင်ရိုးခြောက်ခုအထိ ရှိတဲ့ ၂၂ ဘီးတွဲကားများကိုသာ အသုံးပြုရတော့မှာဖြစ်ပါတယ်။ ယခင်က သယ်ယူပို့ဆောင်ခဲ့တဲ့ ၁၀ ဘီး၊ ၁၂ ဘီးကားများထက် ၂၂ ဘီးတွဲကားများက တန်ချိန်ပိုမိုရရှိတဲ့အတွက် သယ်ယူပို့ဆောင်သူများအတွက် တွက်ခြေကိုက်လျက်ရှိပါတယ်။ ဒါကြောင့် ၂၂ ဘီးတွဲကားများ၊ Prime Mover Head များ၊ Trailer များကို တစ်ဖက်နိုင်ငံမှ ဝယ်ယူ၍ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အများအပြားတင်သွင်းလျက်ရှိတာကို တွေ့ရပါတယ်။

ယာဉ်ယန္တရားများ တင်သွင်းမှုများပြားလာပြီး လုပ်ငန်းများတွင်ကျယ်လာတဲ့အတွက် Fuel Tank Trailer များကိုလည်း အများအပြားတင်သွင်းခဲ့ကြပါတယ်။ ပြည်တွင်းစက်သုံးဆီ အရောင်းဆိုင်များမှာ အသုံးပြုရန်အတွက်လည်း ဝယ်ယူတင်သွင်းကြပါတယ်။

ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရာမှာ ၂၂ ဘီးတွဲကားများကို အများအပြား အသုံးပြုလာသလို စက်သုံးဆီသယ်ယူပို့ဆောင်ရာမှာလည်း Fuel Tank Trailer များကို အများအပြား အသုံးပြုလျက်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံမှ Fuel Tank Trailer များကို မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အများအပြား တင်သွင်းလျက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ ကုန်သွယ်မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၈၆ သန်းတန်ဖိုးရှိ Fuel Tank Trailer ၄၇၂ စီး တင်သွင်းခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီလတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၈၄သန်းတန်ဖိုးရှိ Fuel Tank Trailer ၅၃ စီး တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။

တင်သွင်းခဲ့သည့် Fuel Tank Trailer ကုန်အမှတ်တံဆိပ် (Brand) များအနေဖြင့် MIMC, YONG QIANG, WUYUE, TONGYA, DONGFENG, HAOTONG, PSWA, DONG GUAN, CHUKABAR တို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ MIMC, YONG QIANG (Brand) များကို လူကြိုက်များကြောင်း သိရှိရပါတယ်။

Fuel Tank Trailer များကို မောင်းနှင်ရာ၌ စက်သုံးဆီများ ဘောင်ပင်ခတ်၍ လူးလွန့်မှုမရှိစေရန် Tank Trailer အတွင်းမှာ ကန့်သတ်ထားတဲ့အခန်းများ ပါဝင်ပါတယ်။ ရှစ်ခန်း၊ ငါးခန်း၊ လေးခန်း၊ နှစ်ခန်း အမျိုးမျိုးရှိပါတယ်။ Re-export လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် နှစ်ခန်းပါ Tank များကို ပိုမိုကြိုက်နှစ်သက်ကြပါတယ်။ အခန်းနည်းသွားတဲ့အတွက် Tank အတွင်း ကန့်သတ်ထားတဲ့ သံပြားအလေးချိန်အတွက် စက်သုံးဆီ ပိုမိုတင်ဆောင်နိုင်ပါတယ်။ Fuel Tank Trailer တစ်စီးလျှင် သတ်မှတ်ကတ္တားတန်ချိန်အတွင်း လီတာ ၃၃၇၇၀ မှ လီတာ ၃၅၉၇၀ အထိ သယ်ဆောင်နိုင်ပါတယ်။ ဒီဇယ်ဆီ Re-export လုပ်ငန်းဆောင်ရွက်မှုတွင် ရန်ကုန်ဆိပ်ကမ်းမှ မန္တလေးဂေါဝိန်ဆိပ်ကမ်းအထိ မြစ်ကြောင်းအတိုင်း CB တွဲသင်္ဘောဖြင့် သယ်ဆောင်ပြီး ထိုမှတစ်ဆင့် Fuel Tank Trailer များဖြင့် မန္တလေး-မူဆယ်ကားလမ်းအတိုင်း သယ်ဆောင်ကြောင်း သိရပါတယ်။ ပြည်တွင်းရောင်းဈေးအနေဖြင့် Fuel Tank Trailer တစ်စီးလျှင် ကျပ်သိန်း ၄၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်းကိုဖြတ်၍ တရုတ်နိုင်ငံသို့ ဖောက်လုပ်ထားတဲ့ ရွှေရေနံပိုက်လိုင်းမှ ရေနံစိမ်းပို့လွှတ်မှုကို ယခုနှစ် မေလလယ်တွင် စတင်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိတဲ့အတွက် စက်သုံးဆီ Re-export လုပ်ငန်း လုပ်ကိုင်နေသူများက မိမိတို့လုပ်ငန်းထိခိုက်မှာကို စိုးရိမ်နေကြကြောင်း သိရပါတယ်။

ယခုအခါမှာတော့ ပြည်တွင်းဈေးကွက် လိုအပ်ချက်အရ Fuel Tank Trailer များကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆက်လက်တင်သွင်းလျက်ရှိကြောင်း သတင်းရရှိပါတယ်။

**အောင်ဇော်မင်းဒင်၊ ကသရ(မူဆယ်)**

# ပြည်ပမှ ဆိုင်ကယ်များ ပိုမိုတင်သွင်း

တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်း များမှ မေလ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၂၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၄၃၃၀ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၃၅၁၀ စီးသာ တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ အစီး ၈၂၀ ပိုမိုတင်သွင်းခဲ့တယ်လို့ သိရ ပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၁၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၂၂၇၇ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၂၇၅ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၉၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၇၆၀ စီးနဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၈ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၈ စီးကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်တင်သွင်းမှု လျော့ နည်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ ပိုမိုတင်သွင်းနိုင်တဲ့အတွက်ကြောင့်ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ထိုင်းနိုင်ငံသို့ သီဟိုဠ်စေ့ တင်ပို့မှုကျဆင်း

မေ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ လေးတန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ သီဟိုဠ်စေ့ ၁၂ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ သရက်သီးရော သရက်ပြားခြောက်ပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၁ သန်းတန်ဖိုးရှိ သရက်သီး ၃၀၁၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၈၃၀ တန်နဲ့ နှိုင်းယှဉ်ပါက ၁၈၅ တန်ပိုမိုတင်ပို့ခဲ့သလို အမေရိကန်ဒေါ်လာ ၃၂၄၄၅ တန်ဖိုးရှိ သရက်ပြားခြောက် ၆၃ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၄ တန်ခွဲနဲ့နှိုင်းယှဉ်ပါက ၂၈ တန်ခွဲပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ ဟန်မြင့်မိုရ်၊ ကူမဲ၊ အုန်းချော၊ အမရပူရ၊ သပြေရိုးနဲ့ ပလိပ်မြို့တွေကထွက်ရှိတဲ့ ရွှေဟင်္သာသရက်သီး၊ စိန်တစ်လုံးသရက်သီးနဲ့ သရက်သီးအကြမ်းသီးတွေကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချကြောင်း သိရှိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါလျော့နည်းတင်ပို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅၄ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၁၂၇၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန် ဒေါ်လာ ၂ ဒသမ ၁၀၄ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၈၂၃ တန်ကျော် တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ တန်ချိန်အားဖြင့် ၅၅၃ တန်ကျော်၊ တန်ဖိုးအားဖြင့် သုည ဒသမ ၀၅၀ သန်း လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်မှ တင်ပို့မှုမရှိခဲ့တဲ့ ငါးစီဖောင်း၊ ငါးကြင်းစီဖောင်းနဲ့ ငါးခြောက်တင်ပို့မှုရှိခဲ့ပြီး၊ ပုစွန်၊ ကဏန်း၊ ငါးလိပ်ကျောက်အရေခွံခြောက် တင်ပို့မှုပိုမိုခဲ့ပေမယ့် ငါးမှုန့်၊ ငါးလေးခြောက်၊ ငါးမျိုးစုံ၊ ပုစွန်ဖွဲ့ တင်ပို့မှုလျော့နည်းခဲ့ တာကြောင့် တန်ချိန်ရော တန်ဖိုးပါလျော့နည်းခဲ့ရတာလို့ သိရပါတယ်။ တစ်ဖက်နိုင်ငံရဲ့ ငါးရှဉ့်၊ ကဏန်းဈေးများမှာ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အင်ကြင်းကျောက်တင်ပို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မေ ၁၃ ရက်မှ ၁၉ ရက်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၉ သန်းတန်ဖိုးရှိ အင်ကြင်းကျောက် ၁၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိဘဲ ဧပြီလဆန်းပိုင်းက ၄၁ တန်ကျော်တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံတွင် အင်ကြင်းကျောက်များကို အထက်အညာဒေသများမှ တူးဖော်လေ့ရှိပြီး အဓိကထွက်ရှိတဲ့ ဒေသများမှာ နွားထိုးကြီးမြို့နယ်၊ မလှိုင်မြို့နယ် အစရှိတဲ့ဒေသများမှ စီးပွားဖြစ် ထုတ်ယူရောင်းချလျက်ရှိကြောင်း၊ အင်ကြင်းကျောက်များကို ကီလိုဈေးဖြင့် ရောင်းချရပြီး တစ်ကီလိုလျှင် တရုတ်ငွေ ယွမ် ၂၀ ခန့် ဈေးရှိကြောင်း နွားထိုးကြီးမြို့နယ်အတွင်းမှ အင်ကြင်းကျောက်တူးဖော်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း ၈၄ တန် တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ မေလ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၅ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့ခြင်းမရှိဘဲ ယခု တစ်ပတ်မှသာ ပြန်လည်တင်ပို့တာ တွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၇ သန်းတန်ဖိုးရှိ ချင်း(အစို)၊ မန်ကျည်းစေ့၊ ညှော်မထဆန် ၂၅ မှတ်၊ ကြိမ်၊ သစ်ခေါက်နဲ့ ဆီးယို ထုပ်တို့ကို တန် ၃၆၀ တင်ပို့နိုင်တယ်လို့ သိရပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၆ သန်းတန်ဖိုးရှိ ငါးနီတူခြောက်၊ ငါးမုတ်၊ ငါးသလောက်၊ ငါးစုံလေးခြောက်၊ ငါးကုန်းညှိခြောက်တို့ကို ၁၂၄ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၁၇) ကျင်းပ

စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၁၇)ကို မေ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)၌ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ အဖွဲ့ဝင်များ၊ အခြားဖိတ်ကြား၍ တက်ရောက်သူများ စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လုံခြုံစိတ်ချရမှုမရှိသည့် စားသောက်ကုန်များကို ထုတ်လုပ်ရောင်းချနေခြင်းသည် စားသုံးသူပြည်သူများအနေဖြင့် အဆိပ်အတောက်များကို ငွေပေး၍ ဝယ်ယူစားသုံးနေရခြင်းဖြစ်ပါကြောင်း၊ အဆိုပါ အစားအသောက်များကို နေ့စဉ်စားသုံးနေရခြင်းကြောင့် သွေးတိုးရောဂါ၊ နှလုံးရောဂါအပါအဝင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းထားမှာ ကမ္ဘာ့နိုင်ငံများ၌ အမြင့်ဆုံးအဆင့်၌ သတ်မှတ်ခြင်း ခံရပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် စားသုံးသူပြည်သူများအတွက် အလွန်အရေးကြီးပါကြောင်း၊ သို့အတွက် ပထမအဆင့်အနေဖြင့် ထုတ်လုပ်သူနှင့် စားသုံးသူများကို အသိပညာပေးရမည်ဖြစ်ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့်ဥပဒေအရစိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အများပြည်သူ စားသုံးရန် သင့်/ မသင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့်အပိုင်း၌ လျင်မြန်စွာဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ကုန်စည်စီးဆင်းမှုသည် အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ သက်ရောက်မှုရှိသဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ မိမိတို့ထုတ်ကုန်များ ကမ္ဘာတစ်ဝန်း ဖြန့်ချိနိုင်ရေးအတွက် ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စားသုံးသူပြည်သူများအား အကာအကွယ်ပေးနိုင်ရန် ဓာတ်ခွဲခန်းများ တိုးချဲ့ဖွင့်လှစ်တည်ထောင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုနည်းလမ်းအနေဖြင့် သင်တန်းဆင်းလက်မှတ်များ၊ ဒီပလိုမာ လက်မှတ်များပေးအပ်နိုင်မည့် အချိန်ပိုင်းသင်တန်း၊ ညနေပိုင်းသင်တန်းများ ဖွင့်လှစ်ပို့ချသွားရန်အပြင် ရေရှည်အတွက် ဘွဲ့လက်မှတ်များပေးအပ်နိုင်မည့် ကောလိပ်၊ တက္ကသိုလ်များ၌ပါ တိုးချဲ့ဖွင့်လှစ်သင်ကြားသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စားသုံးသူပြည်သူများကို အသက်အန္တရာယ်ပေးနိုင်မည့် ကုန်စည်များအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါက သက်ဆိုင်ရာ ဥပဒေများနှင့် ထိရောက်စွာအရေးယူဆောင်ရွက်သွားရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ၌ လိုအပ်သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှစ်ရပ်မှ အဖွဲ့ဝင်များက ဧပြီအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ဇွန်အတွင်းကျင်းပမည့် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲ (ပထမအကြိမ် - ၂၀၁၇)ကျင်းပမည့် အစီအစဉ်တို့အား ဆွေးနွေးညှိနှိုင်းမှုအပေါ် ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**အိန္ဒြေအောင် (စားသုံးသူ) ရန်ကုန်**

# ဆီထွက်သီးနှံကဏ္ဍပို့ကုန်ဝင်ငွေတိုးမြင့်လာစေရေးအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးအလေ့အကျင့်ကောင်းများဆိုင်ရာ သင်တန်းများ ဒုတိယအကြိမ်ပို့ချ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အဖွဲ့ခွဲတစ်ခုဖြစ်သော စံချိန်စံညွှန်းနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (STDF) ၏ ထောက်ပံ့မှုဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်မှုပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန-ITC၏ နည်းပညာအကူအညီဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပါဝင်သည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၊ အရည်အသွေး စီမံခန့်ခွဲရေးကဏ္ဍတို့နှင့်သက်ဆိုင်သည့် ဆီထွက်သီးနှံ ပို့ကုန်ဝင်ငွေတိုးမြင့်ရေး စီမံကိန်းကို ၂၀၁၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။



စီမံကိန်း အကောင်အထည်ဖော်ရာတွင် ဆီထွက်သီးနှံကဏ္ဍတန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သူများဖြစ်သည့် တောင်သူများ၊ အဝယ်တော်များ၊ ကုန်သည်များ၊ ထုတ်လုပ်ပြုပြင်သူများ၊ ပို့ကုန်တင်ပို့သူများ၊ အကြံပေးဆရာများ၊ မျိုးစေ့၊ မြေဩဇာနှင့် ဓာတုဆေးဝါး ထုတ်လုပ်တင်သွင်း ဖြန့်ချိသူများအား အသိပညာပေးခြင်း၊ စီမံကိန်းနယ်မြေများရှိတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ Good Agriculture Practise (GAP) သင်တန်းပို့ချရာတွင် စိုက်ပျိုး ရေးလုပ်ငန်းစဉ်တွင် အရေးကြီးသောထိန်းချုပ်ရမည့်အချက်များ Critical Control Points (CCPs)၊ သီးနှံအတွက် သတ်မှတ်ထားသော အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှု ပမာဏ MRLs ဆိုင်ရာ လိုက်နာဆောင်ရွက်သင့်သည်များ စသည်ဖြင့် တောင်သူများအတွက် အကျိုးရှိထိရောက်စေသော သင်တန်းများ၊ အဝယ်တော်၊ ကုန်သည်နှင့် သိုလှောင်ရုံလုပ်ကိုင်သူများအတွက် အရေးပါသော သန့်ရှင်းရေး အလေ့အကျင့်ကောင်းများ Good Hygiene Practice (GHP)သင်တန်း ပို့ချပေးခြင်း၊ ထုတ်လုပ်ပြုပြင်သူများနှင့် အကြံပေးဆရာများအား အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ Hazard Analysis and Critical Control Points ( HACCP) သင်တန်းတို့ကို ပထမအကြိမ်အဖြစ် ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်မှ ဒီဇင်ဘာလ ၁၃ ရက်အထိ ပို့ချပေးခဲ့ပါသည်။

ယခုအခါ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (HACCP) သင်တန်း ဒုတိယအကြိမ်ပို့ချခြင်းများနှင့် သတ်မှတ်ထားသောနယ်မြေအလိုက် စက်ရုံများသို့ လက်တွေ့ သွားရောက်မှတ်တမ်းယူခြင်းများကို မေလ ၁၈ ရက်မှ ဇွန်လ ၁၃ ရက်အတွင်း ဆောင်ရွက်လျက်ရှိပါသည်။ သင်တန်းအစီအစဉ်အရ ရန်ကုန်နယ်မြေရှိစက်ရုံများသို့ လက်တွေ့သွားရောက်မှတ်တမ်းတင်ခြင်းနှင့် သင်တန်းပို့ချခြင်းကို မေလ ၁၈ ရက်မှ ၂၇ရက်အထိလည်းကောင်း၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းနယ်မြေစက်ရုံများသို့ လက်တွေ့သွားရောက် မှတ်တမ်းတင်ခြင်းနှင့် သင်တန်းပို့ချခြင်းကို မေလ ၂၈ ရက်မှ ဇွန်လ ၁၁ ရက်အထိလည်းကောင်း၊ တိုးတက်မှုအခြေအနေများအပေါ် သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် နေပြည်တော်တွင်လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်ပါသည်။

စီမံကိန်းမျှော်မှန်းချက်တစ်ခုဖြစ်သည့် ဆီထွက်သီးနှံ ပို့ကုန်ဝင်ငွေတိုးမြင့်လာခြင်းနှင့်အတူ အစားအစာ ဘေးကင်းရေးလက်မှတ်ရ ပြည်တွင်းအကြံပေးပညာရှင်များ ထွက်ပေါ်လာစေရေးသည်လည်း အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းစဉ်များအတွက် အလွန်အရေးကြီးပါသည်။ ထိုကဲ့သို့ပေါ်ထွက်လာစေရေးအတွက်အစိုးရနှင့် သက်ဆိုင်ရာကုမ္ပဏီများ၏ အားပေးကူညီမှု၊ နိုင်ငံခြားပညာရှင်များ၏ပို့ချမှုတို့အပြင် အကြံပေးအလုပ်သင်ဆရာများ၏ ကိုယ်တိုင်ကြိုးစားအားထုတ်မှုများ အများဆုံးပါဝင်ရမည်ဖြစ်ပါသည်။ ပြည် တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်ရေးအတွက် ဆီထွက်သီးနှံတန်ဖိုးကွင်းဆက်တွင် Codex, HACCP နှင့်အညီ အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေးကျင့်စဉ်ကောင်းများကို စက်ရုံများကလိုက်နာဆောင်ရွက်ခြင်း၊ ပြည်တွင်းပညာရှင်များက တစိုက်မတ်မတ်လိုက်ပါဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းကျန်းမာသော လူမှုအသိုက်အဝန်းတစ်ရပ် ထူထောင်သွားနိုင်ရေးအတွက် ရည်ရွယ်ပါသည်။

အဆိုပါသင်တန်းများတွင်ပါဝင်သူ အကြံပေးအလုပ်သင်ဆရာများအနေဖြင့် စီမံကိန်းကာလ တစ်လျှောက်သတ်မှတ်တာဝန်ပေးထားသည့် စက်ရုံများသို့သွားရောက်၍ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အချက်များ ပြုစုမှတ်တမ်းတင်ခြင်း၊ စက်ရုံဘက်မှပြုပြင်ရန် လိုအပ်နေသည့်အချက်များကို ထောက်ပြအကြံပြုမှတ်တမ်းတင်ခြင်း၊ စက်ရုံမှပြုပြင်မှုများ လုပ်ဆောင်ရာတွင် အသေးစိတ်လိုက်ပါအကြံပြုခြင်း၊ နိုင်ငံတကာအကြံပေးပညာရှင်၏ လမ်းညွှန်ချက်အတိုင်း လိုက်ပါလုပ်ဆောင်ရမည့် စက်ရုံလည်ပတ်မှုအဆင့်တိုင်းနှင့် စက်ရုံဖွဲ့စည်းတည်ဆောက်ထားသိုပုံနှင့်စပ်လျဉ်းသော မှတ်တမ်းတင်ခြင်း၊ လိုအပ်သည့်ပြုပြင်မှုများသို့ ချဉ်းကပ်လုပ်ဆောင်ရန် အစီအစဉ်များရေးဆွဲခြင်း၊ သက်ဆိုင်ရာတာဝန်ခံမှ လက်မှတ်ရေးထိုး အတည်ပြုထားသော အလုပ်ခွင် စစ်ဆေးသွားလာမှုမှတ်တမ်းများ တင်ပြခြင်း၊ လစဉ်တိုးတက်မှုရလဒ်များအပေါ် သုံးသပ်တင်ပြခြင်းတို့ကို စီမံကိန်းကာလအတွင်း လိုက်ပါဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး အလေ့အကျင့်ကောင်းများ (HACCP) သင်တန်းများသို့ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများနှင့် အစိုးရဌာနဆိုင်ရာများက အဆင့်ဆင့်စိစစ်ထောက်ခံပြီး စီမံကိန်းကာလ တစ်လျှောက်လုံး လိုက်ပါဆောင်ရွက်နိုင်သည့် အကြံပေး အလုပ်သင်ဆရာများအဖြစ် ရန်ကုန်နယ်မြေအတွက် စုစုပေါင်း ၃၅ ဦးခန့်နှင့် မန္တလေး၊မကွေး၊ စစ်ကိုင်းနယ်မြေတို့အတွက် စုစုပေါင်း ၃၅ ဦးခန့်စီ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

**မြတ်မြတ်စိုးမိုး(Myantrade)**

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြု ချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည် ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။




# ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် e-Government စနစ်တွင် ပြောင်းလဲလိုက်ပါ ဆောင်ရွက်မှု

| မယ်သီတာ |

> ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ MPU နဲ့ ချိတ်ဆက်ပြီး ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ကနဦးခြေလှမ်း အဖြစ် . . . . .

မြန်မာနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိဖို့အတွက် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလို ကြိုးပမ်းဆောင်ရွက်ရာမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံရေး တည်ငြိမ်အေးချမ်းမှုရရှိစေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဦးတည်ချက်တွေချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဦးတည်ချက် ၁၂ ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးတို့ကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ရာမှာ အဆင်ပြေချောမွေ့ လွယ်ကူလျင်မြန်စေဖို့အတွက် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးတွေကို အတတ်နိုင်ဆုံးစိစစ်ပြီး ဖြေလျှော့ ခွင့်ပြုပေးခဲ့ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနဟာ ၂၀၁၁ ခုနှစ်မှစတင်ကာကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များမှာ နိုင်ငံတကာက သတ်မှတ်ထားတဲ့ အချက်များ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က သတ်မှတ်ထားတဲ့အချက်များနဲ့အညီ ဆောင်ရွက်နိုင်ဖို့ ဦးတည်ချက်ထားပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒါကြောင့် ဖြေလျှော့မှုများအဖြစ် Auto-Licensing စနစ်ကျင့်သုံးခြင်း၊ Non-Licensing စနစ်ကျင့်သုံးခြင်း၊ Negative List စနစ်ကျင့်သုံးခြင်းတို့ အပါအဝင် ဖြေလျှော့မှုများကို အဆင့်လိုက်ဆက်တိုက် လုပ်ဆောင်ပေးနေပြီ ဖြစ်ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ အစိုးရသစ်ကာလ ၂၀၁၆ခုနှစ်အတွင်းမှာ Negative List HS Line ၄၁၇ လိုင်းကို ထပ်မံဖြေလျှော့ပေးခဲ့တဲ့အပြင် လိုင်စင်လျှောက်ထားရာမှာလည်း ကုမ္ပဏီများက တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့တင်ပြလာတဲ့ Invoice ပါတန်ဖိုးကို လက်ခံဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

ယခင်က ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်တိုင်းအတွက် ငွေပေးချေမှုများဖြစ်တဲ့ လိုင်စင်ကြေးပေးသွင်းခြင်း၊ ထသက မှတ်ပုံတင်ကြေးပေးသွင်းခြင်း၊ စီးပွားရေးအကျိုးဆောင်လုပ်ငန်းရှင် မှတ်ပုံတင်ကြေးပေးသွင်းခြင်း စတဲ့နိုင်ငံတော်သို့ ပေးသွင်းငွေများကို ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံသားများဘဏ်မှာ ငွေစာရင်းဖွင့်လှစ်ထားသူများကိုသာ e-Payment စနစ်နဲ့ လက်ခံဆောင်ရွက်စေခဲ့ပါတယ်။

အဲဒီလို ဘဏ်တစ်ခုတည်းကိုသာ အားထားပြီး ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှုတွေကို ပြုလုပ်ခဲ့တဲ့အတွက် အချိန်ကြန့်ကြာမှု၊ ငွေပေးချေရာမှာ နှောင့်နှေးမှု စတဲ့အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။

ဒါကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ Myanmar Payment Union (MPU) နဲ့ချိတ်ဆက်ပြီး ဆောင်ရွက်ထားတဲ့ဘဏ်များမှ MPU ကတ်စနစ်သုံးပြီး၊ ကုန်သွယ်မှုဆိုင်ရာကိစ္စတွေမှာ ငွေပေးချေမှုဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်တဲ့ ဌာနများ၊ ဘဏ်များ၊ အိုင်တီ ကုမ္ပဏီများနဲ့ ချိတ်ဆက်ဆောင်ရွက်ခဲ့ပါတယ်။

MPUနဲ့ ချိတ်ဆက်ဆောင်ရွက်ခဲ့တဲ့အတွက် ယခင်က ဘဏ်တစ်ခုတည်းမှာသာ ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုများကို ပြုလုပ်နိုင်ခဲ့ပေမယ့် ဘဏ် ၂၃ ဘဏ်နဲ့ ချိတ်ဆက်ထားတဲ့ MPU နဲ့ လက်တွဲလုပ်ကိုင် ဆောင်ရွက်လိုက်တဲ့အတွက် ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှု ကိစ္စရပ်တိုင်းမှာ လွယ်ကူလျင်မြန်ချောမွေ့လာတော့မှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ ငွေပေးချေမှုလုပ်ငန်းများကို MPU စနစ်နဲ့ ပြောင်းလဲပေးချေဖို့ ချိတ်ဆက်ဆောင်ရွက်ရာမှာ e-Government ဖြစ်စေဖို့၊ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ ငွေပေးချေမှုကိစ္စတိုင်းမှာ နိုင်ငံတကာက သတ်မှတ်ထားတဲ့ စနစ်အတိုင်း လိုက်ပါဆောင်ရွက်နိုင်ဖို့၊ ငွေစက္ကူတွေကို အရွက်လိုက်အသုံးပြုနေမယ့်အစား လုံခြုံလွယ်ကူတဲ့ ကတ်စနစ်နဲ့ အသုံးပြုနိုင်ဖို့၊ ယခင်က ငွေပေးချေမှုတွင် ဘဏ်တစ်ဘဏ်တည်းကိုသာ e-Payment စနစ်နဲ့ ခွင့်ပြုနေခြင်းထက် ဗဟိုဘဏ်လက်အောက်မှာရှိတဲ့ ဘဏ်အားလုံးမှာ MPU စနစ်နဲ့ ဆောင်ရွက်နိုင်ဖို့၊ ငွေစက္ကူနဲ့ပေးချေရာမှာ ငွေစက္ကူအတုများ လက်ခံမိခြင်း၊ ငွေထုတ်ပေးရခြင်း စတဲ့ မလိုလားအပ်တဲ့ အုပ်ချုပ်မှုကိစ္စရပ်များ မဖြစ်ပွားစေဖို့၊ အချိန်မရွေး၊ နေရာဒေသမရွေး သုံးစွဲနိုင်ဖို့၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ နေ့စဉ်ကောက်ခံရရှိတဲ့ ကုန်သွယ်မှုဆိုင်ရာဝင်ငွေတွေကို သက်ဆိုင်ရာဘဏ်သို့ ပြန်လည်ပေးပို့ရာမှာ လုံခြုံမှုဆိုင်ရာ အခက်အခဲနဲ့ အုပ်ချုပ်မှုဆိုင်ရာ အခက်အခဲ ပြဿနာများမရှိစေရန် ရည်ရွယ်ပြီး MPU စနစ်ကို ကျင့်သုံးခဲ့တာဖြစ်ပါတယ်။

ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှု ကိစ္စရပ်များကို ဆောင်ရွက်ရာမှာ MPU စနစ်ကို ကျင့်သုံးလိုက်တာဟာ ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ ငွေပေးသွင်းခြင်းဆိုင်ရာကိစ္စရပ်များကို လွယ်ကူလျင်မြန်စွာနဲ့ ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ပြင်ဆင်ဆောင်ရွက်ရာမှာ နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးမှာ စိန်ခေါ်မှုများရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

အထူးသဖြင့် အခုလို ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုကိစ္စရပ်များကို e-Government စနစ်နဲ့ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ၊ ပြဿနာတွေ ပိုပြီးရှိနေတတ်ပါတယ်။

အဲဒီစိန်ခေါ်မှု အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားပြီး အခွင့်အလမ်းများအဖြစ် ပြောင်းလဲဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေရှိနေတဲ့အတွက် ကုန်သွယ်ရေးဦးစီးဌာနသာမက သက်ဆိုင်ရာဌာနအသီးသီးအနေနဲ့ ရှေ့ဆက်မတိုးရဲဘူးဆိုရင် ကုန်သွယ်မှုကဏ္ဍဟာ ခေတ်ဟောင်း၊ စနစ်ဟောင်းက အတွေးအခေါ်များနဲ့ တိုးတက်မှုမရှိဘဲ ရပ်တန့်နေမှာဖြစ်ပါတယ်။

ဒါကြောင့် ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ ရှေ့တိုးမယ့်ခြေတစ်လှမ်းအဖြစ် e-Government စနစ်ကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နေတာပဲဖြစ်ပါတယ်။

e-Government စနစ်ကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အင်တာနက်လိုင်းများ ကောင်းမွန်ရေးဟာ အရေးပါတဲ့ကဏ္ဍတစ်ရပ်မှာ ပါဝင်နေပါတယ်။

မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍဟာ ဖွံ့ဖြိုးတိုးတက်လာပြီလို့ဆိုရပေမယ့် အခြားသောအာဆီယံနိုင်ငံများနဲ့ နှိုင်းယှဉ်မယ်ဆိုလျှင် အနည်းနဲ့အများ ဖွံ့ဖြိုးမှုနောက်ကျနေသေးတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှုကိစ္စရပ်တိုင်းဟာ အင်တာနက်လိုင်း ကောင်းမွန်မှုအပေါ်မှာ တည်မှီနေပါတယ်။ ဒါကြောင့်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အပါအဝင် အခြားသောဌာနများနဲ့လည်း ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုမှာ MPU နဲ့ ဆောင်ရွက်ရာမှာ သာမန်စျေးဆိုင်များ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်များမှာ POS စက်များနဲ့ ငွေဖြတ်တောက်ပေးချေနိုင်တဲ့စနစ်မျိုး မဟုတ်ဘဲ IELPS၊ BTOS၊ DCCA Account စတဲ့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ အသုံးပြုနေတဲ့ Application များနဲ့ ချိတ်ဆက်ဆောင်ရွက်ရတာဖြစ်တဲ့အတွက် လိုင်စင်တစ်စောင်ချင်းပေါ်မှာ အင်တာနက်ကွန်ရက်မှတစ်ဆင့် သတ်မှတ်ထားတဲ့ Server များနဲ့ ချိတ်ဆက်ဆောင်ရွက်ရတာဖြစ်ပါတယ်။

အင်တာနက်လိုင်း ကောင်းမွန်မှန်ကန်စွာရရှိနိုင်ဖို့အတွက် ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ ဖိုင်ဘာဆက်ကြောင်းလိုင်းတွေ၊ ADSL လိုင်းတွေကို အရန်အနေနဲ့ ချိတ်ဆက်ထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် အင်တာနက်လိုင်းပြတ်တောက်ခြင်း၊ နှေးကွေးနေခြင်းများ ဖြစ်ပေါ်ခဲ့ပါက ကုန်သည်လုပ်ငန်းရှင်များ အခက်အခဲမရှိစေရေးအတွက် Manual စနစ်နဲ့ပါ လက်ခံပေးဖို့ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ MPU နဲ့ ချိတ်ဆက်ပြီး ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ကနဦးခြေလှမ်းအဖြစ် နေပြည်တော်ရုံးချုပ်၊ ရန်ကုန် ပို့ကုန်သွင်းကုန်ရုံး၊ မြဝတီကုန်သွယ်ရေးဇုန်၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တို့မှာ စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

အဲဒီစနစ်ကို လာမယ့် ဇွန်လအတွင်းမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အထူးစီးပွားရေးဇုန်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ကျန်နယ်စပ်ကုန်သွယ်ရေးစခန်းများ စတဲ့ကုန်သွယ်မှုဆိုင်ရာ နယ်ပယ်အားလုံးမှာ MPU စနစ်ကို အသုံးပြုပြီး ငွေပေးချေမှုကိစ္စရပ်များ၊ ငွေပေးသွင်းမှုကိစ္စရပ်များကို ပြုလုပ်နိုင်တော့မှာဖြစ်ပါတယ်။

စာမျက်နှာ - ၂၀ ➢











## Nice Guy
## Customs Clearance Agency
## U Kaung Trading Co.,ltd.

No(10/12), 1st Floor,103-D,35 st(Lower Block)
Kyauktada Tsp,Yangon
E-mail :aungkaungzay2@gmail.com
Phone-09 73146561,09 43111023,09 780575459




အမှတ်(၃)လမ်းမ–ရတနာဆီဆိုင်အကျော်၊မကွေး–ကိုအုန်းလွင် ကားမှန်ဆိုင်ဘေး၊သဃ်န်းကျွန်းကြီးမှတ်တိုင်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း– ၀၁ ၆၃၈၃၅၁၊၀၉ ၇၈၅၃၂၂၄၃၊၀၉ ၇၉၉၉၃၅၁၀၀

Vol: 17, No.20 Monday May 29 2017

# ရော်ဘာဈေး ပြန်လည်မြင့်တက်

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ မေ ၁၃ ရက်မှ ၁၉ ရက်အထိရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀၁ သန်းတန်ဖိုးရှိရော်ဘာတန်ချိန် ၂၃၃၀ ကို မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS3 ၁၅၃၄ တန်ကျော်၊ RSS 5 ၂၀၅ တန်၊ MSR 20 ၃၉၉ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 1 ၃၄ တန်ကျော်နဲ့ RSS 3 ၁၅၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၃၂၃ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ခုနစ်တန်ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ ယခုတစ်ပတ် ရော်ဘာဈေးမှာ RSS 3 တစ်တန်ကျပ် ၂၁ ဒသမ ၂၀၉ သိန်းဖြစ်ပြီး၊ ယခင်တစ်ပတ်ထက်တစ်တန်ကို ၂၀၄၇၂ ကျပ်ဈေးတက်ပါတယ်။ RSS 5 တစ်တန်ကို ကျပ် ၂၀ ဒသမ ၀၈၄ သိန်းဖြစ်ပြီး တစ်တန်ကို ၂၀၇၁၂ ကျပ်ဈေးတက်ကြောင်း သိရပါတယ်။

မေ ၁၄ ရက်မှ ၂၀ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၂၀၁ တန်ကျော် တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံ သို့ RSS 3 တန် ၅၈၀ နဲ့ MSR 20 တန် ၁၀၀၊ တရုတ်နိုင်ငံသို့ MSR 20 TSR တန် ၈၀၊ ဂျပန်နိုင်ငံသို့ MSR 20 TSR ၉၈ တန်၊ ကိုရီးယားနိုင်ငံသို့ MSR 20 TSR ၂၄၂ တန်နဲ့ အိန္ဒိယနိုင်ငံသို့ MSR 10 ၁၀၁ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၅၀၃ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ရော်ဘာ ၆၉၈ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေးမြင့်တက်လာတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း မြင့်တက်လာပြီး RSS တစ်တန်ကို ဒေါ်လာ ၁၀၀ နဲ့ MSR တစ်တန်ကို ဒေါ်လာ ၅၀ ဈေးမြင့်တက်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ဈေးနှုန်းထုတ်ပြန်ချက်အရသိရပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၈၅၀-၁၉၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၈၀၀-၁၉၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၅၀-၁၈၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀-၁၈၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၂၀၀၀-၂၁၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |

**ယဉ်ယဉ်အေး**

# ရှမ်းကြက်သွန်ဖြူအသစ်တွေ အဝင်လိှုင်နေ

တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူအသစ် အဝင်လှိုင်နေပါပြီ။ တန်ဆောင်မုန်းမှာ စိုက်တဲ့ ရှမ်းကြက်သွန်ဖြူတွေ အဝင်များလာတယ်လို့သိရပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ကြက်သွန်ဖြူကို သီတင်းကျွတ်မှာ ပြန်ပြီး စိုက်သလို၊ တန်ဆောင်မုန်းမှာ နောက်ဆုံးစိုက်တာဖြစ်ပါတယ်။ သီတင်းကျွတ်စိုက်တဲ့ ကြက်သွန်တွေက မတ်ကုန်၊ ဧပြီမှာ စပြီး ဈေးကွက်ကိုဝင်လာသလို တန်ဆောင်မုန်းမှာ စိုက်တဲ့ ကြက်သွန်ဖြူတွေက မေလမှာ ဈေးကွက်ကိုဝင်လာပါတယ်။ ဒါပေမဲ့ ရိတ်သိမ်းနေဆဲဖြစ်ပြီး ပစ္စည်းတွေကအကုန် ဝင်ရောက်လာခြင်းမရှိသေးဘူးလို့ သိရပါတယ်။ ဒီနှစ်ထွက်တဲ့ တောင်ကြီးခရိုင်ထွက် ကြက်သွန်ဖြူတွေကို အိမ်နီးချင်း ထိုင်းနိုင်ငံသို့ တင်ပို့ဖို့အတွက် ကျိုင်းတုံ၊ တာချီလိတ်ဝယ်လက်တွေက ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဒေသတွင်းစားသုံး မှုရှိပြီး၊ ရန်ကုန်ဝယ်လက်တွေကလည်း ဝယ်ယူနေသလို ရှမ်းပြည်နယ်အရှေ့ပိုင်းကပါ ဝယ်ယူနေမှုကြောင့် အရောင်းအဝယ်လည်း သွက်နေတယ်လို့သိရပါတယ်။ ကျိုင်းတုံ/ တာချီလိတ်ဝယ်လက်တွေက ယခင်က လဲချားကြက်သွန်ဖြူ (ခရမ်းစွဲ)ကိုသာ အဝယ်များပေမယ့် မနှစ်ကစပြီး ရှမ်းပြည်နယ်တောင်ပိုင်းက ကြက်သွန်ဖြူတွေကို အဝယ်လိုက်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တောင်ကြီးဈေးကွက်မှာ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာပေါက်ဈေးတွေကတော့ (လတ်ခြား)ကျပ် ၂၀၀၀၊ (ထူး-၁) ကျပ် ၂၁၀၀၊ (ထူး-၂) ကျပ် ၂၃၀၀၊ (ထူး-၃) ကျပ် ၂၅၀၀၊ (ထူး-၄) ကျပ် ၂၈၀၀ ဈေးရှိကြောင်း သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

**စာမျက်နှာ - ၁၈ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ....မှအဆက်**

ဒ့ါအပြင် ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ လိုင်စင်လျှောက်ထားခြင်း၊ ငွေပေးသွင်းခြင်း၊ လိုင်စင်ထုတ်ယူခြင်းလုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လာရောက်ရန်မလိုတော့ဘဲ မိမိကုမ္ပဏီရုံးခန်းနေရာမှာပင် ဆောင်ရွက်နိုင်မယ့် Fully Online Licensing စနစ်ကို ၂၀၁၆ခုနှစ် ဇွန်လ ၇ ရက်မှာ ခွင့်ပြု အမယ် ၄၃ မျိုးနဲ့ ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါ တယ်။

CMP အထည်ချုပ်လိုင်စင်များကိုလည်း Fully Online Licensing စနစ်နဲ့ လျှောက်ထားထုတ်ယူနိုင်ဖို့အတွက် စနစ်နှစ်ခုချိတ်ဆက်ပြီး အထည်ချုပ်စက်ရုံ ၁၀ ရုံက လာရောက်လျှောက်ထား ထုတ်ယူနေပြီဖြစ်ပါတယ်။

အဲဒီလိုဖြေလျော့ပေးခဲ့တဲ့အတွက် ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ လုပ်ငန်းများ ပိုမိုအဆင်ပြေစေနိုင်တာကြောင့် လာမယ့် ဇွန်လဆန်းမှာ အမယ် ၃၀၀ ကျော်ကို ထပ်မံတိုးမြှင့်ပြီး လျှောက်ထားနိုင်ဖို့ ပြင်ဆင်လျက်ရှိပါတယ်။ ဒ့ါအပြင်CMP အထည်ချုပ်စက်ရုံ အားလုံးကို Fully Online Licensing စနစ်ကျင့်သုံးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေး၊ ကုန်သွယ်မှု လွယ်ကူလျင်မြန်စေရေးတို့အတွက် e-Government စနစ်ကို ကျင့်သုံးဆောင်ရွက်ရာမှာ အောင်မြင်မှုရရှိစေဖို့ MPU နဲ့ ငွေပေးချေရာမှာ လိုအပ်တဲ့ ဝန်ဆောင်မှုများ၊ Hardware များကို ကမ္ဘောဇဘဏ်နဲ့ လိုအပ်တဲ့ Software Application များကို Information Matrix ကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

ယခု MPU စနစ်နဲ့ နိုင်ငံတော်သို့ ငွေပေးချေမှု ဆောင်ရွက်နိုင်ခဲ့တဲ့ လုပ်ငန်း အောင်မြင်မှုရရှိရေးအတွက် တစ်ဦးတစ်ယောက်တည်း၊ တစ်ဌာနတည်းရဲ့ လုပ်ဆောင်မှုနဲ့ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ သက်ဆိုင်တဲ့ဝန်ကြီးဌာနအားလုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကမ္ဘောဇဘဏ်နဲ့ Information Matrix ကုမ္ပဏီတို့ရဲ့ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့်ဖြစ်ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ အခုလို e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုခြေလှမ်းတစ်ရပ်ကို တက်လှမ်း နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။

ဒါကြောင့် တိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ ဆောင်ရွက်နိုင်စေရေး၊ ပွင့်လင်းမြင်သာတဲ့ စနစ်တစ်ခုကို ကူးပြောင်းနိုင်ရေး၊ e-Government စနစ် လိုက်ပါအကောင်အထည်ဖော်နိုင်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး လုပ်ငန်းများ တိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်တဲ့အတွက် ဆက်စပ်ဌာနများနဲ့ ကုန်သည်လုပ်ငန်းရှင်များအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ❑

# မူဆယ်ဝယ်လက်ကြောင့် ပြောင်းဈေးမြင့်တက်လာ

ရှမ်းပြောင်းတွေလည်း အသစ်စိုက်နေကြပါပြီ။ ရှမ်းပြည်မှာ ဧကများများစိုက်ပျိုးလေ့ရှိတဲ့ မိုးပြောင်းတွေကိုတော့ စိုက်ပျိုးပြီးပြီလို့သိရပါတယ်။ မနှစ်က မိုးပြောင်းတွေလည်း လက်ကျန်အဖြစ်ရှိနေပါတယ်။ မေလ ပထမပတ်က ပြောင်းဈေးအနည်းငယ်ပြန်လှုပ်လာပြီး တစ်ပိဿာကို ကျပ် ၃၆၀ မှ ကျပ် ၃၈၀ အထိ ဈေးတက်ခဲ့ပေမယ့် မေလမှာ ဈေးအနည်းငယ်ကျလာပါတယ်။ တိရစ္ဆာန် အစာစပ်ကုမ္ပဏီတွေက ဝယ်ယူမှုရှိပေမယ့် လျာထားချက် ပြည့်သလောက်ရှိသွား တာကြောင့် ဝယ်လိုအားနည်းသွားတယ်လို့လည်းသိရပါတယ်။ မတ်လမှာ ဧရာဝတီဘက်က ထွက်တဲ့ပြောင်းတွေကြောင့် ဈေးနှုန်းကျဆင်းခဲ့ပေမယ့် ဧပြီလမှာမူဆယ်ဝယ်လက်တွေက ပြန်ဝယ်လာလို့ဈေးတက်လာပါတယ်။ မေလအစမှာတစ်ပိဿာကို ကျပ် ၃၆၀ မှ ကျပ် ၃၇၀ အထိဈေးတက်လာပြီး၊ လှောင်လက်တွေကလည်း ထုတ်ရောင်းလာကြတာကြောင့် ယခုတစ်ပတ်မှာတော့ တောင်ကြီးဈေးကွက်မှာပြောင်း တစ်ပိဿာကို ကျပ် ၃၅၀ ဈေးရှိတယ်လို့သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

# ပင်လယ်ရေကြောင်းမှ ပြောင်းပိုမိုတင်ပို့

မေ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၂ သန်းတန်ဖိုးရှိ ပြောင်း ၄၇၂၇ တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ့ပြောင်းကို အများဆုံးဝယ်ယူတဲ့ ဗီယက်နမ်နိုင်ငံသို့ ၄၃၄၃ တန်တင်ပို့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ တန် ၁၂၀ နဲ့ စင်ကာပူနိုင်ငံသို့ ၂၆၄ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၈၅၂ တန်ကျော် တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ၁၈၇၅ တန် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

ယခုတစ်ပတ် ပြောင်းတစ်တန်ရဲ့ FOB ဈေးမှာ အမေရိကန်ဒေါ်လာ ၂၀၀ - ၂၃၀ ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ မေ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၉၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၀၄၄၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ တန်ချိန် ၁၄၉၀၀၊ လွယ်ဂျယ်မှ ၄၀၄၇ တန်၊ ချင်းရွှေဟော်မှ ၁၃၇၆ တန်ကျော်နဲ့ ကန်ပိုက်တီမှ ၁၂၅ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခု မှ ပြောင်းတန် ၂၅၀၁၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၅၆၂ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ မေ ၆ ရက်မှ ၁၂ ရက် သီတင်းပတ်မှာ ပြောင်းတစ်တန်ဈေး ၂၄၇၁၀၄ ကျပ်ရှိရာမှ မေ ၁၃ ရက်မှ ၁၉ ရက်သီတင်းပတ်မှာတော့ ၂၄၉၅၁၃ ကျပ်သို့ ဈေးထပ်မံမြင့်တက်ခဲ့ကြောင်း၊ မူဆယ်မှာပြောင်းတစ်ပိဿာသယ်ယူခ ၆၅ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၅၈၃ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ တစ်တန်ကို ယွမ် ၁၄၀၀ ဈေးဖြင့် ပြောင်းလဲမှုမရှိကြောင်း၊ တရုတ်နိုင်ငံရဲ့ရာသီဥတုအခြေအနေကြောင့် စိုက်ပျိုးရေးထွက်ကုန်လျော့ကျမှုအပေါ် အခြေခံကာ တိရစ္ဆာန်အစာကျွေးရန် လိုအပ်ချက်တစ်ခုဖြစ်တဲ့ ပြောင်းကို ပြည်တွင်းဈေးကွက်အတွင်း ဈေးကောင်းပေး၍ ကိုယ်စားလှယ်များနဲ့ ကြိုတင်ဝယ်ယူမှုများရှိနေသဖြင့် လက်ရှိတွင် ပြောင်းဈေးနှုန်းများမြင့်မားလျက်ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၂၇၇၉ တန်ဖိုးရှိ ပြောင်းဖူးစေ့တန် ၁၀၀ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

အိန္ဒိယနယ်စပ်ရှိတမူးကုန်သွယ်ရေးစခန်းနဲ့ ရိဒ် ကုန်သွယ်ရေးစခန်းတို့မှ မေ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၃ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၀၉၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၇၂၄ တန် တင်ပို့ခဲ့တာကြောင့် ယခု တစ်ပတ်မှာ ၃၇၄ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ပိုမိုရခြင်းမှာ တမူးကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်မှာ ကွမ်းသီးတင်ပို့မှု လျော့နည်းခဲ့ပေမယ့် ရိဒ်ကုန်သွယ်ရေးစခန်းမှ ပိုမိုတင်ပို့ခဲ့တဲ့အတွက်ကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၃ သန်းတန်ဖိုးရှိ နန့်ဖာလုံးအမယ်စုံ၊ စီးကရက်၊ ကုလားပဲတို့ကို ၃၃ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်း မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၁ သန်းတန်ဖိုးရှိ ရေချိုငါးနဲ့ ပလတ်စတစ်အိတ်တို့ကို ၄၈ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# နိုင်ဂျီးရီးယား၏ ကန့်သတ်ထိန်းချုပ်မှုများအပေါ် ထိုင်းနိုင်ငံက ဖိအားပေး

ထိုင်းနိုင်ငံသည် ဥရောပသမဂ္ဂ၊ အမေရိကန်၊ နော်ဝေ၊ ဂျပန်နိုင်ငံတို့နှင့် ပူးပေါင်း၍ နိုင်ဂျီးရီးယားနိုင်ငံ၏ သွင်းကုန်ပစ္စည်း ၄၁ မျိုးအပေါ် ကန့်သတ်ထားရှိမှုအား ဖိအားပေးသွားမည်ဖြစ်ကြောင်း၊ ထိုင်းတင်ပို့သူများအနေဖြင့် နိုင်ဂျီးရီးယား၏ ထိန်းချုပ်မှုများကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ WTO ၏ ကုန်စည်နှင့် ဝန်ဆောင်မှုကောင်စီ အစည်းအဝေးတွင် ထိုင်းနိုင်ငံက ဆွေးနွေးပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂ၊ အမေရိကန်၊ နော်ဝေ၊ ဂျပန်နိုင်ငံတို့နှင့်ပူးပေါင်းပြီး ယခုကိစ္စရပ်အားရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် မစ္စဒူရန်ပွန်ရော့ဖာရာက ပြောကြားခဲ့ပါသည်။ နိုင်ဂျီးရီးယားနိုင်ငံမှ WTO သို့ တင်ပြခဲ့သောကတိအာမခံချက်များမှာ ယခုကန့်သတ်ထိန်းချုပ်မှုနှင့် လိုက်လျောညီထွေမဖြစ်ကြောင်း အဖွဲ့ဝင်နိုင်ငံအားလုံးက သဘောတူညီခဲ့သည်ဟု ပြောကြားခဲ့ပါသည်။

နိုင်ဂျီးရီးယား၏ ကန့်သတ်ထိန်းချုပ်မှုများမှာ နိုင်ဂျီးရီးယားနိုင်ငံသို့ ပို့ကုန်တင်ပို့သော နိုင်ငံများအားလုံးကို ထိခိုက်စေခဲ့ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံ၏ ကုန်သွယ်ရေး ကိုယ်စားလှယ်တို့၏ ဆောင်ရွက်မှုသည် WTO ၏ စည်းမျဉ်းနှင့် မညီညွတ်ဘဲ တားမြစ်ပိတ်ပင်ခဲ့ခြင်းအပေါ် အနီးကပ်စောင့်ကြည့်ရန်လိုကြောင်း ဒူရန်ပွန်က ပြောကြားခဲ့ပါသည်။

နိုင်ဂျီးရီးယားနိုင်ငံ ဗဟိုဘဏ်က ၂၀၁၅ ခုနှစ်၊ ဇွန်လအတွင်းက ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်း ၄၁ မျိုးအား တင်သွင်းသည့် သွင်းကုန်လုပ်ငန်းရှင်များအား နိုင်ဂျီးရီးယားနိုင်ငံ၏ နိုင်ငံခြားငွေကြေးဈေးကွက်တွင် နိုင်ငံခြားငွေဖြင့် ရောင်းဝယ်ခြင်းကို ဖယ်ရှားခဲ့သည်။ ထိုကဲ့သို့ ပြုလုပ်ရခြင်းမှာ အဆိုပါကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်း ၄၁ မျိုး၏ ပြည်တွင်း၌ ထုတ်လုပ်နေမှုကို အားပေးမြှင့်တင်ရန် ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား အာဏာပိုင်များအနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် တည်ငြိမ်ရေး၊ နိုင်ငံခြားငွေ အသုံးပြုမှု လွယ်ကူလျင်မြန်စေရေး၊ ပြည်တွင်းသို့ ကုန်စည်နှင့် ဝန်ဆောင်မှုများ တင်သွင်းခြင်းအပေါ် အကျိုးအမြတ် ဖြစ်ထွန်းစေသည့်အရင်းအမြစ်ကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ဂျီးရီးယားနိုင်ငံမှ တားမြစ်ပိတ်ပင်ခဲ့သော ပစ္စည်းများတွင် ဆန်၊ ဘိလပ်မြေ၊ မာဂျရင်း၊ ဆီအုန်းထွက်ကုန်များ၊ ဟင်းရွက်ဆီ၊ အသားနှင့် ပြုပြင်ထားသော အသားထုတ်ကုန်များ၊ ဟင်းသီးဟင်းရွက်နှင့် ပြုပြင်ထားသော ဟင်းသီးဟင်းရွက် ထုတ်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ (ကြက်သား၊ ကြက်ဥ၊ ကြက်ဆင်)၊ ကိုယ်ပိုင်လေယာဉ်များ၊ ဂျက်လေယာဉ်များ၊ ဟင်းခတ်အမွှေးအကြိုင်၊ ငါးသေတ္တာ၊ စတီးပြား၊ သွပ်ပြား၊ အမိုးပြား၊ သတ္တုသေတ္တာများနှင့် ကွန်တိန်နာများ၊ ကြွေထည်ပစ္စည်းများ၊ သံချောင်းလုံးများ၊ အိမ်ရိုက်သံများ ပါဝင်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းဇယားများအရ ထိုင်းနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့ အပြန်အလှန် ကုန်သွယ်မှုမှာ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃၆ သန်းရှိခဲ့ပြီး ၆၇ ဒသမ ၈ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း၊ ထိုင်းပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၁၈၈ သန်းရှိခဲ့ပြီး ၆၇ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၄၈ သန်းရှိခဲ့ပြီး ၇၀ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။ ယခုနှစ် ပထမသုံးလပတ်တွင် အပြန်အလှန် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၈ သန်းသာရှိခဲ့ပြီး ၅၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ထိုင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈ဒသမ ၇ သန်းရှိခဲ့ပြီး ၁၆ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

**သတင်းရင်းမြစ် -(၁၇-၅-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Thailand aids efforts to pressure Nigeria on curbs" သတင်း**

**နှစ်နိုင်ငံ**

# အာရှနိုင်ငံများမှ ပုစွန်များအား တင်သွင်းခွင့်ကို ပိတ်ပင်ထားမှုအား အမြန်ဖယ်ရှားပေးရန် ဗီယက်နမ်နိုင်ငံက ဩစတြေးလျနိုင်ငံအား တိုက်တွန်း

ဩစတြေးလျနိုင်ငံက အာရှနိုင်ငံများ၏ ပုစွန်နှင့်အခွံပါ ပုစွန်အစိမ်းများတင်သွင်းခွင့်အား ပိတ်ပင်ထားမှု အပေါ် အမြန်ဖယ်ရှားနိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (MoIT) နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် ဩစတြေးလျနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းလျက်ရှိကြောင်းသိရှိရသည်။

နိုင်ငံအတွင်း၌ ပုစွန်များကို လျင်မြန်စွာသေစေသည့် White Spot disease ကူးစက်ရောဂါဖြစ်ပွားမည်ကိုစိုးရိမ်သဖြင့် ဇန်နဝါရီလ ၇ ရက်တွင် ဩစတြေးလျနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် သဘာဝရင်းမြစ်များဆိုင်ရာ ဝန်ကြီးဌာနသည် အာရှနိုင်ငံများမှ ပုစွန်နှင့် အခွံပါ ပုစွန်စိမ်းများ တင်သွင်းမှုကို တားမြစ်ခဲ့သည်။ အဆိုပါ တားမြစ်ပိတ်ပင်မှုကို ယခုနှစ် ဇန်နဝါရီလ ၉ ရက်မှစ၍ခြောက်လကြာ ပိတ်ပင်သွားမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံက ယခုကဲ့သို့ ပုစွန်တင်သွင်းခွင့်ကို တားမြစ်ပိတ်ပင်ခဲ့သဖြင့် ဩစတြေးလျနိုင်ငံအား အဆိုပါ တားမြစ်ပိတ်ပင်မှုအား ဖယ်ရှားပေးရန်နှင့် အခြားထိခိုက်မှုနည်းပါးစေမည့် အစီအစဉ်မျိုးကို အစားထိုးဆောင်ရွက်ပေးကာ ပိတ်ပင်ထားမှုအပေါ် ပြန်လည်သုံးသပ်ပေးပါရန် နှစ်နိုင်ငံ အစည်းအဝေးများ၌ ဗီယက်နမ်က ပြောကြားကြောင်း သိရှိရသည်။

အဆိုပါ တားမြစ်ပိတ်ပင်ထားမှုကိစ္စရပ်အတွက် ဖေဖော်ဝါရီလက ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးသည် ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီးများထံ တရားဝင် အကြောင်းကြားစာပေးပို့ခဲ့သည်။

ဩစတြေးလျနိုင်ငံက ယခုကဲ့သို့ ပုစွန်တင်သွင်းမှုအပေါ် တားမြစ်ထားရခြင်းမှာ ဇီဝမျိုးများ လုံခြုံစိတ်ချမှု ဆိုင်ရာ စည်းမျဉ်းများအပေါ် အခြေခံပြီး တားမြစ်ထားရခြင်းဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ရေအရင်းအမြစ်ဌာနသည် ဘေးအန္တရာယ်ကင်းရှင်းသည့် ပုစွန်ထွက်ကုန်ရောင်းဝယ်မှုလုပ်ငန်းများ မကြာမီပြန်လည်စတင်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ဆောင်မှုများအား ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်မှု အပါအဝင် ဗီယက်နမ်နိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းအပေါ် ဩစတြေးလျနိုင်ငံက အလေးထားဆောင်ရွက်လျက်ရှိကြောင်း မတ်လ ၈ ရက်နှင့် ဧပြီလ ၃၀ ရက်တို့တွင် ဩစတြေးလျနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးများက ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနထံ အကြောင်းကြားစာများ ပြန်လည်ပေးပို့ခဲ့ ကြောင်းသိရှိရသည်။

**Source: customsnews.vn**

**စန္ဒာထွန်း (TTI)**

# ဖိလစ်ပိုင်နိုင်ငံက ပြည်ပနိုင်ငံများမှ ဆန်ဝယ်ယူတင်သွင်းမှုအပေါ် ခွဲတမ်းကန့်သတ်ထားမှုကာလအား သုံးနှစ်ထပ်မံတိုးမြှင့်မည်

ဖိလစ်ပိုင်နိုင်ငံသည် ပြည်ပမှ ဆန်အများအပြား တင်သွင်းမှုအပေါ် ခွဲတမ်းကန့်သတ်ထားမှုကာလအား နောက်ထပ် သုံးနှစ်အထိ ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း မေလ ၂၂ ရက်ကထုတ်ပြန်ခဲ့သည့် အမိန့်ကြေညာစာတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ပြည်ပမှ ဆန်အများအပြား တင်သွင်းနေသည့် ပုဂ္ဂလိကဆန်ကုန်သည်များအနေဖြင့် ၂၀၂၀ ပြည့်နှစ်တိုင်အောင် နှစ်စဉ် ဆန်တန်ချိန် ၈၀၅၂၀၀ ကို တင်သွင်းရမည်ဖြစ်ပြီး အကောက်ခွန် ၃၅ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း အမိန့်ကြေညာစာတစ်ရပ်ကို ဖိလစ်ပိုင်သမ္မတဒူတာတေးက ဧပြီလ ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ကမ္ဘာ့ဆန်တင်သွင်းမှု အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည့် ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ဆန်တင်သွင်းမှု ခွဲတမ်းသတ်မှတ်ထားသည့် ကာလကို ဇွန် ၃၀ ရက်ဟု သဘောတူညီထားခဲ့သော်လည်း ယခုအခါတွင် ခွဲတမ်းသတ်မှတ်ထားသည့်ကာလအား နောက်ထပ် သုံးနှစ် ထပ်မံတိုးမြှင့်လိုက်ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် ပြည်ပမှ ဆန်တင်သွင်းမှုအပေါ် အရေအတွက် ကန့်သတ်ခွင့်ပြုသည့် သက်ညှာခွင့် (Waiver) ကို WTO ထံမှရရှိခဲ့ပြီး အဆိုပါ သက်ညှာခွင့်အရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၄ ခုနှစ်အတွက် ပြည်ပမှ ဆန်တင်သွင်းရန် အရေအတွက် ကန့်သတ်ထားသည့် ပမာဏဖြစ်သော တန်ချိန် ၃၅၀၀၀၀ အား လာမည့်နှစ်များတွင် နှစ်စဉ်တင်သွင်းမှုပမာဏအား တိုးမြှင့်သွားရန်နှင့် ဆန်တင်သွင်းမှုအပေါ် အကောက်ခွန် ၄၀ ရာခိုင်နှုန်း သတ်မှတ်ထားမှုကိုလည်း လျှော့ချသွားရန် WTO အား ကတိပြုထားကြောင်း သိရှိရသည်။

ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဖြစ်သူ Emmanuel Pinol က ၂၀၂၀ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဆန်လုံလုံလောက်လောက် ထွက်ရှိနိုင်မည်ဟု ယုံကြည်ထားပြီး လက်ရှိတွင် ပြည်တွင်းစပါးစိုက်တောင်သူများအနေဖြင့် ဈေးသက်သာသည့် ပြည်ပမှ တင်သွင်းသော ဆန်ဈေးနှုန်းများနှင့် ယှဉ်ပြိုင်ရန် အဆင်သင့်မဖြစ်သေးခြင်းကြောင့် ယခုကဲ့သို့ ပြည်ပမှ ဆန်တင်သွင်းမှုအပေါ် ခွဲတမ်းကန့်သတ်မှုကာလအား ထပ်မံ၍ သက်တမ်းတိုးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြည်ပမှ နှစ်စဉ် ဆန်တန်ချိန် တစ်သန်းထက် ပိုမို တင်သွင်းရပြီး ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဓိက ဝယ်ယူတင်သွင်းလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စီမံကိန်းဝန်ကြီးဖြစ်သူ Ernesto Pernia က ပြည်တွင်းဆန်ဈေးကွက်တွင် ယှဉ်ပြိုင်မှုများလာခြင်းဖြင့် ပြည်တွင်းစပါးစိုက် တောင်သူများ စွမ်းရည်တိုးတက်မှုနှင့် ပြည်တွင်း ဆန်ဈေးနှုန်းကျဆင်းမှုကို အားပေးရာရောက်ကြောင်း၊ ယခုကဲ့သို့ ပြည်ပမှ ဆန်တင်သွင်းမှုအပေါ် ခွဲတမ်းကန့်သတ်မှုအား ပယ်ဖျက်သွားရန် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် WTO သို့ ၁၉၉၅ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးသည့်အချိန်မှစ၍ ယခုကဲ့သို့ပြည်ပမှ ဆန်တင်သွင်းမှုအပေါ် ခွဲတမ်းကန့်သတ်မှုအား WTO ထံမှ သက်ညှာခွင့် သုံးကြိမ်ရရှိခဲ့ပြီးဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် WTO ၏ အဆုံးအဖြတ်ကို လျစ်လျူရှုပြီး ခွဲတမ်းကန့်သတ်မှုကို ဆက်လက်လုပ်ဆောင်နေခြင်းကြောင့် အခြား WTO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံမှ ဥပဒေကြောင်းအရ တရားစွဲဆိုလာနိုင်ကြောင်း သိရှိရသည်။

Source: Reuters

**စန္ဒာထွန်း (TTI)**

# ထိုင်းနိုင်ငံတွင် တန်ဖိုးမြင့်ကားစီးရေ တစ်သောင်းခန့် အခွန်စုံစမ်းစစ်ဆေးမှုနှင့် ရင်ဆိုင်နေရ

ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ထိုင်းနိုင်ငံသို့ တင်သွင်းခဲ့သော တန်ဖိုးမြင့်ကား စီးရေ တစ်သောင်းခန့်အား အခွန်ရှောင်မှုနှင့် ပတ်သက်၍စုံစမ်းစစ်ဆေးလျက်ရှိပါသည်။ ပြီးခဲ့သည့် မေ ၁၈ ရက်က ဗန်ကောက်မြို့နှင့် စမွတ်ပရာခန် ဒေသရှိ နေရာကိုးနေရာတွင် ရှောင်တခင်စစ်ဆေး ဖမ်းဆီးခဲ့ရာ ယခင်အစီး ၆၀ ကျော်မှ ၁၂၂ စီးအထိ တိုးမြှင့်အရေးယူနိုင်ခဲ့ကြောင်း တရားဝင်မော်တော် ယာဉ်တင်သွင်းသူများထံမှ သတင်းရရှိပါသည်။

တန်ဖိုးမြင့်ကားဟု ခွဲခြားသတ်မှတ်ရာတွင် ဘတ် ရှစ်သန်းကျော် တန်ဖိုးရှိသော ဇိမ်ခံကားများ၊ အဆင့်မြင့် Sportကားများကို ဆိုလိုကြောင်းသိရပါ သည်။ အထူးစုံစမ်းစစ်ဆေးရေးဌာန၏ သတင်းစာ ရှင်းလင်းပွဲ၌ ညွှန်ကြားရေးမှူးချုပ် Mr.Paisit Wongmuang က ပြောကြားရာတွင် ဥပဒေကို ချိုး ဖောက်၍ ဇိမ်ခံကား တင်သွင်းသူများအား အရေး ယူရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။ ၎င်းတို့အဖွဲ့အနေဖြင့် ကာလ ရှည်ကြာ စုံစမ်းမှုပြုလုပ်ခဲ့ပြီးမှ တန်ဖိုးမြင့်ကား စီးရေ တစ်သောင်းကို တရားစွဲဆိုခြင်းဖြစ်ကြောင်း နှင့် အခွန်ရှောင်လွှဲရန် ပြုလုပ်ခဲ့မှုကို အထူးအလေး ထား စုံစမ်းခဲ့ကြောင်း ရှင်းလင်းခဲ့ပါသည်။ သွင်း ကုန်ခွန်မြင့်မားမှုကို ရှောင်လွှဲနိုင်ရန်အတွက် မော်တော်ယာဉ်၏ မူလဈေးနှုန်းအပေါ် ၄၀ ရာခိုင် နှုန်းခန့်သာ လုပ်ငန်းရှင်များမှ ကြေညာခဲ့ကြောင်း ပြောကြားသွားပါသည်။ အခွန်ရှောင်လွှဲမှု တိုက် ဖျက်ရေးစီမံချက်အရ အခွန်ငွေ ဘတ် ၂ ဒသမ ၄ ဘီလီယံရရှိနိုင်ကြောင်းနှင့် ယာဉ်တစ်စီးချင်း အပေါ် ဘတ် ၁၀ သန်း မှ ၁၈ သန်းအထိ ထပ်မံကောက်ခံ ရနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ရှောင်တခင် ဖမ်းဆီးမှုမှာ ၂၀၁၃ ခုနှစ်ကNakhon Ratchasima ၏ Pak Chong ခရိုင်တွင် တန်ဖိုးမြင့်ကားများ သယ်ယူပို့ဆောင်သော ယာဉ်မီးလောင်မှုဖြစ်ပေါ် ပြီးကတည်းက ကာလရှည်ကြာစွာ စုံစမ်းထောက်လှမ်း ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ယခုစုံစမ်းစစ်ဆေးမှုမှာ ဗန်ကောက်တွင် ရှစ်နေရာနှင့် စမွတ်ပရာခန်တို့တွင် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဗန်ကောက်တွင် ရှောင်တခင် စစ်ဆေးမှုအား Suan Luang ခရိုင်ရှိ Niche Cars Group ၏ Lamborghini Showroom၊ Pathum-wan ခရိုင်ရှိ Siam Paragon Shopping Mall၊ Huai Khwang ခရိုင်နှင့် Watthana ခရိုင်တို့ရှိ STT Auto Car ကုမ္ပဏီတို့ဖြစ်ကြောင်း ပြောကြားပါ သည်။ အခြား ဗန်ကောက်မြို့အတွင်း စစ်ဆေးခဲ့ သော နေရာများမှာ Jubilee Line ရှိ Niche Car Group နှင့် Bang Kapi ခရိုင်ရှိ Benz Nakarin Auto Group တို့ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။ မော်တော်ယာဉ်တင်သွင်းသူ ကိုယ်စားလှယ်များ အနေဖြင့် ချက်ချင်းတုံ့ပြန်နိုင်မှုမရှိခဲ့ကြောင်း ပြော ကြားခဲ့ပါသည်။

အထူးစုံစမ်းစစ်ဆေးရေးဌာန၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ကလည်း ယခုအခွန်ရှောင်မှု မှုတိုက်ဖျက်ရေးစီမံချက်သည် ဇိမ်ခံကား တင်သွင်း သူများအားထိခိုက်စေမည်ဖြစ်ပြီး နိုင်ငံခြားရှိ ကိုယ် စားလှယ်များသို့လည်း ဂယက်ရိုက်ခတ်နိုင်မည်ဖြစ် ကြောင်း ပြောကြားခဲ့ပါသည်။ တရားဝင် ဖြန့်ချိခွင့် ရ ကိုယ်စားလှယ်များအနေဖြင့် ငါးနှစ်စာ စာရင်း ဇယားများအား ထိန်းသိမ်းထားရန် သတ်မှတ်ထား ပြီးဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ရဲချုပ် ကိုရာ ဝပ်ကလည်း ဇိမ်ခံကား တင်သွင်းသူများသည်အခွန် ရှောင်ရန်အတွက် အကောက်ခွန်တွင် မမှန်ကန် သော ကြေညာချက်များ တင်သွင်းခဲ့ကြကြောင်း၊ ဥပမာအားဖြင့် ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် Nichi Car Group မှ တင်သွင်းခဲ့သည့် Lamborghini ကား အား အမေရိကန်ဒေါ်လာ ၁၀၅၀၀၀ ဘတ်ငွေအား ဖြင့် ၃ဒသမ၄ သန်း ကြေညာခဲ့ကြောင်း အခွန်နှုန်း ထား ၃၂၈ ရာခိုင်နှုန်းဖြင့် အခွန်ငွေဘတ် ၁၁ သန်း ပေးဆောင်ခဲ့ကြောင်း၊ အီတလီနိုင်ငံတွင် ၎င်းယာဉ် အမျိုးအစားကို ဈေးနှုန်း ယူရို ၂၈၆၀၀၀ ဘတ်ငွေ အားဖြင့် ၁၂ သန်းဟု ကြေညာထားကြောင်း၊ သို့ ဖြစ်၍ အမှန်ပေးဆောင်ရမည့်အခွန်ငွေမှာ ဘတ် ၄၁ သန်းဖြစ်သဖြင့် နိုင်ငံတော်အတွက် ဘတ်သန်း ၃၀ နစ်နာခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ယခုလို တရားဝင် စစ်ဆေးဖမ်းဆီးခဲ့ခြင်းကြောင့် လက်ဝယ် ပိုင်ဆိုင်သောသူများအနေဖြင့် အခွန်ဝန်ထုပ်ဝန်ပိုး ကိုခံရဖွယ်ရှိကြောင်း ပြောကြားခဲ့ပါသည်။

တရားရေးဌာန ဒုတိယအမြဲတမ်း အတွင်း ဝန်ကလည်း ယခုစီမံချက်တွင် မော်တော်ယာဉ် အစိတ်အပိုင်းအဖြစ် တင်သွင်း၍ ပြည်တွင်း၌ တပ် ဆင်သည်ဟု ကြေညာထားရှိသော လုပ်ငန်းများ လည်း အကျုံးဝင်ကြောင်း ပြောကြားခဲ့ပါသည်။ တန်ဖိုးမြင့်ကား တင်သွင်းသူများသည် ယာဉ်အစီး လိုက်တင်သွင်းခြင်းဖြစ်သော်လည်း ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ရန် အစိတ်အပိုင်းတင်သွင်းမှုဟု ကြေညာခဲ့ခြင်းများ ရှိကြောင်း၊ မော်တော်ယာဉ် အစိတ်အပိုင်း တင်သွင်းမှုမှာ အခွန်နှုန်းထား လျော့နည်းသက်သာ၍ဖြစ်ကြောင်း ပြောကြားခဲ့ပါ သည်။

ရဲချုပ်က ပြောကြားရာတွင် အထူးစုံစမ်း စစ် ဆေးရေးဌာနအနေဖြင့် ထိုင်းနိုင်ငံသို့ တင်သွင်းခဲ့ သော မော်တော်ယာဉ်အမျိုးအစားအလိုက် ဈေး နှုန်းနှင့် လုပ်ငန်းရှင်များက ကြေညာခဲ့သော ဈေး နှုန်းများအား နှိုင်းယှဉ်ဖော်ထုတ်သွားမည်ဖြစ် ကြောင်း ပြောကြားခဲ့ပါသည်။

တရားရေးဌာန ဒုတိယအမြဲတမ်း အတွင်း ဝန်က တရားဝင်ဖြန့်ချိသူများ၏ အခွန်ရှောင်မှုကို စစ်ဆေးဖော်ထုတ်ရရှိပါက ကုမ္ပဏီများသာမက အစိုးရအရာထမ်းများပါ တာဝန်ရှိလာမည်ဖြစ် ကြောင်း မော်တော်ယာဉ် အစိတ်အပိုင်းများအဖြစ် လိမ်လည်ကြေညာတင်သွင်းခဲ့မှုများနှင့်ပတ်သက် ၍ နိုင်ငံတော်အတွက် နှစ်စဉ်အခွန်ငွေ ဘတ် ၁၀ ဘီလီယံခန့် နစ်နာခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

အထူးစုံစမ်းစစ်ဆေးရေးဌာန ကျွမ်းကျင်သူ က ပြောကြားရာတွင် မော်တော်ယာဉ် ၇၁၂၃ စီး အားစစ်ဆေးခဲ့ရာ ၃၇၇၃ စီးမှာ တရားမဝင် တင် သွင်းထားသည်ကို တွေ့ရှိခဲ့ကြောင်း၊ ၁၀၃၈ စီးမှာ အကောက်ခွန်ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ လိမ် လည်ကြေညာထားရှိသည့် အမှုတွဲ ၂၅ ခု လက်ခံ ရရှိထားကြောင်း၊ ယင်းသို့ဆောင်ရွက်မှုတွင် ဒေသခံ နိုင်ငံရေးသမားများနှင့် ရဲတပ်ဖွဲ့တို့ပါ ပါဝင်ပတ် သက်နေသဖြင့် အရေးယူခံရဖွယ်ရှိကြောင်း ပြော ကြားခဲ့ပါသည်။

**သတင်းရင်းမြစ် - (၂၀-၅-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "10000 supercars face tax probe" သတင်း**

**နှစ်နိုင်ငံ**

# ရော်ဘာဈေးနှုန်း မြင့်တက်မှုကြောင့် ဧပြီလ ထိုင်းပို့ကုန်တန်ဖိုး တိုးတက်

ထိုင်းနိုင်ငံ၏ ၂၀၁၇ ခုနှစ်၊ ဧပြီပို့ကုန် တန်ဖိုးသည် ယမန် နှစ်ကထက် ၈ ဒသမ ၄၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး နှစ်လ ဆက်တိုက် ပို့ကုန်တိုးတက်ခြင်းဖြစ်ပါသည်။ ဧပြီလအတွင်း ထိုင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၆ဒသမ ၈၆ ဘီလီယံ (ဘတ် ၅၃၉ဒသမ ၈၄ ဘီလီယံ) အထိ ရရှိခဲ့ ကြောင်း၊ ယမန်နှစ် ကာလတူထက် ၈ဒသမ ၄၉ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ် ကြောင်း၊ ယခင်မတ်လတွင်လည်း ပို့ကုန်တန်ဖိုး ၂၀ဒသမ ၈၉ ဘီလီယံရရှိခဲ့ပြီး ကာလတူထက် ၉ဒသမ၂၂ ရာခိုင်နှုန်း တိုးတက် ခဲ့ကြောင်း၊ ဖေဖော်ဝါရီလတွင် ၂ဒသမ ၇၆ ရာခိုင်နှုန်း ကျဆင်း ခဲ့ရာမှ ပြန်လည်တိုးတက်လာခြင်းဖြစ်ကြောင်း အစိုးရဌာနမှ ထုတ်ပြန်သောစာရင်းများအရ သိရှိရပါသည်။ ကုန်သွယ်မှု အချက်အလက်များနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ သတင်းမီဒီယာများသို့ ထုတ်ပြန်သွားရန် ရှိပါသည်။

ယခင်လက ကုန်သွယ်မှုတန်ဖိုးကြီးမားစွာ တိုးတက်လာ လိမ့်မည်ဟု ထင်မှတ်မထားခဲ့ကြောင်း၊ ယခုကဲ့သို့ မြင့်တက်လာ ခြင်းမှာ ယမန်နှစ်ကာလတူတွင် ပို့ကုန်တန်ဖိုး လွန်စွာနည်းပါးခဲ့၍ ဖြစ်ကြောင်း ထိုင်းနိုင်ငံ အမျိုးသားသယ်ယူပို့ဆောင်ရေးကောင်စီ ဥက္ကဋ္ဌ Ms Ghanyapad Tantipipatpong က ပြောကြားပါသည်။ ယခုနှစ်တွင် ပို့ကုန်တန်ဖိုးတိုးတက်လာခြင်းမှာ သဘာဝရော်ဘာ ဈေးနှုန်း မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ၎င်းအပြင် လျှပ် စစ်ပစ္စည်းများနှင့် ပြုပြင်ပြီးအစားအစာများ၏ ဝယ်လိုအား တိုးမြှင့်လာခြင်းကြောင့်လည်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ရာသီအပြောင်းအလဲအရ ဥရောပနိုင်ငံများနှင့် အမေ ရိကန်နိုင်ငံရှိ တင်သွင်းသူတို့က ၎င်းတို့စားသုံးသူများ၏ နွေ ရာသီကာလ ဝယ်လိုအားမြင့်တက်မှုအရ ပိုမိုဝယ်ယူခဲ့သည့်ရလဒ် များမှာလည်း အကြောင်းတစ်ချက်အဖြစ်ပါဝင် ကြောင်း ပြော ကြားခဲ့ပါသည်။ အကျိုးဆက်အားဖြင့် ယခုနှစ် ဒုတိယ သုံးလပတ် တွင် ပို့ကုန်တန်ဖိုး တိုးမြှင့်မှု ငါးရာခိုင်နှုန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းကြောင်း၊ ပထမသုံးလပတ်တွင် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၅၆ ဒသမ ၄၆ ဘီလီယံ (ဘတ်၁ဒသမ ၉၈ ထရီလီယံ)သို့ ရောက်ရှိပြီး ၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပုံမှန် အားဖြင့် တတိယသုံးလပတ်တွင် ပို့ကုန်တိုးတက်မှု နှေးကွေးလေ့ ရှိကြောင်း၊ ပြည်ပတင်သွင်းသူများမှာ နှစ်သစ်ကူး ခရစ္စမတ် ပွဲတော်အတွက် ပြင်ဆင်မှုများ ပြုလုပ်လေ့ရှိ၍ ဖြစ်ကြောင်း Ghanyapad က ဆက်လက်ပြောကြားခဲ့ပါသည်။ ၎င်းတို့ကောင်စီ အနေဖြင့် ယခု တစ်နှစ်လုံးအပေါ် ပို့ကုန်တိုးတက်မှု ၃ဒသမ ၅ ရာခိုင်နှုန်း လျာထားခဲ့ကြောင်း၊ မေလကုန် ကုန်သွယ်မှု တန်ဖိုး များ ထွက်ပေါ်လာပါက ပြင်ဆင်သွားရန်ရှိကြောင်း ပြောကြား ခဲ့ပါသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မူဝါဒများနှင့် အမေ ရိကန်နိုင်ငံ၏ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံနုတ်ထွက်သွားမှု (Brexit) နှင့် ပတ်သက်သော နိုင်ငံရေးအမြင်များသည်လည်း ထိုင်းပို့ကုန် အပေါ် အကျိုးသက်ရောက်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ လတ်တလောတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် စင်ကာပူနှင့် ထိုင်းနိုင်ငံခေါင်းဆောင်များအား ခေါ်ယူ တွေ့ဆုံ ပြီး ကိုရီးယားကျွန်းဆွယ်ကိစ္စကို ဆွေးနွေးခဲ့ကြောင်း၊ အိမ်ဖြူ တော်သို့ ထပ်မံ၍ဖိတ်ခေါ်ပြီး အကျယ်တဝင့် ဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် ၂၀၁၆ ခုနှစ် ပို့ကုန်တိုးတက်မှုအပေါ် သုည ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ပြီး တိုးတက်မှု ငါးရာခိုင်နှုန်းခန့်မှန်း ထားကြောင်း၊ ထိုင်းနိုင်ငံအမျိုးသား စီးပွားရေးနှင့် လူမှုဖွံ့ဖြိုး တိုးတက်ရေးဘုတ်အဖွဲ့ (NESDB) က ယခုနှစ် ပို့ကုန်တိုးတက်မှု အား ၃ ဒသမ ၆ ရာခိုင်နှုန်းသာ ခန့်မှန်းထားကြောင်း၊ အစော ပိုင်းက ၂ ဒသမ ၉ ရာခိုင်နှုန်းသာ ခန့်မှန်းခဲ့ခြင်းဖြစ်ကြောင်း၊ အဓိကကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေး ထူထောင်လာမှု အပေါ် ခန့်မှန်းတွက်ချက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဘုတ်အဖွဲ့အနေ ဖြင့် စီးပွားရေး တိုးတက်မှုနှုန်း ၃ ဒသမ ၅ ရာခိုင်နှုန်းကို ထိန်း သိမ်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

တစ်ပြိုင်နက်တည်းတွင် ထိုင်းနိုင်ငံ TMB ဘဏ် သုတေ သနဌာနမှ ယခုနှစ်၏ ထိုင်းပို့ကုန်တိုးတက်မှုကို ၃ဒသမ ၇ ရာခိုင် နှုန်း ရရှိမည်ဟု ခန့်မှန်းထားပါသည်။ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပို့ကုန်လျော့ကျမှုမှ ပြန်လည်ထူထောင်လာပြီဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပို့ကုန်တန်ဖိုး ကျဆင်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဈေးကွက်ပြန်လည်ရရှိလာ၍ ယခုနှစ် ပထမသုံးလပတ် တွင် ပို့ကုန်တန်ဖိုး တိုးတက်လာသည်ဟု သုံးသပ်ပြောကြားခဲ့ပါ သည်။

**သတင်းရင်းမြစ် - ၂၂-၅-၂၀၁၇ ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Export near double digit growth in April as rubber prices up" သတင်း**

**နှစ်နိုင်ငံ**

# ပုသိမ်မြို့တွင် MJC မြန်မာ-ဂျပန် ကဏ္ဍစုံဆက်စပ်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန၊ အစည်းအဝေးခန်းမ(၁)တွင် MJC မြန်မာ-ဂျပန် ကဏ္ဍစုံ ဆက်စပ်မှုနှင့်စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးဟောပြောပွဲအခမ်းအနားကို မေ ၂၃ ရက်က ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ MJC မှ မန်နေဂျာ ဒေါက်တာသန်းသန်းအောင်၊ ဂျပန်နိုင်ငံစိုက်ပျိုးရေး ဘောဂဗေဒပညာရှင် Dr. Kazuhisa Goto နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ မြို့ပေါ် နှင့်ပုသိမ်ခရိုင်မှ အသင်းအဖွဲ့များ၊ တောင်သူများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၁၇၀ဦးခန့် တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက အဖွင့်အမှာ စကားပြောကြားပြီး စိုက်ပျိုးရေးအခြေခံစားသောက်ကုန် လုပ်ငန်းဆန်းသစ်တီထွင်မှု သုတေသန (National Agricultural Research Center) MJC စိုက်ပျိုးရေးဘောဂဗေဒပညာရှင် Dr.Kazuhisa Goto က မြန်မာကဏ္ဍစုံ ဆက်စပ်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံမှာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မျိုးကောင်းမျိုးသန့်ပြုစုပျိုးထောင်ခြင်းမှ ရောင်းဝယ်ဖြန့်ဖြူးရေးစီးဝင်မှု (Trend) များ၊ ပရောဂျက်လုပ်ဆောင်ပုံ၊ အမျိုးသားစိုက်ပျိုးရေး သုတေသနဗဟိုဌာန၏လုပ်ဆောင်မှုများ၊ ကုန်အမှတ်တံဆိပ်၊ ကမ္ဘာ့စားနပ်ရိက္ခာတန်ဖိုးကွင်းဆက် (Global Food Value Chain) တွင် ပါဝင်မှု၊ အရည်အသွေးမြင့် စားသောက်ကုန်ထုတ်လုပ်ရာတွင် လိုအပ်သော စဉ်းစားတွေးခေါ်ရန် အချက်များ၊ အစားအသောက်များထုတ်လုပ်ရာတွင် ဓာတ်ခွဲခန်းများ၏ အရေးပါမှု၊ အကြံပေးအဖွဲ့များ ဖွဲ့စည်းထားရှိရန်နှင့် လိုအပ်သော စဉ်းစားတွေးခေါ်ရမည့်အချက်များအပြင် စိုက်ပျိုးရေးထုတ်လုပ်မှု၊ ကူးသန်းရောင်းဝယ်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိသော ကဏ္ဍစုံဆက်စပ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံမှာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ သုတေသနလုပ်ငန်းများ သာမက အသင်းနှင့်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများကိုလည်း အသေးစိတ်ရှင်းလင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က တက်ရောက်လာသော တောင်သူနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုး ထုတ်လုပ်နိုင်ရေး၊ မိမိတို့ထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး၊ စားသုံးသူလုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူအတွက် အကျိုးသက်ရောက်မှုရှိပြီး ပြည်ပနိုင်ငံများသို့ တိုးချဲ့တင်ပို့နိုင်ရေးနှင့် ဂျပန်နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဈေးကွက်တင်ပို့ရောင်းချမှု ကွင်းဆက်များကိုသိရှိ၍ မိမိတို့တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**



## မုံရွာမြို့ ကုန်စည်ဒိုင်အစည်းအဝေးခန်းမတွင် လယ်ယာထွက်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း (Sixth Sector Industry) အသိပညာပေးဟောပြောပွဲ ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (JICA)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်သည့် မြန်မာ-ဂျပန်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန (MJC) နှင့် MJC သင်တန်းသားလုပ်ငန်းရှင်များအသင်း (MABA)သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကုန်စည်ဒိုင်အစည်းအဝေးခန်းမတွင် မေ ၂၇ ရက်က လယ်ယာထွက်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း (Sixth Sector Industry) အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်းသိရပါတယ်။

Sixth Sector Industry ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် မူလအခြေခံ (Primary) လုပ်ငန်းများမှ ထွက်ကုန်များကို ကုန်ကြမ်းအဆင့်သာမက စားသုံးကုန်ထုတ်လုပ်ခြင်း (Secondary)၊ ဖြန့်ဖြူးရောင်းချခြင်း (Tertiary) အထိကို လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်ယင်းကဲ့သို့ လုပ်ငန်းပေါင်းစုံ ပါဝင်လုပ်ကိုင်ခြင်းကို Sixth Sector Industry ဟုခေါ် ဆိုကြောင်း သိရပါတယ်။ ဂျပန်နိုင်ငံတွင် လယ်သမားများ ဝင်ငွေတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်နိုင်စေရေးအတွက် အဆိုပါ Sixth Sector Industry Development Planကို ကျင့်သုံးလျက်ရှိကြောင်းသိရပါတယ်။

Sixth Sector Industry ဆိုသောဝေါဟာရကို ၂၀၀၉ ခုနှစ်တွင် ဂျပန်စိုက်ပျိုးရေးဘောဂဗေဒပညာရှင်ပါမောက္ခဒေါက်တာ IMAMURA NARAOMI က စတင်သုံးစွဲခဲ့ကြောင်း သိရပါတယ်။ အကောင်အထည်ဖော်မှုအနေဖြင့် ဂျပန်နိုင်ငံတွင် အောက်ခြေမှစ၍ ဗဟိုအစိုးရအဆင့်ထိ ပါဝင်ပတ်သက်သော Sixth Sector Industrialization ကို စီမံကိန်းလေးခုဖြင့် ဆောင်ရွက်လျက်ရှိပြီး အဓိကစီမံကိန်းအနေဖြင့် လယ်ယာကဏ္ဍ၊စက်မှုကဏ္ဍနှင့်စီးပွားရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ရေး၊ အလုံးစုံပါဝင်သော စီးပွားရေးစီမံကိန်း၊ မိမိဒေသမှထွက်ကုန်များကို မိမိဒေသမှ စားသုံးနိုင်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနည်းပညာဆန်းသစ်တီထွင်နိုင်မှု စီမံကိန်းတို့ပါဝင်ကြောင်း သိရှိရပါတယ်။

**အောင်မင်း-(တန့်ဆည်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၉-၅-၂၀၁၇ မှ ၄-၆-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ငွေကြေးကိစ္စ၊ စီးပွားရေးကိစ္စများ ဆုံးရှုံးနစ်နာမှုရှိတတ်သဖြင့် သတိနှင့်ဆောင်ရွက်မှ သင့်တော်မည်။ တစ်ဇွတ်ထိုးဆန်ဆန် ပြုလုပ်မိပါက အမှားနှင့်သာရင်ဆိုင်ရတတ်သည်။ အပြိုင်အဆိုင်အနှောင့်အယှက်နှင့်တွေ့ရတတ်သည်။ စိတ်ရှည်ဇွဲသန်နှင့်ဆောင်ရွက်ပါက အောင်မြင်မှုများ ရရှိလိမ့်မည်။ ဆရာသမား၊ အကြီးအကဲများ၏ စကားကို လိုက်နာဆောင်ရွက်ပါက အကျိုးကျေးဇူးများရရှိမည်။ အလုပ်၊ ရာထူးအဆင့် တိုးမြင့်လာတတ်သည်။ အခွင့်အရေးကောင်းများရရှိလာပါလိမ့်မည်။

**ယတြာ။ ။ဘုရားတွင် နေကြာပန်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** အပြိုင်အဆိုင်နှင့်ဆောင်ရွက်ရသောကိစ္စအတွက် စိတ်မောနေရတတ်ပါသည်။ စိတ်ဗျာပါဒများပြီး ဘာသာရေးဘက်တွင် အားနည်းနေတတ်သည်။ စိတ်တည်ငြိမ်အောင်၊ ဘာသာတရားကိုမဖြစ်မနေလုပ်ပါက မိမိဘဝအတွက်များစွာ အထောက်အကူပြုလာပါလိမ့်မည်။ စကားပြောအဆင်ပြေဖို့ သတိထားနိုင်မှ သင့်လျော်မည်။ အခက်အခဲကို ဇွဲဖြင့်ကြိုးစားပါက မမျှော်လင့်သော အောင်မြင်မှုများရရှိမည်။ လူမျိုးခြားများနှင့်လည်း အကျိုးပေးတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင် ခရေပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** အေးအေးဆေးဆေး နားနေရသည်ဟူ၍မရှိ လှုပ်လှုပ်ရှားရှား လူပင်ပန်းသည့် အလုပ်မျိုးမဟုတ်သည့်တိုင် နားရသည်မရှိ ဖြစ်နေတတ်သည်။ ရန်ပြုခံရခြင်း၊ အတိုက်အခံပြုခံရခြင်းများလည်း ရှိတတ်သည်။ စိတ်ဆင်းရဲစရာ တွေ့သော်လည်း ရပ်ဆိုင်းနေ၍ မဖြစ်သောကာလဖြစ်သည်။ အရာရာကိုသတိဖြင့် ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။ ခရီးကိစ္စများပေါ် ပေါက်လာပြီး၊ ငွေကြေးကိစ္စများ အဆင်ပြေလာတတ်ပါသည်။ သတ္တိရှိရှိလုပ်ဆောင်သမျှ အောင်မြင်လာလိမ့်မည်။ **ယတြာ။ ။ဘုရားတွင်စိန်ပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မကျွမ်းကျင်ဘဲ ရင်းနှီးမြှုပ်နှံမှုကြောင့် ဆုံးရှုံးမှုများ ကြုံရတတ်သည်။ လုပ်ငန်းသစ်ထူထောင်လျှင် ပုံအောပြီး မလုပ်သင့်သောကာလဖြစ်သည်။ အမွေအနှစ် ရရှိတတ်သည်။ မောင်နှမသားချင်းများနှင့် စိတ်ဝမ်းကွဲမှုရှိတတ်သည်။ စကားပြော ဆင်ခြင်သင့်သည်။ ငွေကြေးကုန်ကျမှုများနေမည်။ ကျွမ်းကျင်မှုနှင့်ဆောင်ရွက်သော အလုပ်ကိစ္စများမှ အကျိုးအမြတ်ရရှိမည်။ အလုပ်အဆင့်အတန်း တိုးတက်မှုရှိလာတတ် ပါသည်။

**ယတြာ။ ။ဘုရားတွင် ဇွန်ပန်းလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အရာရာအလောတကြီး မဆုံးဖြတ်သင့်သောကာလဖြစ်သည်။ အလုပ်ကိစ္စများတွင် ကတိပေး မလွယ်သင့်ပါ။ မိမိနှင့်ဆက်ဆံသည့် အထက်အကြီးအကဲတို့ကို ဆန့်ကျင်မိသည့်သဘော မဖြစ်အောင် သတိထားမှအဆင်ပြေလိမ့်မည်။ အိမ်၊ ခြံ၊ မြေ၊ အဆောက်အဦကိစ္စများ အောင်မြင်မှုရရှိမည်။ မိတ်ဆွေသစ်များ ထပ်မံရရှိလာတတ်ပါသည်။ မျက်စိနှင့်ပတ်သက်သော ကျန်းမာရေး သတိရှိပါ။ အရာရာဆောင်ရွက်ရာတွင် အမှား၊ အမှန်ဝေဖန်ချိန်ဆပြီးမှ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါ။

**ယတြာ။ ။ဘုရားတွင် မေမြို့ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** မိမိဆုံးဖြတ်ချက် အတွေးအခေါ် အယူအဆတစ်ချက်မှားတာနှင့်မိမိနစ်နာလိုက်ရသလို ကြုံရတတ်သည်။ အဓိပ္ပါယ်မဲ့ဒေါသဖြစ်ခြင်းများ၊ မိုက်ရူးရဲဆန်သောလုပ်ရပ်များကို အထူးရှောင်ပါ။ အခက်အခဲကို ကျော်လွှားဖြတ်သန်းရင်း ဖြင့် အခွင့်အရေးသစ်များ ရရှိလာတတ်ပါသည်။ ထူထောင်လုပ်ကိုင်ခဲ့သော အလုပ်အကိုင်ဟောင်းများမှ အကျိုးအမြတ်တိုးတက်လာသော အခြေအနေရှိလာမည်။ စိတ် ရောကိုယ်ပါ ပင်ပန်းရမှုကိစ္စများလည်း ကြုံတတ်ပါသည်။ မမျှော်လင့်သော ငွေကြေးဥစ္စာရရှိတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင်စံပယ်ပန်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးကိစ္စများ အကျပ်အတည်းကို ရင်ဆိုင်ရင်း အမျိုးမျိုးကျော်ဖြတ်ကာ အကျိုးရှိသောအနေအထားမျိုး ရရှိလာတတ်ပါသည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတက်မည်။ အခွင့်အရေး အကျိုးကျေးဇူးများရရှိလာမည်။ မွေးချင်းများနှင့်ပတ်သက်ပြီး စီးပွားရေး အဆင်ပြေမည်။ ထီပေါက်သလို ငွေရရှိခြင်းမျိုးလည်း ကြုံရတတ်ပါသည်။ မိတ်ဆွေ အပေါင်းအသင်းအကူအညီရမှု အကျိုးသက်ရောက်မှုကောင်းမွန်သည့် သဘောရှိနေတတ်ပါသည်။ **ယတြာ။ ။ဘုရားတွင်သပြေပန်းကပ်လှူပါ။**



# မုံရွာမြို့၌ ကွန်ပျူတာမွမ်းမံသင်တန်း ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့၌ ကွန်ပျူတာမွမ်းမံသင်တန်းကို မေ ၂၂ ရက်မှ ၂၆ ရက်အထိ ၄ ရက်ကြာ ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူးရုံး ကလေး၊ ကသာ၊ စစ်ကိုင်း၊ ရွှေဘို၊ ယင်းမာပင်ခရိုင်ရုံးများမှ ကွန်ပျူတာအခြေခံတတ်ပြီးသူ ဝန်ထမ်း ၂၀ ဦး တက်ရောက်ခဲ့ပါသည်။

ယခုခေတ်သည် ဒစ်ဂျစ်တယ်ခေတ်ဖြစ်သည်နှင့်အညီ online banking, online shopping များကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလျက်ရှိရာ ယခုနှစ်စားသုံးသူ အခွင့်အရေးများနေ့မှာ စားသုံးသူများ လုံခြုံစိတ်ချမှုရှိစေသည့် ဒစ်ဂျစ်တယ်ကမ္ဘာ တည်ဆောက်မည်ဟု ဆောင်ပုဒ်သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတွင် လက်ကိုင်ဖုန်းများဖြင့် အင်တာနက်ကို အလွယ်တကူအသုံးပြုနေပြီဖြစ်၍ e-Government ကိုပိုပြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ဝန်ထမ်းများ အနေဖြင့် တိုးတက်နေသည့် ခေတ်နှင့်အညီ ကွန်ပျူတာ အသုံးပြုနိုင်မှု စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ရာ ကွန်ပျူတာကို စာစီစာရိုက်အတွက်သာ အသုံးပြုနေခြင်းမဟုတ်ဘဲ ရုံးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကွန်ပျူတာအသုံးပြုမှုအပိုင်းမှ ပိုပိုပြင်ပြင်ပံ့ပိုးပေးနိုင်စေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရပြီး Internet,Email,Word, Excel, Power Point စသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင်-မုံရွာ**

# ရန်ကုန်ကားဈေးကွက် အရောင်းအဝယ်ဆက်အေးလျက်ရှိ

မေလကုန်ပိုင်း ရန်ကုန်မြို့ ကားဈေးကွက်အခြေအနေမှာ အဝယ်များကျဲပါးပြီး ကျောင်းဖွင့်ရာသီနီးကပ်လာပြီဖြစ်သော်လည်း ဒေသခံအဝယ်၊ နယ်အဝယ်များ ဆက်လက်နည်းပါးနေဆဲဖြစ်ပြီး တဖြည်းဖြည်းဈေးကွက်အေးလာကြောင်း သိရသည်။

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း ယခုကဲ့သို့ အရောင်းအဝယ်များ အေးစက်နေရခြင်းမှာ တရားဝင်မဟုတ်သည့် အကြားသတင်းများကြောင့်လည်း ဖြစ်နိုင်ဖွယ်ရှိကြောင်း၊ ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။ စလစ်ကပ်ကားများမှာ ဧပြီ ၁ ရက်မှစတင်သည့် အခွန်နှုန်းထားသစ် မူဝါဒကြောင့် အသွင်းနည်းသွားသလို ဖရီးပါမစ်ကားများမှာမူ ရန်ကုန်လိုင်စင်မရသည်က တစ်ကြောင်း၊ နယ်လိုင်စင်ကားလေးများသာ ရန်ကုန်မြို့နေ လူအများက ယခင်နှစ်ဧပြီနောက်ပိုင်းမှစတင်၍ စီးနင်းခဲ့ကြသော်လည်း ထပ်မံထွက်ပေါ်လာသော တရားဝင်မဟုတ်သည့် သတင်းများကြောင့် နယ်လိုင်စင်ကားလေးများ ဝယ်ယူမည့်သူများလည်း အတွေးနှင့်ပင် စိုးရွံ့လာကြပြီး ဝယ်ယူရန် မဝံ့မရဲဖြစ်လာသောကြောင့် တစ်ကြောင်း၊ ထပ်မံထွက်ပေါ်နေသော သတင်းများအရလည်း အပ်/ကုန်စနစ်ဖြင့် သွင်းထားပြီး မရောင်းရသည့် Showroom ကားများအား ၂၀၀၀ ခုနှစ်အောက် သိန်း ၃၀၊ အထက် သိန်း ၆၀ လိုင်စင်ကြေး (သို့မဟုတ်) ဒဏ်ကြေးပေးသွင်းစေရန် ရောင်းချခွင့်ပြုမည့် သတင်းများကြောင့် လည်းကောင်း၊ အကြောင်းကြောင်းသော ကိစ္စရပ်များကြောင့် ကားဈေးကွက် ယခုကဲ့သို့ အေးစက်နေပြီး အရောင်းအဝယ်များမှာလည်း ကျောင်းဖွင့်ရာသီနီးကပ်လာပြီဆိုသော်လည်း ဈေးကွက်အေးစက်လာရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ဖရီးပါမစ်ကားများမှာ နယ်လိုင်စင်အကွာရာ နောက်ဆုံးထွက်များ ဈေးအမြင့်ဖြင့် ဈေးကွက်အေးသွားသော်လည်း အမှန်တကယ်လိုအပ်သည့်သူရှိက တစ်စီးတစ်လေရောင်းချရတတ်ကြောင်း၊ အထူးသဖြင့် ဝယ်ရောင်းကဏ္ဍတွင် ရောင်းလွယ်/ဝယ်လွယ်ဖြစ်သည့် ရန်ကုန်လိုင်စင် ကားလေးများသာ အဝယ်ရှိတတ်ပြီး နယ်လိုင်စင်ကားသစ်များထက် ၁၀ ဂဏန်း ဈေးအနိမ့်( သို့မဟုတ်) ဈေးတန်းတူဖြစ်လျှင် ရန်ကုန်လိုင်စင်ကားသာ ဝယ်ယူတတ်ကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက်ဗင် | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | အာလ်ဖတ် (၂၀၀၃) | 9M | ၃၃၀ သိန်း | 3.0 ဓာတ်ဆီ |
| ၃။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | GP(1) ဟိုက်ဘရစ်၊ နယ်လိုင်စင် |
| ၄။ | ပါဆို (၂၀၁၁) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ကာလ်ဒီးနားဗင် | 5L | ၂၁၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၆။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၂၈ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ကလူဂျာ (၂၀၀၂) | 9H | ၂၄၅ သိန်း | 2.4 ဓါတ်ဆီ |
| ၈။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓါတ်ဆီ |
| ၉။ | အပ်ကား | | ၉၃ သိန်း | - |

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲ ကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနကုန်သွယ်မှုပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်) တွင် ဖွင့်လှစ်သင်ကြားခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၃ ရက်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် ဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းကာလ လေးလကြာမြင့်ခဲ့ကြောင်း သိရသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၄ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မယ်သီတာ**




## ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးသွင်းမှုများတွင် MPU စနစ်ကို စတင်အသုံးပြုတော့မည်

ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးသွင်းမှုများတွင် MPU စနစ်ကို စတင်အသုံးပြုတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MPU စနစ်အသုံးပြုမည့် ကိစ္စနှင့်ပတ်သက်၍ရှင်းလင်းပွဲကို မေ ၂၂ ရက်က ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI ရုံးတွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ UMFCCI ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေ၊ Myanmar Payment Union (MPU) မှတာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်မှတာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါရှင်းလင်းပွဲတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ကုန်သွယ်ရေးဦးစီးဌာန၏ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ၏ နိုင်ငံတော်သို့ ပေးသွင်းရမည့်ငွေကြေးဆိုင်ရာ ကိစ္စရပ်များတွင် MPU စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ရခြင်းသည် ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရန်နှင့် e-payment စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခင်က ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် လိုင်စင်ကြေး ပေးသွင်းခြင်း၊ ထသက မှတ်ပုံတင်ကြေးပေးသွင်းခြင်း၊ စီးပွားရေး အကျိုးဆောင်လုပ်ငန်းရှင်မှတ်ပုံတင်ကြေးပေးသွင်းခြင်း စသည့်နိုင်ငံတော်သို့ ပေးသွင်းငွေများ ပေးသွင်းရာတွင် မြန်မာနိုင်ငံသားများဘဏ်၌ ငွေစာရင်း ဖွင့်လှစ်ထားသူများကိုသာ e-payment စနစ်ဖြင့် လက်ခံဆောင်ရွက်စေခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဘဏ်တစ်ခုတည်းကိုသာ ခွင့်ပြုထားခြင်းအစား မြန်မာတစ်နိုင်ငံလုံးရှိ ဘဏ် ၂၃ ခုနှင့် ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်တဲ့ MPU စနစ်အရ ငွေပေးချေမှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ နည်းပညာ တိုးတက်ပြောင်းလဲမှုနှင့်အတူ ကုန်သည်လုပ်ငန်းရှင်များ၏ လိုလားချက်များအပေါ် အခြေခံပြီး နိုင်ငံတကာအဆင့်မီ ငွေပေးချေမှုစနစ် အကောင်အထည်ဖော်နိုင်ရေးကိုဦးတည်၍ ဘဏ်တစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်သည့်အဆင့်မှ ဘဏ်အားလုံးဖြင့် ချိတ်ဆက်ပေးသွင်းနိုင်သည့် စနစ်သို့ ပြောင်းလဲနိုင်ရန်အတွက် MPU စနစ်ကိုပြောင်းလဲပေးခဲ့တာဖြစ်ကြောင်း၊ အဆိုပါစနစ်ကို ပြောင်းလဲရာတွင်ကနဦးအဆင့်အနေဖြင့် နေပြည်တော်ရုံးချုပ်၊ ရန်ကုန်ပို့သွင်းရုံး၊ မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်နှင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တို့တွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် အထူးစီးပွားရေးဇုန်များ၊မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကျန်ရှိနေသေးသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးသွင်းမှု အားလုံးကို MPU စနစ်ဖြင့် ပေးသွင်းစေမှာဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အဆိုပါ MPU စနစ် အသုံးပြုဆောင်ရွက်မည့်လုပ်ငန်းစနစ်နှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဝင်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်တက်ရောက်လာသည့် ကုန်သည်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မယ်သီတာ**



## ၂၀၁၇-၁၈ ဘဏ္ဍာနှစ် မေလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ တစ်သန်းနီးပါးခွင့်ပြုခဲ့

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ၂၀၁၇-၁၈ ဘဏ္ဍာနှစ် မေလ တတိယပတ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာတစ်သန်းနီးပါး ခွင့်ပြုပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၇)အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၇၉၃ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၁၁၂၅ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခုကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၂၀၂ သန်း အပါအဝင် ကျပ် ၁၂၄၁၃၈ ဒသမ ၉၃၈ သန်းနှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၆၈၃ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ စက်မှုလုပ်ငန်းကဏ္ဍတွင် ၁၄ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် တစ်ခု၊ အခြားဝန်ဆောင်မှုလုပ်ငန်း သုံးခုနှင့် အိမ်ရာအဆောက်အအုံ တည်ဆောက်မှု ဖွံ့ဖြိုးမှုကဏ္ဍ တစ်ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ် မေလ တတိယပတ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၃ခု ခွင့်ပြုပေးခဲ့ရာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၁၈ ဒသမ ၄၉၉ သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၂၃ ဒသမ ၅၉၂ သန်းစီးဝင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ဒသမ ၅သန်းခွင့်ပြုခဲ့သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၃၄ ဒသမ ၀၉၂ သန်းစီးဝင်ခဲ့ကြောင်း သိရသည်။

၂၀၁၇-၁၈ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အခု ၂၀၊ အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၈၄၉ သန်းအပါအဝင် မြန်မာကျပ်ငွေ ၄၉၀၃၁၁ ဒသမ ၅၆၃ သန်းရှိကြောင်း သိရသည်။ **မယ်သီတာ**

## ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲကျင်းပမည်

မြန်မာနိုင်ငံ စားသောက်ကုန်ထုတ် လုပ်တင်ပို့ရောင်းချသူများအသင်းမှကြီးမှူး၍ ပြည်တွင်းပြည်ပဈေးကွက်များသို့ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးမီ စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲကို ဇွန် ၃ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါဆွေးနွေးပွဲကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် အရပ်ဘက်ဆိုင်ရာဆက်စပ်အဖွဲ့အစည်းများ၏ပူးပေါင်းပါဝင်ကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် မျက်မှောက်ကာလ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်တွင်း ဈေးကွက်အခြေအနေပေါ် သုံးသပ်ချက်ခေါင်းစဉ်ဖြင့် စားသုံးသူရေးရာဦးစီးဌာနက လည်းကောင်း၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် ဒေါက်တာတင့်ဆွေလတ်က လည်းကောင်း၊ ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ ထုတ်လုပ်ခြင်းခေါင်းစဉ်ဖြင့် ဦးရဲမြင့်မောင် (တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း)ကလည်းကောင်း၊မျက်မှောက်ကာလ စားသောက်ကုန်နှင့် စားသုံးသူခေါင်းစဉ်ဖြင့် မြန်မာစားသုံးသူများသမဂ္ဂမှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များ ထုတ်လုပ်ရေးကဏ္ဍလူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် အစာအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်းကလည်းကောင်း၊ စားသောက်ကုန်များထုတ်လုပ်ရာတွင် ဘေးအန္တရာယ်ကင်းသော လိုအပ်ချက်များခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းကလည်းကောင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# ကြိုးစားကြည့်ရအောင်

| မျိုးသူ (ကုန်သွယ်မြှင့်) |



**ယခင်တစ်ပတ်မှအဆက်**

ရုပ်ရည်ခန့်ငြားပုံချင်း၊ ကျန်းမာရေးကောင်းတာ၊ ထူးချွန်တာ၊ ချမ်းသာတာ၊ ပညာတော်တာစတဲ့ အရည်အချင်းတွေမှာလည်း အတူတူလိုပဲ။ သူမသာ ကိုယ်မသာပါပဲတဲ့။ သူတို့ နေတဲ့ နေရပ်ကသာ အရှေ့နဲ့အနောက်အရပ် ဖြစ်နေတာပေါ့နော်။ သူတို့က တစ်ပတ်တစ်ခါ မင်းသမီးလေးဆီကို လာတွေ့ကြ စကားပြောကြသတဲ့။ လာတဲ့အချိန်က မနက်စောစောထလာကြပြီး နေမွန်းတည့်ခါနီးလောက်မှ မင်းသမီးလေး ဆီရောက်ပြီး ညနေသုံးနာရီလောက်ဆို ပြန်ကြတာပေါ့။ တွေ့ရတဲ့အချိန်က နည်းပါးပြီး သွားလာချိန်က အသွားလေးနာရီလောက် အပြန်လေးနာရီလောက် ပြန်ကြရတယ်လေ။ မင်းသားလေးတွေကလည်း ပြိုင်ဘက်တွေဆိုတော့ အချိန်အတူတူ ရောက်အောင်လာ။ ပြန်ချိန်လည်း အတူတူပေါ့။ ဒီလိုနဲ့ မင်းသမီးလေးခမျာမှာလည်း အရည်အသွေးတူတဲ့ မင်းသားလေးနှစ်ပါးကို ရွေးရခက်နေတာပေါ့။

သံယောဇဉ်ကလည်း တဖြည်းဖြည်းနဲ့ တွယ်တာလာလိုက်တာ သုံးနှစ်သုံးမိုးရှိလာပြီ။ ဒီတော့ မင်းသားလေးနှစ်ပါးကလည်း သူတို့ ထီးနန်းရယူရမယ့် အချိန်တွေနီးလာပြီ။ အိမ်ရှေ့စံ အရိုက်အရာကိုလည်း ဆက်ခံရတော့မယ်။ ကြင်ယာတော်မရှိလို့ကလည်း မဖြစ်တော့ မင်းသမီးလေးကို နားပူလာကြတယ်။ တစ်နေ့တော့ အဖြေပေးရမယ့်ရက်ကို ရောက်လာပါလေရော။ မင်းသမီးလေးက သူ့အနေနဲ့ ရွေးရခက်ကြောင်း အတူတူသံယောဇဉ်ရှိကြောင်း၊ ဒါပေမဲ့ သူ့အပေါ် ပိုပြီးချစ်ခင်တယ် အနစ်နာခံတယ်လို့ ယူဆတဲ့ အနောက်ဘက်က မင်းသားလေးကို ရွေးချယ်လိုက်တယ်တဲ့။ အရှေ့ဘက်က မင်းသားလေးက ဝမ်းနည်းတော့ ဝမ်းနည်းတာပေါ့နော်။ ဘာကြောင့် အနောက်အရပ်က မင်းသားလေးကို ရွေးတယ်ဆိုတာ သိချင်လို့မေးတဲ့အခါ အဓိက,က အနစ်နာခံနိုင်စွမ်း၊ သည်းညည်းခံနိုင်စွမ်းလို့ ပြောပါတယ်။ ဘာကို မင်းသမီးလေး မြင်သွားသလဲ၊ နောက်ဆုံး ပြောချင်တာကတော့ စိတ်ဓာတ်ပါပဲ။ ကျွန်တော့်ကို ဆရာသမားတစ်ယောက်ဖြစ်တဲ့ ဝန်ကြီးတစ်ပါးက ပြောဖူးပါတယ်။ သူ့အနေနဲ့ အသက်ကြီးလာလို့ အသက်အရ ပင်ပန်းတယ်။ ဒါပေမဲ့ ပင်ပန်းဆင်းရဲမှုတစ်နေ့တာဟာ အိပ်လိုက်ပြီး နိုးလာရင် ပျောက်သွားတာဖြစ်လို့ ဘယ်လောက်ပင်ပန်း ပင်ပန်းမမှုဘူးလို့ ဆိုပါတယ်။

တစ်ဦးချင်း စွမ်းရည်ရှိဖို့ လုပ်တဲ့နေရာမှာ တွေးတောရန် မပျက်ကွက်ပါနဲ့။ မိမိတို့ဖြစ်ချင်တာ လုပ်မယ့်အရာတွေနဲ့ ပတ်သက်လို့တွေးတော စဉ်းစားပေးဖို့ မမေ့ပါနဲ့။ "ဘာတွေလုပ်မှာလဲ။ ဘယ်တော့လုပ်မှာလဲ။ ဘယ်သူနဲ့လုပ်ရမှာလဲ။ ဘယ်လောက် လိုအပ်မလဲ။ ဘာတွေလိုအပ်မလဲ။ ဘာကြောင့်လိုအပ်မလဲ။" စသဖြင့် "ဘ"ခြောက်လုံးကို ကုန်အောင်သုံးပြီး စဉ်းစားတွေးတောဖို့ မပျက်ပါနဲ့လို့ ပြောချင်ပါတယ်။ အဲဒါကိုပဲ ကြီးကြီး ကျယ်ကျယ်ပြောမယ်ဆိုရင် Creative Thinking for Personal Development လို့ ပြောချင်ပါတယ်။ ဥပမာလေးတစ်ခု ပေးချင်ပါတယ်။ နည်းနည်းလေး စဉ်းစားတာနဲ့ ပြောင်းလဲသွားနိုင်သလား ဆရာရယ်လို့ မေးစရာရှိပါတယ်။ ရှိပါတယ်။

အနည်းငယ်လေး ပြောင်းတာနဲ့ ပြောင်းလဲပုံလေး နမူနာပြောချင်ပါတယ်။ တစ်နဲ့တစ် မြှောက်ရင် ဘယ်လောက်ရလဲ။ တစ်ပေါ့။ ဆယ်ခါ မြှောက်ရင်ရော တစ်ပဲရပါတယ်။ ဒါက ပုံမှန်အတိုင်း အလုပ်လုပ်နေတဲ့ အနေအထားနဲ့ တူပါတယ်။ ကြိုးစားအားထုတ်မှုက မပြောင်းလဲပါဘူး။ သူက လျှော့တော့မလုပ်ဘူးပေါ့ဗျာ။ နောက်တစ်ခုက ၁ ဒသမ ၁ နဲ့ ၁ ဒသမ ၁ မြှောက်ရင် ဘယ်လောက်ရမလဲ။ ၁ ဒသမ ၂၁ ရပါတယ်။ ၁၀ ခါ ဆက်တိုက်မြှောက်ရင် ဘယ်လောက်ရပါသလဲ။ ၂ ဒသမ ၅၉ ဖြစ်လာပါတယ်။ ဆိုလိုချင်တာက သုည ဒသမ ၁ ဆိုတဲ့ ကြိုးစားအားထုတ်မှုကို ၁၀ ပုံ တစ် ပုံပဲတိုးပြီး လုပ်ရင်တောင် ၁၀ကြိမ် လောက်ရှိလာရင် နှစ်ဆခွဲကျော်တိုးတက်လာတယ်ဆိုတဲ့ သဘောတရားကို ဂဏန်း သင်္ချာနည်းမှာ မြင်ရတာပါ။ နောက်ထပ်တစ်ခါ သုည ဒသမ ၁ လျှော့ပြီး သုည ဒသမ ၉ကို ၁၀ခါ ဆက်တိုက် မြှောက်ကြည့်ပါ။ သုည ဒသမ ၃၅ ဖြစ်ပါတယ်။ နည်းနည်းလေး လျှော့လုပ်တာနဲ့ မိမိရဲ့ရလဒ်ဟာ တစ်ဝက်ထက်တောင် လျော့သွားတယ်ဆိုတာ ပြနေတဲ့သဘောပါ။ ဒါကြောင့် ကြိုးစားနေတာ ကိုယ့်ဖို့၊ ရပ်နေတာ သူများဖို့ပါ။ ကိုယ့်အတွက်ပါချင်ရင် နည်းနည်းလေးပဲဖြစ်ဖြစ် တိုးတက်အောင်လုပ်နေရပါမယ်။ နည်းနည်းလေး ပြောင်းရင်တောင် တိုးတက်တယ် ဆိုတာ ယုံကြည်လိုက်ပါ။

တစ်ခါတစ်လေ ကံမရှိဉာဏ်ရှိတိုင်းမွဲဆိုတာကို တွေးတတ်ပြောတတ်ပါတယ်။ လူဖျင်းတွေအလုပ်လို့ သဘောထားလိုက်ပါ။ ကိုယ်ပြုသမျှကံ ကိုယ်သာစံ သို့မဟုတ်ခံလို့ ဗုဒ္ဓမြတ်စွာဘုရားက ဟောပါတယ်။ ကိုယ်လုပ်တာက ၉၀ ရာခိုင်နှုန်း၊ အတိတ်ကံက ၁၀ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ ဒါတောင် အတိတ်ကံဆိုတာကို လက်ငင်း ပြုတဲ့ကံကပြုပြင်နိုင်ပါ တယ်။ ခဲတစ်လုံးကို ရေထဲထည့်ကြည့်ပါ။ ရေမြုပ်ပါတယ်။ အတိတ်ကံဆိုတာ ခဲတစ်လုံးလိုပါပဲ။ ဒါပေမယ့် လှေတစ်စီးဟာ လေးပေမယ့် ရေမမြုပ်ပါဘူး။ ပစ္စုပ္ပန်ကံပါ။ ဒီလှေကြီးက ဝမ်းမပေါက်ဘူး။ အကောင်းဆိုရင် ဒီလှေကြီးထဲကို ခဲလုံးတော် တော်များများ ထည့်တာတောင် ခဲရောလှေရော နစ်သွားစရာ မရှိပါဘူး။ ဒါကြောင့် လက်ရှိဘဝမှာ အကောင်းဆုံးဖြစ်အောင်အများအတွက် ဆောင်ရွက်နိုင်အောင် ဆောင်ရွက်မယ်ဆိုရင် ဘဝလှေကြီးတစ်စီးကို တည်ဆောက်နိုင်တာဖြစ်မှာပါ။

ကဲနောက်တစ်ခုက တစ်ဦးချင်း တော်လာကြပြီဆိုရင် အဖွဲ့အစည်းထဲကို ကုမ္ပဏီထဲကို ဝင်လုပ်လို့ ရပြီ၊ ဒါမှမဟုတ်လည်း ကုမ္ပဏီထူထောင်လို့ရပါပြီ။ အဲဒီအဖွဲ့အစည်းနဲ့ လူ့ဘောင်နဲ့ ဘယ်သူမှ ကင်းကွာလို့ မရပါဘူး။ အခုခေတ်ကပိုပြီး ကင်းကွာလို့မရပါဘူး။ တစ်ဦးတည်း စွမ်းဆောင်ဖို့ အောင်မြင်အောင်လုပ်ဖို့ ကြိုးစားလုပ်တာကို Heroism (လူစွမ်းကောင်းဝါဒ) လို့ခေါ်ပါတယ်။ ဒီဝါဒက သိပ်အလုပ်မဖြစ်တဲ့ နည်းလမ်း လို့ အခုခေတ်မှာ ယူဆလာပါတယ်။ ရှေးခေတ်မှာတော့ တစ်ဦးကောင်း တစ်ယောက်ကောင်းဝါဒကိုသာ ကျင့်သုံးတတ်ပါတယ်။ အဲဒီအတွေးအခေါ်ကြောင့် ဘုရင်တို့ အာဏာရှင်တို့ ဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ သွားနေတဲ့ Democracy Practice အတွက်စုပေါင်းစဉ်းစား၊ စုပေါင်းဆုံးဖြတ်၊ တာဝန်ခွဲဝေ လုပ်ကိုင်ဆိုတာနဲ့ မကိုက်တော့ပါဘူး။

**စာမျက်နှာ (၃၁)သို့ ➢**

**စာမျက်နှာ (၁၂) ➢➢➢** **အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုး၊ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် . . . . . မှအဆက်**

ချက်ကို ပြည့်မီရန် ဆောင်ရွက်ရမည်ဖြစ်ရာ ၎င်းအတွက် နည်းပညာ ဆန်းသစ်တီထွင်မှုကိုလည်း လိုအပ်မည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။ ထို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် နိုင်ငံအတွင်း ပဲထုတ်လုပ်မှု တိုးတက်လာရေးအတွက် စိုက်ဧက တိုးချဲ့ရန်နှင့် အထွက်နှုန်း တိုးမြှင့်ရေးအစီအစဉ်များစွာကို ဆောင်ရွက်လျက်ရှိပြီး၊ ဈေးကွက်လိုအပ်မှုနှင့် ဈေးနှုန်းအခြေအနေတို့ကို အချိန်နှင့်တစ်ပြေးညီ လေ့လာစောင့်ကြည့်ကာ ဈေးနှုန်းတည်ငြိမ်ရေး ရန်ပုံငွေများထားရှိခြင်း၊ အရန်ပဲများဝယ်ယူခြင်း၊ လိုအပ်သည့်အခြေ အနေတွင် ထုတ်ရောင်းပေးခြင်း၊ လိုအပ်သည့်မူဝါဒများ ထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအတွင်း စိုက်ပျိုးသည့် အဓိက ပဲအမျိုးအစားနှစ်ခုဖြစ်သည့် ကုလားပဲနှင့် ပဲစင်းငုံတို့ကို မျိုးရိုးဗီဇပြုပြင်ပြောင်းလဲခြင်း နည်းပညာများဖြင့် စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အဆင့်မြင့်နည်းပညာများသည် ရင့်မှည့်ချိန်သက်တမ်းများစောလာခြင်း၊ သီးနှံအထွက်နှုန်း တိုးခြင်းတို့ဖြစ်စေပြီး စီးပွားရေး တွက်ခြေ ကိုက်စေမည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

ထို့ပြင် ပဲစိုက်ပျိုးသည့် တောင်သူလယ်သမားများအား ဆွဲဆောင်မှုရှိစေရန်နှင့် အထောက်အပံ့ဖြစ်စေရန်အတွက် အနိမ့်ဆုံး အထောက်အကူပြုဈေးနှုန်း (Minimum Support Price -MSP) ဈေးနှုန်းစာရင်း သတ်မှတ်ချက်တွင် ပဲဈေးနှုန်းများအား တိုးမြှင့်သတ်မှတ်ပေးခြင်း၊ အခြားသော ဈေးကွက်အထောက်အပံ့ပေးခြင်းတို့ကိုလည်း တိုးတက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ပြည်နယ်များနှင့် ဗဟိုအစိုးရတာဝန်ရှိသူ အဖွဲ့အစည်းများအနေဖြင့် ပဲမျိုးစုံ ကုန်သွယ်မှုတွင် မမျှတသည့် ကုန်သွယ်မှုများပြုလုပ်ပါက ထိန်းချုပ်ဟန့်တားခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပြီး၊ ပြည်တွင်း၌ပဲရရှိနိုင်မှုကိုမြှင့်တင်နိုင်ရန်နှင့် ပဲဈေးနှုန်းများထိန်းညှိရာ၌ အသုံးပြုရန်အတွက် အစိုးရအနေဖြင့်လည်း အရန်ပဲများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းမှ ဝယ်ယူခြင်းတို့ဖြင့် ဖြည့်ဆည်းလေ့ရှိပြီး၊ ထိုသို့ဖြည့်ဆည်းရာ၌ ဈေးနှုန်းတည်ငြိမ်ရေး ရန်ပုံငွေများကို အသုံးပြုဆောင်ရွက်ကြောင်း သိရပါသည်။

ပြင်ပဈေးကွက်ပေါက်ဈေးတွင် အစိုးရက သတ်မှတ်ပေးထားသည့် MSP ဈေးနှုန်းများအောက် ပဲဈေးနှုန်းများ အဆမတန် ကျဆင်းလာပါက တောင်သူလယ်သမားများ ရောင်းချလိုသည့် ပဲပမာဏကို အစိုးရကိုယ်စား ခန့်အပ်သတ်မှတ်ထားသည့်အဖွဲ့များက သတ်မှတ်ထားသည့် MSP ဈေးနှုန်းများအတိုင်း ဝယ်ယူပေးပါသည်။ ယင်းအဖွဲ့များသည် အစိုးရကိုယ်စားပြည်ပမှ ပဲဝယ်ယူတင်သွင်း ဖြည့်တင်းခြင်းများကိုလည်း ဆောင်ရွက်ရကြောင်း သိရှိရပါသည်။

**အိန္ဒိယအစိုးရက ခန့်အပ်ထားသည့် အစိုးရကိုယ်စားပဲဝယ်ယူရေး အေဂျင်စီများ**

အိန္ဒိယအစိုးရကိုယ်စား ပဲမျိုးစုံဝယ်ယူရေးအတွက် ခန့်အပ်သတ်မှတ်ထားသည့် အဖွဲ့အစည်းများမှာ - National Agricultural Cooperative Marketing Federation of India Limited (NAFED)၊ National Cooperative Consumers' Federation (NCCF)၊ Central Warehousing Cooperation (CWC)၊ Small Farmers Agri-Business Consortium (SFAC) တို့ဖြစ်ကြောင်း သိရပါသည်။

**အိန္ဒိယနိုင်ငံ၏ သွင်းကုန်ခွန်စည်းကြပ်မှု**

အိန္ဒိယနိုင်ငံ၊ ပြည်တွင်းအခွန်ဦးစီးဌာန (Department of Revenue) ၏ အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၅ (၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀)အရ ပဲအမျိုးအစားအားလုံးတင်သွင်းမှုအပေါ် သွင်းကုန်ခွန်စည်းကြပ် ကောက်ခံခြင်းမရှိသော်လည်း အိန္ဒိယအစိုးရသည် ပြည်တွင်းစိုက်ပျိုးသူများအား အကာအကွယ်ပြုနိုင်စေရန် ရည်ရွယ်ကာ ယခုနှစ် မတ်လ ၂၈ ရက်မှ စတင်၍ ပြည်ပမှ ပဲစင်းငုံတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံရန် သတ်မှတ်ခဲ့ကြောင်း၊ ပဲစင်းငုံတင်သွင်းမှုအပေါ် အခွန်ထပ်တိုးစည်းကြပ်ရန်ကိုလည်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးက အဆိုပြုထားကြောင်း သိရှိရပါသည်။

**ပဲဈေးနှုန်းများအပေါ် လွှမ်းမိုးမှုရှိသည့်အချက်များ**

အိန္ဒိယနိုင်ငံ၏ ပဲဈေးနှုန်းအတက်အကျသည် - သီးနှံစိုက်ပျိုးမြေဧရိယာပမာဏ၊ သီးနှံထွက်ရှိမှုအခြေအနေ၊ သီးနှံအထွက်နှုန်း ခန့်မှန်းချက်၊ သီးနှံအထွက်နှုန်းအပေါ် သက်ရောက်စေနိုင်သည့် မိုးရေချိန်နှင့် ရာသီဥတုအခြေအနေများ၊ ပြည်တွင်းပြည်ပ ဈေးကွက်၌ ဝယ်လိုအားအခြေအနေအပြောင်းအလဲ၊ အဓိကတင်သွင်းသည့် နိုင်ငံများ၏ ကုန်စည်ရရှိနိုင်မှုအခြေအနေ၊ ဆက်စပ်ကုန်စည်နှင့် အစားထိုးကုန်စည်များ၏ဈေးနှုန်းအခြေအနေနှင့် အစိုးရ၏ မူဝါဒ/အထောက်အပံ့အပြောင်းအလဲ (MSP ဈေးနှုန်းပြောင်းလဲသတ်မှတ်ခြင်း၊ အစိုးရကိုယ်စားလှယ်အဖွဲ့အစည်းများ၏ တိုက်ရိုက်ဝယ်ယူမှု၊ သိုလှောင်ထားရှိမှု၊ ကုန်စည်သိုလှောင်မှုပမာဏကန့်သတ်ခြင်း၊ အခွန်နှုန်းထားပြောင်းလဲခြင်း၊ ယင်းကုန်စည်ဆိုင်ရာ ပြည်ပကုန်သွယ်မှုတားမြစ်ခြင်း (သို့) ပြည်ပကုန်သွယ်မှုမူဝါဒပြောင်းလဲခြင်း) စသည့် အခြေအနေများပေါ်တွင် မူတည်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။



## မြို့ကြီးများ၏ ၂၉-၅-၂၀၁၇ မှ ၂-၆-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၉-၅-၂၀၁၇) | အင်္ဂါ(၃၀-၅-၂၀၁၇) | ဗုဒ္ဓဟူး(၃၁-၅-၂၀၁၇) | ကြာသပတေး(၁-၆-၂၀၁၇) | သောကြာ(၂-၆-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၃°C/၉၃°F | ၈၀% ၃၃°C/၉၁°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F |
| မန္တလေးမြို့ | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၂°F | ၄၀% ၃၃°C/၉၂°F |
| မြစ်ကြီးနား | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| လားရှိုး | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၈၀°F | ၅၀% ၂၈°C/၈၂°F | ၄၀% ၂၉°C/၈၄°F |
| တောင်ကြီး | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F | ၆၀% ၂၄°C/၇၆°F | ၆၀% ၂၄°C/၇၅°F |
| မော်လမြိုင် | ၈၀% ၃၁°C/၈၇°F | ၇၀% ၃၆°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| ဘားအံ | ၈၀% ၃၂°C/၈၉°F | ၈၀% ၂၇°C/၈၈°F | ၆၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F |
| တောင်ငူ | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၂၇°C/၈၀°F |
| မုံရွာ | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၁°F | ၄၀% ၃၃°C/၉၂°F |
| ပုသိမ် | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၂°C/၈၉°F |
| မြိတ် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F |
| စစ်တွေ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| မကွေး | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၂°F |
| ဖလမ်း | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၁°C/၇၀°F | ၈၀% ၂၃°C/၇၃°F | ၆၀% ၂၅°C/၇၇°F |



## ထိုင်းနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိ

ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် မိုးဦးကျရာသီကာလ အစဖြစ်သည့် မေလမှစ၍ မိုးသည်းထန်စွာရွာသွန်းလျက်ရှိရာ ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ နေရာအနှံ့အပြားတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

မြို့တော် ဗန်ကောက်အပါအဝင် မြို့ကြီးများတွင်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုးသက်မုန်တိုင်းများကြောင့် ရေစီးနှင့်အတူ လူငါးဦးမျောပါခဲ့ကာသေဆုံးခဲ့ရကြောင်း၊ မြို့တော်တစ်ဝန်းလုံးတွင် မိုးရွာသွန်းမှုမှာ မိုးရေချိန် ၈၀မီလီမီတာမှ ၁၃၀ မီလီမီတာအထိ ရှိလာခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ဗန်ကောက်မြို့တွင် မေ ၂၄ ရက်မှစတင်ရွာသွန်းခဲ့သည့် မုတ်သုံမိုးသည် မေ ၂၆ ရက်အထိ ဆက်လက် ရွာသွန်းလျက်ရှိနေကြောင်း၊ အထူးသဖြင့် ဝမ်သွန်လန်ခရိုင်တွင် အဆိုးရွားဆုံး မိုးရွာသွန်းလျက်ရှိရာ မိုးရေချိန် ၁၅၆ မီလီမီတာအထိ ရှိနေပြီဖြစ်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့တော်ဗန်ကောက်၏ နေရာပေါင်း ၂၃ နေရာနှင့် အဓိကလမ်းမများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတစ်ဝန်းတွင် မေ ၁၆ ရက်မှစတင်၍ မိုးရွာသွန်းလျက်ရှိရာ ယခုသီတင်းပတ်အထိ ပြည်နယ် ၁၄ ပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်ဟု ဆိုသည်။ ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းရှိ Loei ဒေသတွင် မေ ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြောင်ခရိုင်အပါအဝင် ခရိုင် ၁၁ ခုတို့တွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရကြောင်း၊ ရေလွှမ်းမိုးမှုများကြောင့် အစိုးရရုံး အဆောက်အဦလေးလုံး အပါအဝင် လူနေအိမ်ပေါင်း ၂၃၀၀ နှင့် ဟိုတယ် နှစ်လုံးတို့မှာ ရေနစ်မြုပ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အလားတူ ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသမှာလည်း မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသဖြင့် အဝေးပြေးလမ်းမများတွင်လည်း ရေများဖုံးလွှမ်းလျက်ရှိပြီး စာသင်ကျောင်းများကိုလည်း ပိတ်ထားခဲ့ရကြောင်း၊ မိုးဆက်လက်ရွာသွန်းနိုင်သဖြင့် ပြည်သူများအနေဖြင့် ရေလွှမ်းမိုးမှုများ ထပ်မံဖြစ်ပေါ်လာနိုင်၍ သတိပြုနေထိုင်ကြရန် နှိုးဆော်ထားကြောင်း သတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

## ဖိလစ်ပိုင်နိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်

ဖိလစ်ပိုင်နိုင်ငံ၊ ဆန်မာဆယ်လီနိုဒေသတွင် မေ ၂၅ ရက် ည ၁၀ နာရီ ၂၇မိနစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်သွားခဲ့ကြောင်း စီအန်န်အန်န်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကြီးကြီးမားမားပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း ဆန်မာဆယ်လီနိုဒေသမှ အာဏာပိုင်များက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ရာဒေသသည် ကျောက်တုံးကျောက်စိုင်များ ထူထပ်ပေါများသည့်ဒေသဖြစ်ပြီး လူနေကျဲသည့် ဒေသလည်းဖြစ်ကြောင်း၊ ထို့ပြင် ငလျင်သည် မြေအောက် ၁၂ ကီလိုမီတာအကွာကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မီးတောင်ပေါက်ကွဲမှုနှင့် ငလျင်လှုပ်ခတ်မှုတိုင်းတာရေးတက္ကသိုလ်မှ ထုတ်ပြန်ကြေညာခဲ့သည်။

ငလျင်လှုပ်ခတ်ခြင်းကို ဆန်မာဆယ်လီနိုဒေသ အနီးတစ်ဝိုက်ရှိ ဒေသများဖြစ်သည့် မနီလာမြို့ မြေအောက်မီးရထားလမ်းတစ်လျှောက်၊ ကာဗီတီ၊ လာဂူနာ၊ ရေဇယ်လ်၊ ပမ်ပါဂါ၊ ဘာတန်နှင့် Nueva Ecija ဒေသတို့တွင်လည်း ခံစားသိရှိခဲ့ကြသည်ဟု ဆိုသည်။

သို့သော် ငလျင်လှုပ်ခတ်သည့် ဒေသတွင်ရှိသည့် လူဇွန်ကျွန်းသည် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ အများအပြား လာရောက်လည်ပတ်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ငလျင်လှုပ်ခတ်မှုကို အဆိုပါဒေသတွင်လည်း သိရှိခံစားခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ကမ္ဘာလှည့်ခရီးသည်များ ထိတ်လန့်တုန်လှုပ်ခဲ့ကြကြောင်း၊ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ခြင်းမရှိသဖြင့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် စိတ်သက်သာရာရခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုဒေသတွင် ပြီးခဲ့သည့် ဧပြီ ၂၉ ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိသည့်အင်အားအလွန်ပြင်းထန်သည့်ငလျင် လှုပ်ခတ်ခဲ့ရာ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

မင်ဒါနာအိုဒေသတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်အဆောက်အဦ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရသည်။ **မယ်သီတာ**

# ရွှေညောင်မြို့ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းဆင်းပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှေညောင်မြို့ စခွဲဟယ်ရပ်ကွက်(၁) တွင် မေလ ၂၂ ရက်က ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကျင်းပပြုလုပ်သော တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ ပေးသင်တန်းဆင်းပွဲ၌ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းနှင့် ဝန်ထမ်းများက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြပါတယ်။



အဆိုပါဟောပြောပွဲမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးမြသန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ အချက်အလက်များ၊ ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ အရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းများထုတ်လုပ်ပြီး ဈေးကွက်သို့ဖြန့်ဖြူးရောင်းချကြရာ၌ လိုက်နာရမည့်အချက်များ၊ ဈေးကွက်အတွင်း အန္တရာယ်ရှိ စားသောက်ကုန်များတွေ့ရှိပါက အရေးယူ ဆောင်ရွက်မှု အခြေအနေများ၊ ဈေးကွက်အတွင်းရှိ အန္တရာယ်ရှိ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများကို အချိန်အကန့်အသတ်ပေးပြီး ရှင်းလင်းမှုများကိုလည်း အဖွဲ့အစည်းပေါင်းစုံဖြင့် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ ဦးစီးမှူး ဦးစောမောင်က ဈေးကွက်အတွင်းရှိအန္တရာယ်ရှိစားသောက်ကုန်များကြောင့် ဖြစ်ပွားတတ်သော ရောဂါဘယများအကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း၊ စားသုံးသူ ထိခိုက်နစ်နာဆုံးရှုံးရပုံများ၊ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားရမည့်နည်းစနစ်များ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့်တာဝန်များ စီးပွားရေး လုပ်ငန်းရှင်အတွက် တားမြစ်ချက်များကို ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။

အဆိုပါသင်တန်းတွင် တက်ရောက်လာကြတဲ့ သင်တန်းသား၊ သင်တန်းသူ ၇၀ ဦး ခန့်အား စားသုံးသူရေးရာဦးစီးဌာနမှ ဥပဒေစာအုပ်များ၊ လက်ကမ်းစာစောင်များ၊ တိုင်ကြားမှုပုံစံများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

## ဂန့်ဂေါမြို့ပေါ်ရှိကုန်စုံဆိုင်များတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ထုတ်ကုန် လုံခြုံစိတ်ချရမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးဦးသန်းဦး ဦးဆောင်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များသည် မေလ ၂၅ ရက်က ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့ပေါ်ရှိ လက်ကားကုန်စုံဆိုင်များတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် ကုန်စုံဆိုင်များတွင် FDA မှ ထုတ်ပြန်ကြေညာထားသော အစားအသောက်များကို မရောင်းချရန်၊ ရက်လွန်နေသော အစားအစာများ၊ လုံခြုံစိတ်ချမှုမရှိသည့် အစားအစာများ၊ တရုတ်စာတမ်းသာပါပြီး မြန်မာစာတမ်းမပါသော အချိုရည်များ၊ မုန့်များ၊ ဂျယ်လီဗူးများ၊ ချောကလက်ဘူးများ၊ တရုတ်ဆီးသီးများ၊ ခွင့်မပြုဓာတုဆိုးဆေးပါဝင်သည့် ငရုတ်သီး မှုန့်များ၊ မှိုတက်နေ သော အစားအစာများကို နမူနာပစ္စည်းအဖြစ် သိမ်းယူခဲ့ပြီး ဆက်လက်ရောင်းချပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ အပြစ်ပေးအရေးယူသွားမည်ဖြစ်ကြောင်း၊ လုံခြုံစိတ်ချမှုရှိသည့် ကျန်းမာရေးနှင့် ညီညွတ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်များပါရှိမှသာ ရောင်းချသင့်ကြောင်း အသိပညာပေးဆွေးနွေးခဲ့ပါသည်။

ထို့နောက် စားသုံးသူမိဘပြည်သူများကို စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလက်ကမ်းစာစောင်များနှင့် စားသုံးရန်မသင့် အစားအသောက်များစာရင်းများကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ပခုက္ကူ)**

## ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆဋ္ဌမအကြိမ် အငြင်းပွားမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် မေလ ၂၅ ရက်နေ့တွင် ပုသိမ်ခရိုင်စား သုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌက အဖွဲ့ဝင်များအနေနှင့် တစ်ဦးနှင့် တစ်ဦး ရင်းနှီးချစ်ခင်စွာဖြင့် စားသုံးသူများ ဘေးအန္တရာယ်မရှိ လုံခြုံစိတ်ချစွာ စားသောက် သုံးစွဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်၊ အမျိုးသားရေး တာဝန် တစ်ရပ်အနေနှင့် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည်။ ဆက်လက်၍အဖွဲ့၏ အတွင်းရေးမှူး ပုသိမ်ခရိုင်ဦးစီးမှူးက အထက်ဌာန၏ လုပ်ငန်းလမ်းညွှန်ချက်များအား ရှင်းလင်းတင်ပြခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများအား အမှာစာဖြင့် တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများအား အတည်ပြုချက်ရယူခြင်း၊ တက်ရောက်လာသောသူများက မိမိတို့ဌာနများမှ ပူးပေါင်းဆောင်ရွက်မှုများ၊ တွေ့ကြုံရသော အခက်အခဲများအား တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## ချောင်းဆုံမြို့နယ်အတွင်း အလေးတင်းတောင်း မှန်ကန်ရေးအတွက် တောင်သူများအား ကွင်းဆင်းအသိပညာပေး

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနသည် ချောင်းဆုံမြို့နယ် အတွင်းရှိကျေးရွာအုပ်စုများ၌ အလေးတင်းတောင်း ချင်တွယ်မှုမှန်ကန်ရေး အတွက် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနသည် မေလ ၂၄ ရက်တွင် ကျေးရွာအုပ်စု (၆) ခု၌ အလေးတင်းတောင်း မှန်ကန်ရေးအတွက် ကျေးရွာအုပ်စုအလိုက် ကော်မတီ ဖွဲ့စည်းပေးမှုများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုတွင် ချောင်းဆုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီး မှူးဦးဝင်းနိုင်၊ မြို့နယ်ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးအေးကို၊ ဆန်စပါးကိစ္စရပ် ကျွမ်းကျင်သူ ဦးဉာဏ်ဝင်း၊ မြို့နယ်စားသုံးသူရေးရာ တာဝန်ခံ ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြကြောင်း သတင်း ရရှိသည်။ **အောင်ကိုကို (စားသုံးသူ-မွန်)**

## မော်လမြိုင်ကျွန်းမြို့နယ်၊ အောင်သာယာဈေးတွင် စားသုံးရန်မသင့်သော စားသောက်ကုန်များ ရောင်းချမှုရှိ/မရှိ ကွင်းဆင်းစိစစ်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် ဝန်ထမ်းများသည် စည်ပင်သာယာအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်လျက် မေ ၂၃ ရက်က မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ အောင်သာယာဈေးရှိ ကြက်၊ ဘဲ အရောင်းဆိုင်များ၊ ငါးခြောက်အရောင်းဆိုင်များသို့ သွားရောက်၍ စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးက ငါးခြောက်များတွင် ယင်မနားဆေးများ အသုံးမပြုရန် ခွင့်မပြုဆိုးဆေးများ ပါဝင်မှု မရှိစေရန်နှင့် ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များ မရောင်းချရန်စသည့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှလည်း မွေးမြူရေးထွက်ကုန်များအား စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ရက်လွန်အသားများ မရောင်းချရန်နှင့် အသားများမှ လူသို့ ကူးစက်ရောဂါများ မပြန့်ပွားစေရန် စနစ်တကျမွေးမြူထားသော အသားများရောင်းချရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## ထားဝယ်မြို့နယ်အတွင်းရှိ ကမ်းနားဈေးနှင့် မြို့မစည်ပင်သာယာဈေးတို့တွင် ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးရီနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင် စည်ပင်သာယာရေးအဖွဲ့၊ ဈေးကော်မတီ နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက်တွင် ဒေသတွင်း ကြက်ငှက် တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ကမ်းနားဈေးနှင့် မြို့မစည်ပင်သာယာဈေးတို့တွင် ရောင်းချနေသော ကြက်ဥဆိုင်များမှ ကြက်ဥများအား ဓာတ်ခွဲစမ်းသပ်ရန် နမူနာ ကောက်ယူခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၁၇) ကျင်းပ

ပြည်ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေး (၃/၂၀၁၇) ကို ပြည်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေး ခန်းမ၌ မေ ၁၇ ရက်ကကျင်းပခဲ့ရာ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။



ဆက်လက်ပြီး ခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ပြည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ဦးစီးမှူး ဦးမြင့်ဝင်းက လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇) ဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း စာသင်ကျောင်းများ၊ စည်ပင်ဈေးများ၊ ရပ်ကွက်ကျေးရွာများသို့ စားသုံးသူအသိပညာပေး ဟောပြောပွဲများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးခြင်းများကို လျာထားချက်ထက်ကျော်လွန် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ ခရိုင် စားသုံးသူ ရေးရာဌာနတွင် စားသုံးသူများအနေဖြင့် ကုန်စည် ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး နစ်နာမှု တစ်စုံတစ်ရာရှိပါက တိုင်ကြားနိုင်ရန် တိုင်ကြားမှုလက်ခံဌာန CICC(Consumer Information & Complaint Center ) ကို ယခုလအတွင်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများကို ပူးပေါင်း မိတ်ဖက်ဌာနအဖွဲ့အစည်းများဖြင့် တစ်လလျှင် တစ်ကြိမ် ရက်တိတိကျကျ သတ်မှတ်ပြီး စစ်ဆေးလိုပါ၍ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက ညှိနှိုင်းသတ်မှတ်ပေးစေလိုပါကြောင်း တင်ပြ ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေအဖွဲ့ဝင် ခရိုင်ဥပဒေရုံးမှ ဦးထိုက်ဇော်ဝင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ပြည်သူများပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် လမ်းဘေးဈေးသည်မှအစ စက်ရုံလုပ်ငန်းရှင်များအထိ ၎င်းဥပဒေကို ရှင်းလင်းပြရမှာဖြစ်ကြောင်း၊ မိမိတို့ဌာနအနေနဲ့လည်း အသိပညာ ပေးဟောပြောပွဲများတွင် ဥပဒေပိုင်းနှင့် ပတ်သက်၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အဖွဲ့ဝင်ဖြစ်သော ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးအေးမိုးက ဈေးကွက်အတွင်း FDA ဌာနမှ တရားဝင်ထုတ်ပြန်ထားသည့် ကျန်းမာရေးနှင့် မညီညွတ်သော စားသုံးရန်၊ သုံးစွဲရန်မသင့်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်များ တွေ့ရှိပါက Food Law၊ Drug Law များဖြင့် အရေးယူဆောင်ရွက်နိုင်စေရေး ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက ယခုအချိန်ကာလမှာ ကျောင်းဖွင့်ချိန် နီးနေပြီဖြစ်သကဲ့သို့ မိုးဦးကျကာလသို့လည်း ရောက်ရှိတော့မည်ဖြစ်ရာ ပညာရေးဌာနအနေဖြင့် စာသင်ကျောင်းများအတွင်း ရောင်းချနေသည့် ကျောင်းမုန့်ဈေးတန်းဆိုင်များအား ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ရောင်းချနိုင်ရေး၊ သန့်ရှင်းမှုရှိစေရေးတို့အတွက် အထူးကြပ် မတ်ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော အဖွဲ့ဝင်များက ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။ **ဝင်းလဲ့ဝါ (ပြည်)**

# မြောင်းမြခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ပဉ္စမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ပဉ္စမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ ၂၂ ရက်က မြောင်းမြခရိုင်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် မြောင်းမြခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးထွေးမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဗဟို ကော်မတီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တို့၏ လမ်းညွှန်ချက်များကိုလိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ စာသင်ကျောင်းများ မကြာမီဖွင့်လှစ်တော့မည်ဖြစ်၍ စာသင်ကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများသို့ စားသုံးသူရေးရာအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး စားသုံးသူ အသိပညာပေး လုပ်ငန်းများကို ပညာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားခဲ့ပါသည်။

မြောင်းမြခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးတိုးလွင်က စတုတ္ထအကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ရှင်းလင်း တင်ပြခြင်း၊ စားသုံးသူ သတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံရေးစင်တာ (CICC) ဖွင့်လှစ် ဆောင်ရွက်နေမှု၊ ဈေးကွက်စောင့်ကြည့်ရေး ဆောင်ရွက်နေမှုနှင့် ဌာန၏ညွှန်ကြားချက်များအား ဖတ်ကြားရှင်းလင်းခြင်း၊ အမှာစာများအား ရှင်းလင်း တင်ပြဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက အသီးသီးပြန်လည် ဆွေးနွေးခဲ့ပါသည်။

အခမ်းအနားသို့ မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင် ၁၁ ဦး၊ ဖိတ်ကြားထားသူ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်ကိုယ်စားလှယ် ၆ ဦးနှင့် ဌာနဝန်ထမ်း ၁၃ ဦး စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**တိုးလွင် (မြောင်းမြ)**

# လားရှိုးမြို့ ဆရာအတတ်သင်သင်တန်းကျောင်းနှင့် မွမ်းမံသင်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ စားသုံးသူရေးရာ ဦးစီးဌာနက ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်း ဦးဆောင်သောအဖွဲ့သည် မေ ၁၇ ရက်တွင် လားရှိုးမြို့၊ ပညာရေးကောလိပ်ရှိ ပညာရတနာခန်းမတွင် ဆရာအတတ်သင် သင်တန်း တက်ရောက်နေသော ဆရာ၊ဆရာမ ၄၉၄ ဦး တို့အားလည်းကောင်း၊ မေ ၁၆ ရက်တွင် လားရှိုးမြို့၊ အ. ထ. က(၁) ကျောင်းရှိ အားကစားခန်းမတွင် မွမ်းမံ သင်တန်း တက်ရောက်နေသော ဆရာ၊ ဆရာမ ၆၄၄ ဦး တို့အားလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းများ၊ စားသုံးသူတို့၏အခွင့်ရေးများနှင့် တာဝန်များအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များနှင့် မိမိတို့၏ဈေးများ၊ ဆိုင်များ၊ စတိုးဆိုင်များတွင် စားသောက်ကုန်ပစ္စည်းများ ရောင်းချရာတွင် လိုက်နာရမည့်အချက်များ၊ ပြည်ပနိုင်ငံများမှ ဝယ်ယူရောင်းချရာတွင် လိုအပ်သည့် ထောက်ခံချက်၊ လိုင်စင်များအကြောင်းကိုလည်းကောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သော စားသောက်ကုန် ပစ္စည်းများတွင်ရှိရမည့်လိုင်စင်၊ ထောက်ခံချက်များအကြောင်းနှင့် အစားအသောက်မုန့်များပေါ်တွင် ပါရှိရမည့်အချက်များ ဖြစ်သောအမည်၊ အမှတ်တံဆိပ်၊ ထုတ်လုပ်သည့်နေရာ၊ ဖုန်းနံပါတ်၊ ထုတ်လုပ်သည့် ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ FDA ထောက်ခံချက်အမှတ် စသည်တို့ကိုပါ ထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်း၊ ၎င်းအပြင် စားသုံးသူများ၏ အခွင့်အရေးများ ထိခိုက်ချိုးဖောက်ခံရပါက တိုင်ကြားရမည့်နေရာများနှင့် တိုင်ကြားမှုကို အရေးယူဖြေရှင်းပေးမည့်ပုံစံများကိုလည်းကောင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စားသောက်ကုန်၊ ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် အထက်ဖော်ပြပါအချက်များကို သတိပြုဝယ်ယူကြပါရန် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **အောင်ကျော်မြင့် (လားရှိုး)**

# ပုသိမ်ခရိုင်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကျင်းပ

ပုသိမ်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနက မေ ၂၀ ရက်က ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာနှင့် တောင်ယာကုန်း ကျေးရွာများသို့ ကွင်းဆင်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များအားလည်းကောင်း၊ ကျေးရွာသူ ကျေးရွာသားများ၊ တပ်ဘက်နှင့် အရပ်ဘက် ဝန်ထမ်းများအားလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရပါသည်။

ဟောပြောရာတွင် ပုသိမ်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးစိုးဦးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် စားသုံးသူများ၏ နစ်နာမှုများအတွက် ဆောင်ရွက်ပေးနေမှုများ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက စားသုံးသူရေးရာ ဦးစီးဌာနတွင် ဖွင့်လှစ်ထားသော စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) တွင် လာရောက်တိုင်ကြားနိုင်သည့် အကြောင်းနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ လိပ်စာများ၊ ပြစ်မှုပြစ်ဒဏ်များအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပါသည်။

ဆက်လက်၍ ပုသိမ်မြို့နယ်မှ ဒုတိယ ဦးစီးမှူး ဦးမြင့်အောင်က အစားအသောက်၊ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ရှင်းလင်း ဟောပြောဆွေးနွေးပြီး FDA မှတားမြစ်ထားသော ပစ္စည်းများ၊ အစားအသောက်များတွင် ထည့်သွင်း အသုံးပြုသော ခွင့်မပြုဆိုးဆေးများ၊ စားသုံးသူများ ဆောင်ရန် ရှောင်ရန်များကို ပရိုဂျက်တာဖြင့် ပြသ၍ ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက စားသုံးသူများ၏အခွင့်အရေး၊ ရပိုင်ခွင့်များကို သိရှိနားလည်ပြီး မိမိတို့နီးစပ်ရာများတွင် ဆက်လက် ရှင်းလင်း ပြောဆိုပြီး စားသုံးသူ အကာအကွယ်ပေးရေး အသိပညာများအား ကျန်ရှိသည့်ကျေးရွာသူ၊ ကျေးရွာသားများအား ဆက်လက် မျှဝေပေးသွားမည်ဟု သိရှိရပါသည်။ **မောင်ပုသိမ်**

# ဝန်ဆောင်မှုလုပ်ငန်းနှင့် စားသုံးသူကာကွယ်ရေး



|နိုင်ဦး၊ မြင့်မြင့်ချို|

(ယခင်တစ်ပတ်မှအဆက်)

**ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်း**

ပြည်သူများသည် နေထိုင်ရေး အတွက် ဆောက်လုပ်ရေး လုပ်ငန်းများကို အားကိုးလာကြသဖြင့် ဆောက်လုပ်ရေး ဝန်ဆောင်မှု လုပ်ငန်းများ အပြိုင်အဆိုင် ပေါ်ပေါက်လာရပါသည်။ အဆိုပါ ဆောက်လုပ်ရေး လုပ်ငန်းများသည် အသုံးပြုသော ပစ္စည်းများ၏ စံချိန်စံညွှန်း၊ သတ်မှတ်ချက်များအပေါ် နည်းပညာများနှင့် ပေါင်းစပ်၍ သက်တမ်းစေ့ နေထိုင်နိုင်သည့် အဆောက် အဦများကို ဝန်ဆောင်ခနှင့် ကိုက်ညီစွာ ဆောက်လုပ်ပေးရန် တာဝန်ရှိပါသည်။ သဘာဝဘေးဒဏ်ခံ အဆောက်အဦများအားလည်း အလားတူပင် ဆောက်လုပ်ပေးရန် လိုအပ်ပါသည်။ သို့သော် အချို့သော ကျင့်ဝတ်မညီသော ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ပြည်သူလူထု အနေဖြင့် စိတ်သောက ရောက်ကာ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးသည်အထိ ဒုက္ခများ ခံစားကြရပါသည်။

**ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ**

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများစွာ ပေါ်ပေါက်လာပြီး သုံးစွဲသူများကို မက်လုံးပေး မျှော်လင့်ချက်များပေးကာ စျေးကွက်ချဲ့ထွင်နိုင်ရေးအတွက် အပြိုင်အဆိုင် ဆောင်ရွက်နေကြပါသည်။စားသုံးသူများ၏ လိုအပ်ချက်၊ လိုလားချက်များနှင့် ကိုက်ညီသော ဝန်ဆောင်မှုများမှာကောင်းမွန်ပြီး နှစ်ဦးနှစ်ဘက် ရေရှည်အကျိုးရှိစေသော်လည်း မပေးနိုင်သော ဝန်ဆောင်မှုများ၊ မဖြစ်နိုင်သော မက်လုံးပေးမှုများကိုမူ မပေးသင့်ပေ။ ထို့ကြောင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများသည် စားသုံးသူများအား စေတနာထား၍ အပြည့်အဝပေးနိုင်သော ဝန်ဆောင်မှုကိုသာ တိကျစွာ ကြေညာပေးရန်လိုအပ်မည်ဖြစ်ပါသည်။

**နိုင်ငံခြား ပညာသင်၊ အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှု အေဂျင်စီလုပ်ငန်းများ**

ယနေ့ခေတ်အခါတွင် လူငယ်လူရွယ်များသည် အမြင်ကျယ်လာပြီး နိုင်ငံခြားတွင် ပညာသင်ကြားခြင်း၊ နိုင်ငံခြားသို့ သွားရောက်ကာ မိမိတတ်ကျွမ်းသော ပညာရပ်များကို အရင်းခံ၍ အလုပ်လုပ်ကြခြင်းများ များပြားလျက်ရှိပါသည်။ ထိုလုပ်ငန်းများ အဆင်ပြေစေရန် ဆောင်ရွက်သော ဝန်ဆောင်မှု လုပ်ငန်းများလည်း ပေါ်ပေါက်လာပြီး မိဘများအနေဖြင့်လည်း အဆိုပါ လုပ်ငန်းများအပေါ် အားကိုးယုံကြည်၍ ဝန်ဆောင်ခပေးကာထို ဝန်ဆောင်မှုများ အနက် အချို့သော စည်းကမ်း ကျင့်ဝတ်နှင့် မညီသော ဝန်ဆောင်မှု များကြောင့် လူငယ်လူရွယ်များ အတိဒုက္ခ ရောက်ကြရကြောင်း မီဒီယာများ၌ စိတ်မကောင်းဖွယ် ဝမ်းနည်းစွာ ဖတ်ရှုတွေ့ရှိနေကြရပါသည်။ ထို့ကြောင့် နိုင်ငံခြား ပညာသင်၊ အလုပ်လုပ်ရန် ဝန်ဆောင်မှုပေးသော အေဂျင်စီများအနေဖြင့် ကျင့်ဝတ်သိက္ခာနှင့်အညီ၊ ဝန်ဆောင်ခနှင့်အညီ၊ ကတိကဝတ်အတိုင်း အပြည့်အဝ မှန်မှန်ကန်ကန် ဝန်ဆောင်မှုပေးရန် အထူးလိုအပ်လှပါသည်။

**ဘုရားဖူးပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းများ**

အများအားဖြင့် ပွင့်လင်း ရာသီတွင် ပြည်သူများသည် နိုင်ငံခြားရှိ/ ပြည်တွင်းရှိစေတီ၊ ဘုရားပုထိုးများသို့ သွားရောက် ဖူးမြော်လေ့ရှိကြပါသည်။ ထိုအပေါ် မူတည်၍ ဘုရားဖူးများပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းများလည်း ပေါ်ပေါက်လာကြပါသည်။ အများအားဖြင့် ဘုရားဖူး ပြည်သူများသည် ဝန်ဆောင်မှု ကောင်းကောင်းဖြင့် စိတ်ချမ်းမြေ့စွာ သွားလာဖူးမြော် လိုကြသော်လည်း တချို့သော ဝန်ဆောင်မှု လုပ်ငန်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာ၊ စိတ်မချမ်းမြေ့စရာများ ကြုံတွေ့နေရပါသည်။ (ဥပမာအားဖြင့် ဟိုတယ်တွင် တည်းခိုနေထိုင်ရန် ဝန်ဆောင်ခ ယူထားသော်လည်း အကြောင်း အမျိုးမျိုးပြ၍ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ၌ တည်းခိုစေခြင်း၊ လေအိတ်ပါ Air-con ကားဖြင့် ပို့ဆောင်ပေးမည်ဟု ကြေညာထားသော်လည်း သာမန်ကားဖြင့်သာ ပို့ဆောင်ပေးခြင်း၊ လမ်း၌ ကားပျက်ပါကလည်း အခြားယာဉ်ဖြင့် သတ်မှတ်ထားသည့် ဝန်ဆောင်မှုအတိုင်း မပို့ဆောင်ဘဲ ညအိပ်စောင့်ရခြင်း၊ တစ်နေရာရှိ ဘုရားအားဖူးမြော်ရန် အချိန်တစ်နာရီ သတ်မှတ်ထားသော်လည်း မိနစ် ၃၀ သာ ဖူးမြော်စေခြင်း) ထို့ကြောင့် ဘုရားဖူး ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်နေသူများသည် ဘုရားဖူးပြည်သူများ စိတ်နှလုံး ချမ်းမြေ့စွာဖြင့် သွားရောက်နိုင်စေရေးအတွက် သတ်မှတ်ထားသည့်၊ ကြေညာထားသည့် ဝန်ဆောင်မှု ကတိကဝတ်များအတိုင်း ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**ပုဂ္ဂလိက ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ**

မြန်မာနိုင်ငံသည် ခေတ်မီ တိုးတက်လာသည်နှင့်အညီ ပြည်သူတို့၏ လိုအပ်ချက်နှင့် လိုလားချက်များကို သိသော စီးပွားရေးလုပ်ငန်းရှင်များသည် ပုဂ္ဂလိကဘဏ်များကိုတည်ထောင်ဖွဲ့စည်း၍ အပြိုင်အဆိုင် ဝန်ဆောင်မှုများကို ကြေညာကာ ဆောင်ရွက်လျက်ရှိကြပါသည်။ ထို့ကြောင့် ပုဂ္ဂလိကဘဏ်များနှင့် ဆောင်ရွက်ရသော ငွေပို့၊ ငွေသွင်းခြင်းလုပ်ငန်းများ လျင်မြန်သွက်လက်လာပြီး အချိန်ကုန်သက်သာလာကြပါသည်။ သို့သော် လျင်မြန်မှုကို ဦးစားပေးလာ၍ လုံခြုံစိတ်ချရမှုကို မျက်ကွယ်ပြုသလိုဖြစ်လာသဖြင့် လည်းကောင်း၊ နည်းပညာများကို အားကိုးလုပ်ဆောင်လာ၍ လည်းကောင်း အခက်အခဲများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

**မော်တော်ယာဉ် အရောင်းပြခန်း ဝန်ဆောင်မှုလုပ်ငန်းများ**

မြန်မာနိုင်ငံသည် ပြည်သူများ အလွယ်တကူ ဝယ်ယူ ရရှိနိုင်ရေး အတွက် မော်တော်ယာဉ် အရောင်းပြခန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာကြပါသည်။ပြခန်းများသည် ဖောက်သည်တိုးပွားရေး၊ အရောင်းမြှင့်တင်ရေးအတွက် ဝန်ဆောင်မှုများကို အပြိုင်အဆိုင် ဆောင်ရွက်နေကြပါသည်။ ထိုသို့သော ပြခန်းများ အနက်မှ ကြေညာထားသည့် ဝန်ဆောင်မှုများ အတိုင်းဆောင်ရွက်ကြသလို၊ တချို့သော ပြခန်းများမှလည်း ကြေညာထားသည့် အတိုင်း ဆောင်ရွက်မပေးဘဲ၊ သတ်မှတ် စည်းမျဉ်းစည်းကမ်းများကို လက်တစ်လုံးကြား ပြုလုပ်ကာ စားသုံးသူများ၏ မသိနားမလည်မှုအပေါ် အမြတ်ထုတ်ကာ ဆောင်ရွက်နေကြသည်ကို တွေ့ရှိနေရပါသည်။ (ဥပမာ-ဝယ်ယူသူ အမည်ပေါက်ရမည်ဟု ကြေညာထားသော်လည်း တကယ်ဝယ်ယူပါက ဝယ်ယူသူကို မိမိဘာသာအမည်ပေါက်ရရှိရေး ဆောင်ရွက်စေခြင်း၊ ဝယ်ယူသူအား ကားဘယ်နေ့ရမည်ဟု ပြောထားသော်လည်း သတ်မှတ်ရက်အတွင်း မရရှိခြင်း၊ ကားအမျိုးအစား၊ အရောင်၊ ပစ္စည်းသတ်မှတ်ချက်များ မကိုက်ညီခြင်း) ထို့ကြောင့်မော်တော်ယာဉ်အရောင်းပြခန်း ဝန်ဆောင်မှု လုပ်ငန်းရှင်များသည် မိမိပေးနိုင်သည့် ဝန်ဆောင်မှု အတိုင်းသာ ကြေညာ၍တိကျမှန်ကန်စွာ ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များ ဝန်ဆောင်မှု**

ယနေ့ခေတ်တွင် ယခင်နိုင်ငံပိုင် လုပ်ငန်းအချို့အား ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များ ပေးအပ်ခဲ့ကြသည်။ ၎င်းတို့အနက် ယခင် စွမ်းအင်ဝန်ကြီးဌာနက စီမံခန့်ခွဲခဲ့သော စက်သုံးဆီ လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးကာ လုပ်ကိုင်စေခဲ့သည်။ ယခင်ကဲ့သို့ ခရီးဝေးဝေးသွားစရာ မလိုဘဲ အနီးအနားတွင် အလွယ်တကူဝယ်ယူနိုင်ခြင်း၊ စက်သုံးဆီ အမျိုးအစားမျိုးစုံ အား ရွေးချယ်ဝယ်ယူနိုင်ခြင်း၊ လိုအပ်သော ပမာဏအတိုင်း ဝယ်ယူနိုင်ခြင်း၊ ငွေပေးချေမှုစနစ် လွယ်ကူလျင်မြန်စေခြင်း စသည့် အားသာချက်များရှိ၍ အချိန်တိုအတွင်း အောင်မြင်လာသည့် လုပ်ငန်းတစ်ခု ဖြစ်ခဲ့သည်။ နိုင်ငံအတွင်း ယာဉ်စီးရေ များပြားလာခြင်းသည်လည်း အောင်မြင်ရခြင်း၏ အကြောင်းရင်းတစ်ရပ် ဖြစ်ခဲ့သည်။ ယာဉ်အမျိုးအစား အလိုက် သုံးစွဲစက်ဆီ အမျိုးအစားများ ခွဲခြားသုံးကြရသည်။ ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အမျှ ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း မိမိယာဉ်ကြံ့ခိုင်ရေး၊ သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်ရေးအတွက် စက်သုံးဆီကို ရွေးချယ်၍ စနစ်တကျ အသုံးပြုတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာကြသည်။ ဤတွင် နာမည်တစ်လုံးကို တန်ဖိုးထား၍ စားသုံးသူများအား မှန်မှန်ကန်ကန် ဝန်ဆောင်မှုပေးသော လုပ်ငန်းရှင်များရှိသကဲ့သို့ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဟူသော ဝိသမလောဘသမား၊ ခါတော်မီ လုပ်ငန်းရှင်များလည်း ရှိသည်။ စက်သုံးဆီများအား ရောနှောရောင်းချခြင်း၊ ပေးအပ်သော ငွေနှင့်ညီမျှသော ဆီပမာဏမပေးဘဲ နည်းပညာကျွမ်းကျင်မှုများ အသုံးပြု၍ လျော့၍ထည့်ပေးခြင်းနှင့် ရောနှောဆီများ ပြုလုပ်နေကြသည်ကို ကြားသိနေရပါသည်။

**အလှပြုပြင်ရေး ဝန်ဆောင်မှု**

မြန်မာနိုင်ငံသည် ပွင့်လင်း မြင်သာမှုရှိသဖြင့် လည်းကောင်း၊ ပြည်ပမီဒီယာများ၏ ကြော်ငြာအား ကောင်းလာမှုကြောင့် လည်းကောင်း လူကြီး၊ လူရွယ်၊ လူငယ်များသည် အလှအပရေးရာ များကိုစိတ်ဝင်စားလာကြသဖြင့် အလှပြုပြင်ရေး ဝန်ဆောင်မှုလုပ်ငန်းများလည်း ပေါ်ပေါက်လာရပါသည်။ ဆံပင်အလှပြုပြင်ရေးဆိုင်၊ အသားအရေ ထိန်းသိမ်းရေးလုပ်ငန်း၊ မျက်နှာအလှခွဲစိတ်ပြုပြင်ရေး လုပ်ငန်းများ ဖြစ်ကြပါသည်။ အဆိုပါဝန်ဆောင်မှုလုပ်ငန်းများသည် ဖောက်သည်များ၏ ယုံကြည်ကိုးစားမှု၊ လုပ်ငန်းရှင်များ၏ စေတနာထား ဆောင်ရွက်မှုများကြောင့် တဖြည်းဖြည်း အောင်မြင်သော လုပ်ငန်းများ ဖြစ်လာကြပါသည်။ ဝန်ဆောင်ခနှင့် ကိုက်ညီသော ဝန်ဆောင်မှု၊ အာမခံမှုတို့ရရှိရန် လိုအပ်ပါသည်။

**မှန်ကန်သည့် ဝန်ဆောင်မှုများ၏ အကျိုးကျေးဇူး**

ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ကြသော လုပ်ငန်းရှင်များသည် မိမိလုပ်ငန်း ရေရှည်ရပ်တည်နိုင်ရေး ရရှိသော ဝန်ဆောင်ခနှင့်အညီ ကတိကဝတ်ပေးထားသော ဝန်ဆောင်မှုများ အပြည့်အဝ ပေးနိုင်ရေးတို့အတွက် ပြည့်စုံတိကျမှန်ကန်ကာ ပွင့်လင်းမြင်သာမှုရှိသော စည်းမျဉ်း စည်းကမ်းများ ရေးဆွဲထားခြင်း၊ မိမိဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးထားခြင်းများ ဆောင်ရွက်မှသာလျှင် တစ်ခါဆက်ဆံရာသက်ပန်ဆိုသကဲ့သို့ မိမိဖောက်သည်များ မိမိတို့ထံသို့သာ လာရောက်ခြင်းဖြင့် မိမိလုပ်ငန်းများ တိုးတက်အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သလို စားသုံးသူများအတွက် ကျေနပ်မှုကို ရရှိစေမည်ဖြစ်ပါသည်။

ထို့ကြောင့် စားသုံးသူပြည်သူများသည် ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ နစ်နာ ဆုံးရှုံးမှုများကြုံတွေ့လာရပါက နီးစပ်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်မြို့နယ်များ ရှိ စားသုံးသူရေးရာ ဦးစီးဌာနရုံးများ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များထံသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေး တင်ပြလိုက်ရပါသည်။

❑

ယခင်တစ်ပတ်မှအဆက်

# ပြည်သူလူထုကိုယ်စားလှယ်နဲ့ ကုန်စျေးနှုန်းကိုယ်စားလှယ် မကြုံစဖူး ထူးကဲစွာတွေ့ဆုံပွဲ

မြင့်ဦး(ပခုက္ကူ)

**ကုန်စျေးနှုန်းကိုယ်စားလှယ် ။** ။ ဒါကတော့ အင်း. . . . ဒီကိစ္စနဲ့ပတ်သက်လို့ တိုးမြင့်လာတဲ့ဝင်ငွေနဲ့ညီအောင် ထုတ်လုပ်ရောင်းချသူများလည်း ဝင်ငွေတိုးစေဖို့ စျေးလိုက်တက် ရတယ်လို့ ဖြေကြားပေးရင်. . . ။

**ပရိသတ်များ။** ။ ဘာမှမဆိုင်ဘူး လျှော့ချတာ၊ ရောချတာ ဒီကောင်တွေဝှေ့လည်ကြောင်ပတ်ဖြေတာ (လာနားထောင်သူပရိသတ်များရဲ့ တီးတိုးသံများ)။

**ပြည်သူလူထုကိုယ်စားလှယ်။** ။ ဟုတ်ကဲ့ပါရှင့်. . . ကျွန်မကတော့ လူ့အဖွဲ့အစည်းတစ်ခုက ကိုယ်စားလှယ်ပါရှင့်။ ကျွန်မကို မေးခွန်းမေးမြန်းခွင့်ပြုပါရှင် (ဒီအမျိုးသမီးလေသံကတော့ တော်တော် ထူးဆန်းပါတယ်။ ပြောတဲ့လေသံက ရင်ထဲကမပါဘဲ လေ့ကျင့်လုပ်ပြောနေတဲ့အသံပါ။ လူကလည်း စုံချပုဝါနဲ့ပါ)။

**ပရိသတ်များ။** ။ ပါလေရာကြီး (ပရိသတ်ရဲ့ တီးတိုးသရော်သံ)။

**ပြည်သူလူထုကိုယ်စားလှယ်** ကျွန်မမေးလိုတာကတော့ သင်္ကြန်မတိုင်ခင်မှာ ဘာကြောင့် ကုန်စျေးနှုန်းတက်ရပါသလဲ၊ သင်္ကြန်ပြီးရင်ရော ဘာကြောင့်မကျတာလဲဆိုတာကို ပြောကြားပေးပါရန် တောင်းပန်ပါတယ်ရှင်၊ ကျေးဇူးအထူးတင်ရှိပါတယ်ရှင်. . . ရှင်. . . ရှင်။

**ကုန်စျေးနှုန်းကိုယ်စားလှယ် ။** ။ ဟုတ်ကဲ့ပါခင်ဗျ၊ ပြောကြားပေးပါ့မယ်ခင်ဗျ။ (သူလည်း လေသံပြောင်းသွားပါတယ်) သင်္ကြန်ကာလမှာ မြန်မာပြည်သူတွေ အလှူအတန်းပြုရာမှာ ပိုမိုမွန်မြတ်ပြီး ကုသိုလ်များများပြုစေချင်တဲ့ စေတနာနဲ့ စျေးတက်ရောင်းရာက ကုန်စျေးနှုန်းလည်း ပြန်မဆင်းချင်တော့လို့ ဒီလိုဖြစ်နေရတာပါခင်ဗျ----။

**ပရိသတ်များ။** ။ ဟေ. . . . (ကျယ်လောင်စွာ) ဟေ့. . . ဘာတွေပြောနေတာလဲ မေးတဲ့မေးခွန်းနဲ့ အဖြေက ဝိနည်းလွတ်ဖြေသလို ဖြစ်နေတာလားကွ ဟေ. . . (တော်တော် ဆူဆူညံညံဖြစ်လာပါတယ်။ နားထောင်တဲ့ ပရိသတ် ကလည်း လှုပ်လှုပ်ရွရွဖြစ်လာတာ တွေ့ရပါတယ်)။

**ပြည်သူလူထုကိုယ်စားလှယ်။** ။ ကဲပါဗျာ. . . အခုလို ကုန်စျေးနှုန်းအဖွဲ့အစည်းအနေနဲ့ပြည်သူလူထုအပေါ် ကုန်စျေးနှုန်း ကမောက်ကမ မတည်မငြိမ်ဖြစ်အောင် ဆွေးနွေးပွဲမစခင်က တင်ပြဆွေးနွေးသလို ကုန်စျေးနှုန်းကြောင့် ပြည်သူလူထု စိတ်မချမ်းသာ ကိုယ်မချမ်းသာဖြစ်အောင် ဆက်လက်ပြုလုပ်ဖို့ အစီအစဉ်ရှိ/မရှိကို နောက်ဆုံးမေးခွန်းအနေနဲ့ ပြောကြားပေးဖို့ တောင်းဆိုပါတယ်။

**ကုန်စျေးနှုန်းကိုယ်စားလှယ် ။** ။ ဒီနောက်ဆုံးမေးခွန်းကို ဖြေဆိုရမယ်ဆိုရင်တော့ ကျွန်တော်တို့ ကုန်စျေးနှုန်းကိုယ်စားပြုကိုယ်စားလှယ်အဖွဲ့ကလည်း လူထဲကလူတွေပါ။ ထိုနည်းတူစွာ ပြည်သူလူထုကိုယ်စားလှယ်တွေနဲ့ တက်ရောက်နားထောင်တဲ့ ပရိသတ်တွေကလည်း လူထဲကလူတွေပါ။ ထုတ်လုပ်တင်ပို့ရောင်းချသူ၊ ဝယ်ယူစားသုံးတဲ့ ပြည်သူလူထု အခု ခင်ဗျားတို့ထင်ထားသလို ကုန်စျေးနှုန်းကို ဖန်တီးသူလို့ ယူဆထားတဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ လူထဲကလူတွေပီသစွာ အတ္တ၊ မာန၊ လောဘ၊ ဒေါသ၊ မောဟများသူတွေ ကိုယ်ကျိုးစီးပွားကို ဦးထိပ်ထားကြတဲ့လူတွေဖြစ်တဲ့အတွက် ကုန်စျေးနှုန်းရဲ့ ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူလူထုရဲ့ လိုချင်မှုတပ်မက်မှု၊ ဆာလောင်မှု၊ ငတ်မွတ်မှုတွေအပေါ်မှာ မူတည်လို့ ကုန်စျေးနှုန်းကြောင့် လူတွေစိတ်မချမ်းမသာဖြစ်အောင် လုပ်ရမှာကို လူထဲကလူပီသစွာ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း ဖြေကြားရင်း ကုန်စျေးနှုန်းနှင့်ပြည်သူလူထုတွေ့ဆုံပွဲ အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်ခင်ဗျာ။

ထူးခြားတာကတော့ တွေ့ဆုံ ဆွေးနွေးပွဲတွေပြီးတိုင်း လက်ခုပ်သံ သောသောညံပေမယ့် ဒီပွဲမှာတော့ လက်ခုပ်တီးခြင်းမရှိတာပါပဲ။

**ပရိတ်သတ်များ။** ။ ဘာပဲပြောပြော ဒီအစီအစဉ်လာနားထောင်ရတာ တန်တော့မတန်ဘူးကွ။ အီလည်လည်ကြီးပဲ။ ဒါပေမဲ့ နောက်ဆုံးအဖြေကတော့ လက်ခံရတော့မှာပေ့ါ။ လူဆိုတာမျိုးက အတ္တ၊ မာန၊ လောဘ၊ ဒေါသ၊ မောဟ ကိုယ်ကျိုးစီးပွား ဦးထိပ်ထားတဲ့လူမျိုးဆိုတာ သိရတော့. . . ဒါလည်း ကိုယ်ကသိသလိုလို ရှိနေရာကနေ သေသေချာချာသိလိုက်ရတော့. . . ဒါလည်း အကျိုးတစ်ခုရတာပေ့ါကွာ။

သကောင့်သား ကောမတ်စ်ဂျာနယ်ရဲ့သတင်းထောက် မြင့်ဦး (ပခုက္ကူ)သည်လည်း ကြုံတောင့်ကြုံခဲ ကုန်စျေးနှုန်းကိုယ်စားလှယ်နဲ့ ပြည်သူလူထု တွေ့ဆုံပွဲမှာ ဩော်. . . လူဆိုတာ. . . လူထဲက လူတွေအတိုင်း ကျင့်ကြံကြတာပဲဆိုတဲ့အသိတစ်ခု ရင်ဝယ်ပိုက်လို့ ပြန်ခဲ့ရကြောင်းပါခင်ဗျာ။

---

စာမျက်နှာ (၂၆)မှ ➢➢➢
ကြိုးစားကြည့်ရအောင် . . . . မှအဆက်

ဒီတော့ ဒီအလေ့အကျင့်နဲ့ ဆက်စပ်နေတာ က စုပေါင်းစဉ်းစား၊ စုပေါင်းဆုံးဖြတ်တဲ့ အစည်း အဝေး Meetingတွေ မဖြစ်မနေ လုပ်ရတော့မှာဖြစ်ပါတယ်။ အစည်းအဝေးဆိုတာနဲ့ ကျွန်တော်တို့ ဌာနဆိုင်ရာတွေမှာတော့ ကြောက်စရာတောင် ဖြစ်လာနေပါတယ်။ မူလအလုပ်ကို လုပ်မဖြစ်လောက်အောင် များပြားလာတာ၊ စုပေါင်းထားတဲ့ ကော်မတီတွေ၊ အဖွဲ့တွေအရမ်းများလာတာတွေ တွေ့နေရပါတယ်။ အဲလောက်ကြီးကြတော့လည်း အလွန်အကျွံ ဖြစ်သွားပြန်ပါတယ်။ ဒါကြောင့် အစည်းအဝေးတွေကို တကယ်အလုပ် ဖြစ်အောင်လည်း လုပ်ဖို့လိုပါတယ်။ တကယ်လိုအပ်မှ အစည်းအဝေးခေါ်ဖို့လိုသလို၊ ခေါ်ပြီး စုပေါင်းစဉ်းစား၊ စုပေါင်းဆုံးဖြတ်ထားတာကိုလည်း လိုက်နာအကောင်အထည်ဖော်ဖို့လိုပါတယ်။ ခဏခဏ အစည်းအဝေးခေါ်တာ မကောင်းပေမယ့် ပုံမှန်အစည်းအဝေးမျိုးလည်း လိုအပ်ပါတယ်။ ပထမ အစည်းအဝေးက ဆုံးဖြတ်ချက်တွေ ပြီးဆုံးသင့်တဲ့ အချိန်မှာ ပြီးဆုံးသွားပြီဆိုရင် နောက်ထပ် အစည်းအဝေးနဲ့ နောက်ထပ် ဘာတွေလုပ်ကြမလဲဆိုတာ စဉ်းစားဆုံးဖြတ်မှသာ စဉ်ဆက်မပြတ် တိုးတက်မှု Sustainable progress ကို ရရှိနိုင်မှာပါ။ တကယ်ကတော့ အစည်းအဝေးဆိုတာ Teamwork ကို လိုချင်လို့လုပ်တာပါ။ အစည်းအဝေးတွေမှာ 4-D (Discuss ဆွေးနွေးမှု၊ Decide ဆုံးဖြတ်ချက်ချနိုင်မှု၊ Delegate တာဝန် ခွဲဝေပေးနိုင်မှုနဲ့ ဒီအစည်းအဝေးကြောင့် တိုးတက်မှုဆိုတဲ့ Development ဖြစ်ရပါမယ်။) အစည်းအဝေး မလုပ်မီနဲ့လုပ်ပြီး အခြေအနေ ထူးမလာဘူးဆိုရင် အဲဒီအစည်းအဝေးတွေက လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးမှာ အကျိုးမရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ အသင်းအဖွဲ့များ၊ ဌာနများ အားလုံးဟာ လူတစ်ဦးချင်းနဲ့ ဖွဲ့စည်းထားတဲ့ အစုအဝေးတွေဖြစ်လို့ အထက်ပါအချက်များကို ရှောင်လွှဲလို့မရ ရင်ဆိုင်ရင်း တိုးတက်အောင် လုပ်ကိုင်သွားကြပါစို့လို့တင်ပြလိုက်ရပါတယ်။ တွေးတောမှု၊ ကြိုးစားမှုနဲ့ အောင်မြင်မှုတွေကို တစ်ဦးချင်းမှ အသင်းအဖွဲ့၊ အစုအဖွဲ့အနေနဲ့ ကြိုးစား ဆောင်ရွက်ကြည့်ကြပါစို့လို့ တိုက်တွန်းချင်ပါတယ်။

---

## ဧရာဝတီတိုင်းဒေသကြီး၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း လူမှုအကျိုးပြုသင်တန်းပေါင်း ၁၅ ကြိမ် ဖွင့်လှစ်ရန် လျာထား

ဧရာဝတီတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အနေဖြင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း လူမှုအကျိုးပြုသင်တန်းပေါင်း ၁၅ ကြိမ် ဖွင့်လှစ်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၇-၁၈ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းနှင့် ဝါးလက်မှုအနုထည် ထုတ်လုပ်နည်းသင်တန်း စသည့် သင်တန်းများကို ၁၅ ကြိမ်အထိ လူဦးရေစုစုပေါင်း ၅၀၀ ခန့်ကို အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်သည်။

ယခုအခါ ဘိုကလေးမြို့နယ်တွင် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁)ကို ဧပြီ ၂၇ ရက်မှစတင်ကာ စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးလျက်ရှိကြောင်း တိုင်းဒေသကြီးအသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ၂၀၁၆-၁၇ဘဏ္ဍာနှစ်အတွင်းက လူမှုအကျိုးပြုသင်တန်း အမျိုးအစား ခုနစ်မျိုးကို ၁၃ ကြိမ်အထိ လူဦးရေ ၂၅၀ အား အခမဲ့ဖွင့်လှစ်သင်ကြားပေးရန် လျာထား သတ်မှတ်ခဲ့သော်လည်း အကြိမ်ရေ ၃၀ အထိဖွင့်လှစ်နိုင်ခဲ့ကာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀၀ ဦးအား သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူမှုအကျိုးပြုသင်တန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထူးက စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ဒီဇယ်အင်ဂျင်ပြုပြင်ခြင်း သင်တန်း၊ ဝါးလက်မှုအနုထည် သင်တန်းများအား အခြေခံမှစ၍ သင်ကြားတတ်မြောက်ခဲ့ပါက အသက်မွေးဝမ်းကျောင်း ပညာရပ်အနေဖြင့် မိသားစု အပိုဝင်ငွေရရှိနိုင်မှာ ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း တပ်ရင်းတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနတို့တွင်လည်း အသက်မွေးဝမ်းကျောင်း ပညာရပ်များအား အခမဲ့ သင်ကြားပေးရန် စီစဉ်လျက်ရှိကြောင်း၊ လူမှု အသင်းအဖွဲ့များအနေဖြင့်လည်း မိမိတို့ဌာန၏ဖုန်းနံပါတ်များဖြစ်သည့် ၀၄၂-၂၉၂၃၁၊ ၀၉-၄၀၂၅၈၄၇၁၈ သို့ ဆက်သွယ်စုံစမ်း၍ သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြစိန် (ပုသိမ်)

# အိန္ဒိယပဲရက်သတ္တပတ်

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာကို အဂရီဝပ်ချ်က မေ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဂရီဝပ်ချ်၏ အစီရင်ခံစာတွင် ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေ၊ အစိုးရ ပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှုနှင့်ဈေးနှုန်း အခြေအနေတို့ကို ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

**ပဲမျိုးစုံ စိုက်ပျိုး ထုတ်လုပ်မှုအခြေအနေ**

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံ နောက်တစ်ကြိမ် စိုက်ပျိုးရာသီမှာ ဇူလိုင်တွင် စတင်မည်ဖြစ်သည်။ ပဲစင်းငုံဈေးနှုန်းသည် လက်ရှိနှုန်းထားအတိုင်း ဆက်လက်တည်ရှိနေမည်ဆိုပါက ပဲတောင်သူတို့က စိုက်ပျိုးသီးနှံကို ပြောင်းလဲစိုက်ပျိုးကြမည်ဖြစ်သည့်အတွက် ယခုနှစ် ပဲစင်းငုံ စိုက်ပျိုးမှုသည် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်သည်။

ပြည်တွင်း ပဲစင်းငုံဈေးနှုန်း ကျဆင်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် ပြည်တွင်းသို့ပြည်ပမှ ပဲစင်းငုံများ စီးဝင်မှုကို လျှော့ချပြီး ပဲစင်းငုံတင်သွင်းခွန်ကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ မြှင့်တင်ပေးရန် ပြည်ထောင်စု စားသုံးသူရေးရာဝန်ကြီးဌာနက မတ် ၂၈ ရက်က အဆိုပြုခဲ့သည်။ သို့သော်လည်း အလားအလာမှာ မှေးမှိန်နေဆဲဖြစ်သည်။ ပဲအားလုံး၏ ဈေးနှုန်းများမှာ လွန်ခဲ့သော တစ်လကတည်းက ကျဆင်းခဲ့ပြီး ဖိအားပေးမှုများက ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပဲစင်းငုံဈေးက တစ်ဟုန်ထိုး ကျဆင်းနေဆဲဖြစ်ပြီး ယခုအခါ တစ်ကွင်တယ်ကို ရူပီး ၃၈၀၀ မှ ၄၀၀၀ အကြား ဈေးအတက်အကျ ဖြစ်လျက်ရှိသည်။

**အစိုးရ၏ဝယ်ယူဖြည့်တင်းမှု**

၂၀၁၇ ခုနှစ် မေ ၁၆ ရက်အထိ စာရင်းများအရ အမျိုးသားလယ်ယာစိုက်ပျိုးရေး သမဝါယမ ဈေးကွက်ရှာဖွေရေးဖက်ဒရေးရှင်း (NAFED)က ပဲနီလေး ၅၁၃၄ တန်နှင့် ကုလားပဲ တန်ချိန် ၃၄၃၉၀၀ ကို ဝယ်ယူထားပြီဖြစ်သည်။ NAFED က ဝယ်ယူထားသော ပဲများ အနက်ကုလားပဲကို ရာဂျက်စသန်နှင့် မဒ္ဒယာပရာဒေ့ရှ်မှ ဝယ်ယူခြင်းဖြစ်ပြီး ပဲနီလေးကို ဥတ္တာပရာဒေ့ရှ် ပြည်နယ်မှ အများဆုံးဝယ်ယူဖြည့် တင်းခဲ့ခြင်းဖြစ်သည်။



အစိုးရ၏ အခြားသော အေဂျင်စီများဖြစ်သည့် Food Corporation of India (FCI) နှင့် Small Farmers Agri-business Consortium (SFAC) တို့ကမူ ယခုအခါ ဆောင်းစိုက်ပဲများကို ဝယ်ယူခြင်းမရှိတော့သည်ကို တွေ့ရသည်။ ဆောင်းရာသီတွင်စိုက်သော ပဲများအနက်အစိုးရက ဝယ်ယူရန်လျာထားသော ပဲမျိုးစုံပမာဏမှာ တန်ချိန် ငါးသိန်းဖြစ်ပြီး NAFEDကအစိုးရလျာထားချက်ပမာဏ၏ ၅၀ ရာခိုင်နှုန်းကို ဝယ်ယူရမည် ဖြစ်သည်။ သို့ဖြစ်ရာ NAFED က ကုလားပဲတန်ချိန် နှစ်သိန်းနှင့် ပဲနီလေးတန်ချိန် ၅၀၀၀၀ ဝယ်ယူမည် ဖြစ်သည်။

အစိုးရဝယ်ယူရေး အေဂျင်စီများဖြစ်သည့် FCI , NAFED နှင့် SFAC တို့က မိမိတို့ ဝယ်ယူထားသောပဲများကို ကိုးလကျော်အောင် သိုလှောင်ထားလိုသော ဆန္ဒမရှိသဖြင့် ယခင်က ဝယ်ယူထားသော ပဲများကို အီလက်ထရွန်းနစ်လေလံမှတစ်ဆင့် ရောင်းချရန် ကြိုးပမ်းလျက်ရှိသည်။ ပဲတီစိမ်းကိုမူ သိုလှောင်သက်တမ်း ငါးလအတွင်း ပြန်လည်ရောင်းချလျက်ရှိသည်။ သို့သော်လည်း NAFED ကမူ ဥတ္တာပရာဒေ့ရှ်နှင့် ရာဂျက်စသန်ပြည်နယ်များမှ ဆောင်းစိုက် ကုလားပဲနှင့် ပဲနီလေးတို့ကို ဆက်လက်ဝယ်ယူလျက်ရှိသည်။

**ပဲမျိုးစုံ ဈေးနှုန်းအခြေအနေ**

ပဲမျိုးစုံ လက်ငင်းဈေးကွက်များမှာ ဖိအားပေးခံရမှုများရှိနေပြီး အစီရင်ခံစာပါ ရက်သတ္တပတ်အတွင်း အရောင်းအဝယ် ကျဆင်းမည့်လက္ခဏာ များရှိနေသည်။ ဈေးကွက်ထဲတွင် ငွေကြေးအခက်အခဲများ ရှိနေသည့်အတွက် ဝယ်လက်များက အလုံးအရင်းဖြင့် ဝယ်ယူရန် လက်တွန့်နေကြသည်။ အများအားဖြင့် ကုန်သည်အများစုမှာ တက်ဈေးမိထားပြီ ဖြစ်သည့်နည်းတူ ကြိတ်ခွဲရေးလုပ်ငန်းများမှာလည်း ကြိတ်ခွဲပြီးပဲများကို ပြန်လည်ရောင်းချရာတွင် အရင်းကို ပြန်လည်ရရှိရန်ပင် အခက်အခဲရှိနေသည့်အတွက် အရေအတွက်ကို လျှော့ချပြီး ကြိတ်ခွဲလျက်ရှိသည်။

မြန်မာနိုင်ငံမှ ပဲစင်းငုံပေါက်ဈေးမှာ CIF ဈေးအရ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၅ နှုန်း၊ မတ်ပဲ FAQ ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၇၅ နှင့် မှာ SQ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၄၅ နှုန်း အသီးသီးရှိသည်။ ပဲတီစိမ်း Pedisheva ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၃၀ နှင့် ပဲတီစိမ်း Pakakois ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၁၅ နှုန်းရှိသည်။ မြန်မာနိုင်ငံ၌ ပဲမျိုးစုံအတွက် CNF ဈေးနှုန်းမှာ လာမည့်ရက်သတ္တပတ်များအတွင်း ပုံမှန်အတိုင်း ရှိနေမည်ဖြစ်သည်။ ပြည်တွင်းဈေးကွက်၌ ပဲအမြောက်အမြား ရှိနေသည့်အတွက် အိန္ဒိယ ဈေးကွက်တွင် ဝယ်လိုအား ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

ဩစတြေးလျနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ဇွန်တွင် တင်ပို့ရန် စာချုပ် ချုပ်ဆိုထားသော ကုလားပဲ (Desi) ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၉၇၀ နှင့် ဇူလိုင်တွင် တင်ပို့ရန် ချုပ်ဆိုသော ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၉၇၅ နှုန်းရှိသည်။ အောက်တိုဘာ၊ နိုဝင်ဘာတွင် တင်ပို့မည့် ပဲသစ်များအတွက် ကြို တင်ချုပ်ဆိုသောဈေးနှုန်းမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၅၀ ရှိသည်။ ဇွန်အတွက် ချုပ်ဆို သော ပဲနီလေးဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၀ ရှိပြီး မေ၊ ဇွန်တွင် တင်ပို့မည့် ပဲတီစိမ်းဈေးမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၉၁၀ နှုန်းရှိသည်။

**အပြည်ပြည်ဆိုင်ရာ ပဲဈေးကွက်**

ကနေဒါနိုင်ငံ၏ ပဲစိုက်ပျိုးရာ ဒေသအချို့တွင် မိုးများ ဆက်လက် ရွာသွန်းလျက်ရှိသည်။ ကနေဒါနိုင်ငံတွင် ကုလားပဲ ၅၀ ရာခိုင်နှုန်း၊ စားတော်ပဲ ၅၂ ရာခိုင်နှုန်းနှင့် ပဲနီလေး ၄၉ ရာခိုင်နှုန်းကို စတင်စိုက်ပျိုးလျက်ရှိသည်။ ယခုအခါ အားလုံးခြုံကြည့်မည်ဆိုပါက စိုက်ပျိုးမှုအခြေအနေမှာ ၃၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သဖြင့် ငါးနှစ်ပျမ်းမျှစိုက်ပျိုးမှုနှင့် နှိုင်းယှဉ်ပါက အနည်းငယ်သာ ကျဆင်းခဲ့သည်။

Ramadan ကာလမတိုင်မီ ဈေးနှုန်းကို ထိန်းထားနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပဲနီလေးကို စတင်ရောင်းချပေးနေပြီဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်တင်းရန် ကနေဒါနှင့် ဩစတြေးလျမှ ပဲနီလေးကို တင်သွင်းလျက်ရှိသည်။



## ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ စားသုံးသီးနှံ ထုတ်လုပ်မှု စံချိန်သစ်တင်နိုင်

မုတ်သုံရာသီဥတု နှစ်နှစ်ဆက်တိုက် ပုံမှန်ဖြစ်နိုင်သည့် အလားအလာကြောင့် ဇူလိုင်တွင် စတင်မည့် ၂၀၁၇-၂၀၁၈ သီးနှံနှစ်တွင် အိန္ဒိယနိုင်ငံ၏ စားသုံးသီးနှံထုတ်လုပ်မှုသည် စံချိန်တင် မြင့်တက်နိုင်သည်ဟု လယ်ယာစိုက်ပျိုးရေးဝန်ကြီး ရတ်ဒါမိုဟန်ဆင်းက မေ ၂၂ ရက်တွင် ပြောကြားကြောင်း ဟိန္ဒူဘိဇနက်လိုင်း သတင်းတွင် ဖော်ပြသည်။

လက်ရှိနှစ်ဖြစ်သော ၂၀၁၆-၂၀၁၇ ခုနှစ်( ဇူလိုင်မှ ဇွန် )အတွင်း စားသုံးသီးနှံထုတ်လုပ်မှုသည် တန်ချိန် ၂၇၃ ဒသမ ၃၈ သန်းရှိမည်ဟု ခန့်မှန်းထားရာ ယခင် ၂၀၁၅-၁၆ ခုနှစ်က ထွက်ရှိခဲ့သော တန်ချိန် ၂၅၁ ဒသမ ၅၇ သန်းနှင့် နှိုင်းယှဉ်ပါက မကြုံဘူးသေးသော တိုးတက်မှုနှုန်း ဖြစ်သည်။ ယခင်က စံချိန်တင်ခဲ့သော အထွက်နှုန်းမှာ ၂၆၅ ဒသမ ၀၄ သန်းဖြစ်ပြီး ၂၀၁၃-၁၄ ခုနှစ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။

စားသုံးသီးနှံဖြစ်သော သီးနှံများတွင် ဆန်၊ ဂျုံ၊ တိရိစ္ဆာန် စားသုံးသောနှံစားသီးနှံနှင့် ပဲမျိုးစုံတို့ ပါဝင်သည်။

"ယခုနှစ်မှာ မုတ်သုံမိုး ပုံမှန်ရမယ်လို့ မိုးလေဝသဌာနက ခန့်မှန်းထားပါတယ်။ မုန်သုံမိုး ကောင်းမယ်ဆိုရင်တော့ စားသုံးသီးနှံ ထုတ်လုပ်မှုက စံချိန်တင်မြင့်တက်မယ်လို့ ခန့်မှန်းပါတယ်။ တိုးတက်မှုနှုန်းကလည်း ၂၀၁၆-၁၇ ခုနှစ်က ရရှိခဲ့တဲ့ ၄ ဒသမ ၄ ရာခိုင်နှုန်းထက် ကျော်လွန်ပြီး စံချိန်တင်နိုင်ပါလိမ့်မယ်"ဟု ဆင်းက ပြောသည်။

ယခင်နှစ်က မိုးလေဝသ ဌာန၏ ခန့်မှန်းချက်များမှာ အတိအကျ မှန်ကန်ခဲ့ပြီး ယခုနှစ်တွင်လည်း မှန်ကန်မည်ဟု မျှော်လင့်ကြောင်း သူကပြောသည်။

အိန္ဒိယ နိုင်ငံလယ်ယာထွက်ကုန်နှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသော အနောက် တောင်မုတ်သုံလေသည် မေ ၁၄ ရက်က ကပ္ပလီပင်လယ်ပြင်နှင့် နီကိုဘာဒေသတို့သို့ စတင်ဝင်ရောက်သည်ကို တွေ့ရသည်။

## ရောင်းလိုအားမြင့်မားပြီး ဝယ်လိုအားကျဆင်းမှုကြောင့် အိန္ဒိယပဲပုပ်ဖတ်ဈေးကျဆင်း

ထုတ်လုပ်မှု မြင့်မားပြီး ပင်လယ်ရပ်ခြား ဝယ်လက်များ၏ ဝယ်လိုအား ကျဆင်းမှုကြောင့် အိန္ဒိယပဲပုပ်ဖတ် ဈေးနှုန်းသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အိန္ဒိယနိုင်ငံ ပဲပုပ်ပြုပြင်ထုတ်လုပ်သူများအသင်း (SOPA) ၏ပြောကြားချက်ကို ကွန်မိုဒီတီ အွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဝယ်လိုအား ကျဆင်းမှုနှင့် လောလောဆယ်တွင် အခြေအနေ ပြန်လည်တိုးတက်လာနိုင်ဖွယ် မရှိသေးသည့်အတွက် ပဲပုပ်ဈေးများမှာလည်း ထပ်မံကျဆင်းဖွယ်ရှိကြောင်း လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကပြောသည်။

အိန္ဒိယနိုင်ငံ၏ ပဲပုပ်ထုတ်လုပ်မှုသည် ၂၀၁၅-၂၀၁၆ ခုနှစ်က တန်ချိန် ၆ ဒသမ ၉၂၈ သန်းရှိခဲ့ရာမှ ၂၀၁၆-၁၇ ခုနှစ်တွင် တန်ချိန် ၁၀ ဒသမ ၈၇သန်း ရှိမည်ဟု SOPA က ခန့်မှန်းသည်။ မဒ္ဒရာပရာဒေ့ရှ်တွင် ယခင်နှစ်ကပဲပုပ်စေ့ တန်ချိန် ၃ ဒသမ ၄၁ သန်းထုတ်လုပ်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၅ ဒသမ ၅၈ သန်း ထွက်ရှိမည်ဟု ခန့်မှန်းသည်။

လက်ရှိအချိန်တွင် အပြည်ပြည်ဆိုင်ရာ ဈေးကွက်ရှိ ပဲပုပ်ဖတ်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၁ ဒေါ်လာရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ်က ရှိခဲ့သော တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၄၈ ဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း SOPA က ထုတ်ပြန်ခဲ့သည်။ ပဲပုပ်စေ့ ဈေးနှုန်းမှာမူ လွန်ခဲ့သော လေးနှစ်အတွင်း ဈေးနှုန်းကျဆင်းမှုများပြားခဲ့သည်။ အလားတူကာလအတွင်း ပဲပုပ်ဖတ်ဈေးမှာ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ဈေးနှုန်းကျဆင်းသည့်အတွက် ပဲတောင်သူတို့က လာမည့် မိုးရာသီတွင် ပဲပုပ်စိုက်ပျိုးမှုကို လျှော့ချကာ အခြားဝင်ငွေကောင်းသည့် သီးနှံကို ပြောင်းလဲစိုက်ပျိုးလာဖွယ်ရှိကြောင်း SOPA က ခန့်မှန်းသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန် ပြည်ထောင်စုဗဟိုဘဏ်က ဗဟိုဘဏ်အတိုးနှုန်းများကို မြှင့်တင်ရာတွင် ဖြည်းဖြည်းခြင်းသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အမေရိကန်ဗဟိုဘဏ်မူဝါဒ ချမှတ်ရေး အစည်းအဝေးက ဆုံးဖြတ်ချက်ချထားခြင်းနှင့် Moody's ကြွေးမြီအဆင့်သတ်မှတ်ရေးအဖွဲ့က တရုတ်နိုင်ငံ၏ ကြွေးမြီ အဆင့်သတ်မှတ်ချက်ကို လျှော့ချသတ်မှတ်ပြီးနောက်ပိုင်း တရုတ်အစိုးရက ဒေါ်လာငွေကြေးများကို ပြန်လည်ရောင်းချခြင်း စသည့်အချက်များကြောင့် မေ ၂၅ ရက်တွင် အာရှငွေကြေးများ၏ တန်ဖိုးမြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံ၏ကြွေးမြီအလားအလာများဆိုးရွားလျက်ရှိကြောင်း ဖော်ပြပြီး တရုတ်နိုင်ငံ၏ကြွေးမြီအဆင့်ကို Moody's Investor Service ကမေ ၂၄ ရက်ကလျှော့ချခဲ့ရာ ၁၉၈၉ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော်လည်း ယခုကဲ့သို့သော လျှော့ချခန့်မှန်းခြင်းမှာ အခြေအမြစ်မရှိကြောင်း တရုတ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနက တုံ့ပြန်ပြောကြားခဲ့သည်။

**တရုတ်ယွမ်**

Moody's Ivestor Service က တရုတ်နိုင်ငံ၏ ကြွေးမြီအဆင့်ကို လျှော့ချလိုက်ပြီးနောက် ယွမ်တန်ဖိုးမြင့်တက်စေရန် တရုတ်ဗဟိုဘဏ်အာဏာပိုင်တို့က ဝင်ရောက်စွက်ဖက်လာမည်ကို စိုးရိမ်မှုကြောင့် မေ ၂၆ ရက်တွင် ပင်လယ်ရပ်ခြားဈေးကွက်၌ ယွမ်တန်ဖိုး တစ်ဟုန်ထိုးမြင့်တက်ခဲ့ရာ သုံးလအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့သည်။

ဟောင်ကောင်တွင် Off-Shore ယွမ်နှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုးမှာ သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၃၆ ယွမ်နှုန်းရှိခဲ့သည်။ ရှန်ဟဲဈေးကွက်ရှိ OnShore ယွမ်တန်ဖိုးမှာ လည်း မြင့်တက်ခဲ့ရာ အမေရိကန် ဒေါ်လာတန်ဖိုးသည် သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၅၇၉ ယွမ်နှုန်း ရှိခဲ့သည်။

**အိန္ဒိယရူပီး**

အမေရိကန်ဒေါ်လာကို ပို့ကုန်လုပ်ငန်းရှင်များနှင့် ဘဏ်များက ပြန်လည်ရောင်းချလျက်ရှိသဖြင့် အိန္ဒိယနိုင်ငံ၏ ဘဏ်အချင်းချင်း ဖလှယ်သော နိုင်ငံခြားငွေဈေးကွက်တွင် မေ ၂၆ ရက်က ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးတန်ဖိုးက သုည ဒသမ ၀၇ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန်တစ် ဒေါ်လာကို ၆၄ ဒသမ ၅၅ ရူပီးနှုန်း ရှိခဲ့သည်။

ပြည်ပဈေးကွက်များတွင် ဒေါ်လာတန်ဖိုးကျဆင်းမှုအပြင် နိုင်ငံခြားငွေစီးဝင်မှု ပိုမိုလာခြင်းနှင့် ပြည်တွင်း ရှယ်ယာဈေးကွက်တွင် ပြည်တွင်း စတော့ရှယ်ယာများ တန်ဖိုးမြင့်တက်လာခြင်းတို့က ရူပီးတန်ဖိုးမြင့်တက်မှုကိုအထောက်အကူဖြစ်စေခဲ့ကြောင်း နိုင်ငံခြား ငွေဝယ်ရောင်းသမားတို့က ပြောသည်။

**ဂျပန်ယန်း**

မေ ၂၆ ရက်က တိုကျိုဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးက ၁၁၁ ဒသမ ၅ ယန်းဝန်းကျင်တွင်ရှိခဲ့ ရာ နယူးယောက်ဈေးကွက်တွင် ယခင်နေ့က ရှိခဲ့သော အခြေအနေနှင့်အများအားဖြင့် တူညီသည်။

အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေဖလှယ်နှုန်းမှာ မေ ၂၅ ရက်က တိုကျိုဒေသစံတော်ချိန် ညနေ ၅ နာရီက နယူးယောက်တွင် အမေရိကန် တစ်ဒေါ်လာကို ၁၁၁ ဒသမ ၇၈ ယန်းနှင့် တိုကျိုတွင် ၁၁၁ ဒသမ ၈၂ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့တွင် အမေရိကန် တစ်ဒေါ်လာကို ၁၁၁ ဒသမ ၇၂ ယန်းနှုန်းရှိခဲ့သည်။

ယူရိုငွေကြေးတန်ဖိုးမှာ မေ ၂၅ ရက်ညနေက တစ်ယူရိုကို နယူးယောက်တွင် အမေရိကန်ဒေါ်လာကို ၁ ဒသမ ၁၂၀၅ နှင့် ၁၂၅ ဒသမ ၃၁ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၄၂ နှင့် ၁၂၅ ဒသမ ၇၁ ယန်းနှုန်းဖြင့် လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက်တွင် တစ်ယူရိုကို အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၂၁၀ နှင့် ၁၂၅ ဒသမ ၂၃ ယန်းနှုန်းရှိခဲ့သည်။

**မလေးရှားရင်း**

မလေးရှားနိုင်ငံ၏ ပထမသုံးလပတ်စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေကောင်းမွန်မှုကြောင့် ရင်းဂစ်ငွေကြေးကို ဝယ်ယူရန်ရင်းနှီးမြှုပ်နှံသူတို့က စိတ်ဝင်စားလာသည့်အတွက် အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး ဆက်လက်မြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတို့ကပြောသည်။

ရင်းဂစ်တန်ဖိုးမှာ မေ ၂၅ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၇၇၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉ နာရီ ၁၁ မိနစ်တွင် ၄ ဒသမ ၂၇၃၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ အခြားငွေကြေးများနှင့် ဖလှယ်ရာတွင်လည်း ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့သည်။

**တောင်ကိုရီးယားဝမ်**

ထောက်ပံ့ ပို့ဆောင်ရေးကုမ္ပဏီများနှင့် နည်းပညာကုမ္ပဏီများ၏ စတော့ရှယ်ယာများက ဦးဆောင်ပြီး တောင်ကိုရီးယားစတော့ရှယ်ယာဈေးများသည် မေ ၂၆ ရက်နံနက်ပိုင်းတွင် သုည ဒသမ ၄၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

သို့သော်လည်း တောင်ကိုရီးယားဝမ်တန်ဖိုးမှာမူ အမေရိကန်ဒေါ်လာနှင့်ဖလှယ်ရာ၌ မေ ၂၅ ရက်နေ့က ထက် ၄ ဒသမ ၂ ဝမ်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၂၀ ဒသမ ၇၀ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ မေ ၂၆ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ထိုင်းဘတ်ငွေတန်ဖိုးမှာ သုည ဒသမ ၅၃ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၃၄ ဒသမ ၀၅ ဘတ်နှုန်းရှိခဲ့သည်။



## တောင်ကိုရီးယားဗဟိုဘဏ်က ဗဟိုဘဏ်အတိုးနှုန်းကို မေတွင်ယခင်အတိုင်း ဆက်လက်ထားရှိ

အာရှတွင် စတုတ္ထမြောက် အကြီးမားဆုံးဖြစ်သော တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေးကို ပြန်လည်ရှင်သန်လာစေရန် ရည်ရွယ်လျက် တောင်ကိုရီးယားအစိုးရသစ်က ဘဏ္ဍာရေးအသုံးစရိတ်တိုးချဲ့ရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိသဖြင့် တောင်ကိုရီးယားဗဟိုဘဏ်က မေလအတွက် ဗဟိုဘဏ် အတိုးနှုန်းကို မေ ၂၅ ရက် က မပြောင်းလဲဘဲ ယခင်အတိုင်း ဆက်လက်ထားရှိကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားဗဟိုဘဏ်ငွေကြေးမူဝါဒဘုတ်အဖွဲ့ဝင်များက ဗဟိုဘဏ်အတိုးနှုန်းကို ၁ ဒသမ ၂၅ နှုန်းအတိုင်းဆက်လက်ထားရှိပြီး စောင့်ကြည့်သွားရန် တညီတညွတ်တည်းဆုံးဖြတ်ခဲ့ပြီး ယခုကဲ့သို့ ဆက်လက်ထားရှိခဲ့သည်မှာလည်း ၁၁ လမြောက် ဆက်တိုက်ရှိသွားပြီဖြစ်သည်။

စီးပွားရေး ရှည်ကြာစွာနှေးကွေးကျဆင်းလျက်ရှိနေသည်ကို လှုံ့ဆော်အားပေးနိုင်ရန်အတွက် တောင်ကိုရီးယားဗဟိုဘဏ်သည် ယခင်နှစ်ဇွန်က ဗဟိုဘဏ်အတိုးနှုန်းကို ရုတ်တရက်လျှော့ချခဲ့သည်။

ဗဟိုဘဏ်သည် ငွေကြေးမူဝါဒကို ချမှတ်ဆောင်ရွက်ရာ၌ စီးပွားရေးနာလန်ထူမှုဆက်လက်ရှင်သန်ရေးနှင့် စားသုံးသူဈေးနှုန်းဖောင်းပွမှုက ကာလလတ် အတွင်းရည်မှန်းထားသော အဆင့်တွင် တည်ငြိမ်စွာ တည်ရှိရေးကို ဦးတည် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဘဏ္ဍာရေးတည်ငြိမ်မှုကို အလေးပေး ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ဗဟိုဘဏ်ကပြောသည်။

နိုင်ငံ၏ စီးပွားရေးစွမ်းဆောင်ရည်က မျှော်လင့်ထားသည်ထက် ပိုမို တိုးတက်ခဲ့ပြီး ပို့ကုန်လုပ်ငန်းများ၏ အလားအလာများလည်း တိုးတက်ကောင်းမွန်ကြောင်း ဗဟိုဘဏ်ကပြောသည်။

## အမေရိကန် ဗဟိုဘဏ် အတိုးနှုန်းကို မကြာမီ မြှင့်တင်မည်

အမေရိကန် ပြည်ထောင်စုဗဟိုဘဏ်၏ အဓိက အတိုးနှုန်းကို မကြာမီမြှင့်တင်တော့မည်ဟု မေ ၂၅ ရက်က ထုတ်ပြန်သော ဗဟိုဘဏ် အစည်းအဝေးမှတ်တမ်းတွင် ဖော်ပြထားကြောင်း ဘီဇနက်အမ်ဘီ သတင်းတွင် ဖော်ပြသည်။

သို့သော် ယခုနှစ်စက ဖြစ်ပေါ်ခဲ့သော စီးပွားရေးဖွံ့ဖြိုးမှုကျဆင်းခြင်းသည် ယာယီမျှသာဖြစ်ခြင်း ဟုတ်၊ မဟုတ်ကို ငွေကြေးမူဝါဒရေးဆွဲသူတို့က ပြန်လည်လေ့လာ ဆန်းစစ်ဦးမည်ဖြစ်ကြောင်း အစည်းအဝေးမှတ်တမ်းတွင်ဖော်ပြသည်။

သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က ရေးဆွဲထားသည့် စီမံကိန်းများ၏ အသေးစိတ် အခြေအနေနှင့် ဆောင်ရွက်မည့်အချိန်ကို အတိအကျသိရန် အလွန်ခက်ခဲနေသော်လည်း စီမံကိန်းတွင် ပါရှိသော ငွေကြေးသုံးစွဲမှုအခြေအနေများက စီးပွားရေးဖွံ့ဖြိုးမှုကို မူလခန့်မှန်းထားသည်ထက် ပိုမိုမြှင့်တင်ပေးနိုင်လိမ့်မည်ဟု အမေရိကန်ဗဟိုဘဏ်မှ တာဝန်ရှိသူတို့က ယုံကြည်ထားကြသည်။

သမ္မတထရမ့်၏ အစိုးရအဖွဲ့က ဘဏ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းဥပဒေများကို ဖြေလျှော့ပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ထိုသို့ဆောင်ရွက်မှုက ဘဏ္ဍာရေး တည်ငြိမ်မှုကို အန္တရာယ် ပြုနိုင်သည့်အတွက် အချို့သောဗဟိုဘဏ်တာဝန်ရှိသူတို့က စိုးရိမ်လျက်ရှိသည်။ တိုင်းပြည်၏ ဂျီဒီပီတိုးတက်မှုနှုန်းမှာ နည်းပါးနေသေးသည်ကို အကြောင်းပြု၍ မေ ၂ ရက်နှင့် ၃ ရက်အတွင်း ကျင်းပသော အမေရိကန် ဗဟိုဘဏ် လွတ်လပ်သော ဈေးကွက်ကော်မတီက ဗဟိုဘဏ်အတိုးနှုန်းကို သုညဒသမ ၇၅ ရာခိုင်နှုန်းနှင့် တစ်ရာခိုင်နှုန်းအကြား ထားရှိရန် ဆုံးဖြတ်ခဲ့သည်။

ဘဏ်တင်-စုစည်းတင်ပြသည်



JPM
CAR SALE CENTER
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
HOT LINE
09 253008800
WELCOME
BACK TO SCHOOL
ABC
ကျောင်းဖွင့်ရာသီအမှီ ကားဝယ်ယူရန်စဉ်းစားနေသူများ နှင့် မြို့တွင်းခရီးတို သွားလာချင်သူများအတွက် ဆီစားသက်သာမည့်
အင်ဂျင်ပါဝါ 1300CC ကားအမျိုးအစားအစုံကို ကာလာစုံစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရန် ကျွန်တော်တို့ JPM Car Sale Center မှ
မှာယူတင်သွင်းရောင်းချပေးနေပါသည်။
အမှတ်(၄၂-ဧအေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22




HERCULES LOGISTICS ဟာကျူးလီ အထူးအမြန်ကုန်စည်ပို့ဆောင်ရေး
Hercules Logistics ဆိုသည်မှာ
Warehouse
Our value
Right Time
Full Insurance
Reliable Service
Quality Assurance
Committed Scedule
Our Services
Hercules Schedule Services
Hercules Cold Chain Services
Hercules Long Haul Services
Downtown Delivery Services
Valued Added Services
Warehousing Services
Mandalay Office : No. (H-205/ 9-10), 55th St., Between Phoe Yar Zar & Ka Naung Road, Industrial Zone (2) Mandalay, Myanmar.
Yangon Office : Room (CC2-32,33), Thiri Yadanar Wholesale Market, North Okkalapa Township, Yangon, Myanmar.
Tel: 09 253198880~81~82~83~84~85, 09 977181660 Fax: +952 5153140 Email: info@herculeslogs.com, cs@herculeslogs.com
Website: www.herculeslogs.com




NGG
New Golden Gate (1991)
COMPANY LIMITED
Export & Import
NEW GOLDEN GATE
No.46, 19th Street, Latha Township, Yangon, Myanmar.
Tel : + 951 382320, + 951 382331 Fax : + 951 382331 E-Mail: newgoldengate1991@gmail.com
website: www.agribizmm.com




2017 MANDALAY EXPO တွင် ကျင်းပပြုလုပ်မည့် ROAD SHOW

နေ့ရက် - ၂.၆.၂၀၁၇ မှ ၅.၆.၂၀၁၇ ထိ
အချိန် - နံနက် ( ၉ း ၀၀ ) နာရီ မှ ည ( ၉ း ၀၀ ) နာရီ အထိ
နေရာ - မြို့တော်ခန်းမ၊ မန္တလေးမြို့။

SUZUKI UNITED ELEVEN Co.,Ltd.

အမှတ် (၅၁၇/၂)၊ ၃၅လမ်း၊ ၅၅x၅၆ ကြား၊ ကံကောက်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း >>> 09- 430 47485, 09- 2571 99911 , 09- 2583 22211, 09- 2547 45711, 09- 4210 34807, 09- 777 227153, 09- 7965 77932, 09- 2548 00010



COMMERCE
INTERNATIONAL

# ရေနံထုတ်လုပ်မှုကို လျှော့ချရန် အိုပက်အဖွဲ့က အချိန်ကာလတိုးပေးသော်လည်း ရေနံဈေးနှုန်း ပြန်လည်မြင့်တက်လာဖွယ်မရှိ

ရေနံဈေးနှုန်းများ ပြန်လည်မြင့်တက်စေရန်အတွက် ကမ္ဘာပေါ်တွင် ရေနံအများဆုံးထုတ်လုပ်သောနိုင်ငံများက ရေနံထုတ်လုပ်မှုကို နောက်ထပ် ကိုးလ ဆက်လက်လျှော့ချရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စုမှ ထုတ်လုပ်မှုမြင့်တက်နေမှုကြောင့် အခက်အခဲများ ရှိနိုင်ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မေ ၂၅ ရက်က အိုပက်အဖွဲ့နှင့် ရုရှားနိုင်ငံ ဦးဆောင်သော အခြားရေနံထုတ်လုပ်သည့် နိုင်ငံများ၏ ဆွေးနွေးပွဲအပြီးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အရ ၂၀၁၆ ခုနှစ် နိုဝင်ဘာလက သဘောတူထားခဲ့သော တစ်ရက်လျှင် ရေနံစည် ၁ ဒသမ ၈ သန်း ထုတ်လုပ်မှု လျှော့ချရန် ဆုံးဖြတ်ချက်မှာ ၂၀၁၈ ခု မတ်လအထိ ဆက်လက်၍ တည်ရှိနေမည့် သဘောရှိသည်။ ယခုကဲ့သို့ အချိန်ကာလ တိုးမြှင့်ပေးလိုက်ခြင်းအားဖြင့် မြင့်မားလျက်ရှိသော ရေနံသိုလှောင် မှုလက်ကျန်မှာ ယခုနှစ် အကုန်တွင် ငါးနှစ်စာ ပျမ်းမျှ လက်ကျန်နှင့်တူညီလာနိုင်ဖွယ်ရှိကြောင်း ဆော်ဒီအာရေးဘီးယား ရေနံဝန်ကြီး ခါလစ်အေ အယ်ဖာလစ်က ပြောသည်။

ဈေးကွက်ထဲတွင် ရေနံလက်ကျန်နည်းသွားမည်ဆိုပါက ပုံမှန်အား ဖြင့် ရေနံတစ်စည်ဈေး မြင့်တက်လာမည်ဖြစ်သည်။ သို့သော် ရေနံဈေးနှုန်း မြင့်တက်မှုမှာ အနည်းငယ်မျှသာဖြစ်ပြီး အချိန်တိုအတွင်းသာ တည်ရှိနိုင်သည်။ အိုပက်နှင့် မဟာမိတ်အဖွဲ့များသည် နှုန်းကျောက်မှ ရေနံထုတ်လုပ်လျက်ရှိသော အမေရိကန် ရေနံထုတ်လုပ်သူများ၏ ယှဉ်ပြိုင်မှုကို ရင်ဆိုင်နေရသည်။ ရေနံစိမ်းဈေးနှုန်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀ အထိ ပြန်လည်မြင့်တက်လာချိန်တွင် အမေရိကန် ရေနံထုတ်လုပ်သူတို့က ဈေးကွက်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသဖြင့် ယခုထက် ဈေးနှုန်း ပိုမိုမြင့်တက်လာပါက ထပ်မံဝင်ရောက်လာဖွယ်ရှိနေသည်။ ဤကဲ့သို့ ဝင်ရောက်လာမည်ဆိုပါက ရောင်းလိုအား မြင့်တက်လာပြီး ဈေးများ ပြန်လည်ကျဆင်းသွားဖွယ်ရှိသည်။

အိုပက်အဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်ထွက်ပေါ်ပြီးနောက်ပိုင်း မေ ၂၅ ရက်တွင် ရင်းနှီးမြှုပ်နှံသူတို့က ရေနံစိမ်းဈေးနှုန်းကို အိုပက်အဖွဲ့၏ နိုဝင်ဘာ အစည်းအဝေးမတိုင်မီက ဈေးနှုန်းသို့ ပြန်လည်ရောက်ရှိရန် ကြိုးစားခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စုရှိ ရေနံစိမ်း၏ အခြေခံစံထားဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၅ ကျဆင်းပြီး တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၁၁ နှုန်းသို့ ရောက်ရှိခဲ့သည်။

ကမ္ဘာ့စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီး ဆက်လက်တိုးတက်ရန်အတွက် ရေနံစိမ်းကို အသက်သွေးကြောအဖြစ် ဆက်လက်မှီခိုနေရဦးမည်ဖြစ်သဖြင့် ဈေးကွက်တုံ့ပြန်မှုကို စိုးရိမ်ဖွယ်မရှိကြောင်း အယ်လ်ဖါလစ်က မေ ၂၅ ရက်တွင် ပြောသည်။



# ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းမှုလိုအပ်

ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သည့်နည်းတူ လယ်ယာထွက်ကုန် တစ်ခုချင်းအလိုက် ဈေးကွက်ဖွဲ့စည်းတည်ဆောက်မှု သတ်မှတ်ရန်လိုအပ်သည်ဟု ဟနွိုင်းမြို့တွင် မေ ၂၅ ရက်က ကျင်းပသော ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အလားအလာ ကွန်ဖရင့်တွင် ကျွမ်းကျင်သူတို့က ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ကွန်ဖရင့်ကို အမျိုးသားလွှတ်တော် စီးပွားရေးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒနှင့် မဟာဗျူဟာဌာန (IPSARD) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကွန်ဖရင့်တွင် ယခုနှစ်နှင့်နောက်နှစ်နှစ်၊ သုံးနှစ်အတွင်း ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် နောက်ဆုံးရရှိထား သော အလားအလာ ခန့်မှန်းချက်များကို ကျွမ်းကျင်သူတို့က ခန့်မှန်းတင်ပြပြီး ဆန်၊ ပင်လယ်စာ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးတို့အပါအဝင် အဓိက လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဖြစ်မြောက်နိုင်စွမ်း အခြေအနေများကို ဆွေးနွေးကြသည်။

ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဖြန့်ဖြူးရေး စွမ်းဆောင်ရည် ကောင်းမွန်စွာရှိပြီး စဉ်ဆက်မပြတ် ပြောင်းလဲနေသော ပြည်တွင်းပြည်ပဝယ်လိုအားကို ဖြည့်ဆည်းနိုင်သည့် စွမ်းရည်ရှိကြောင်း လယ်ယာစိုက်ပျိုးရေး နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ (IPSARD) မှ ညွှန်ကြားရေးမှူး ငုယင်ဒိုအန်းတွန်က ပြောသည်။ ဗီယက်နမ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ပြန်လည်ပြုပြင် ဖွဲ့စည်းထားပြီး ဖြစ်သည့်အပြင် ပို့ကုန်ဈေးကွက်များကို ပိုမိုဖွင့်လှစ်ကာ ဈေးကွက်များ၏ ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် ထုတ်ကုန်များကို ပြန်လည်ဖွဲ့စည်းဆောင်ရွက်ထားပြီဖြစ်ကြောင်း သူက ပြောသည်။

ယခုနှစ်တွင် လယ်ယာကဏ္ဍ၌ စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်နေရသော်လည်း ဟင်းသီးဟင်းရွက်နှင့် သစ်သီး ပို့ကုန်လုပ်ငန်းမှာ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ခိုင်မာစွာ ဖွံ့ဖြိုးလာခဲ့သည်။ ယခုနှစ် ပထမလေးလအတွင်း ပြည်တွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၃၂ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးပြည်ပတင်ပို့မှုမှဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိခဲ့သည်။

အထူးသဖြင့် အဆင့်မြင့်နည်းပညာကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီး ထုတ်လုပ်ရေးလုပ်ငန်းကို အခြားသောထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်အောင် အားဖြည့်ပေးနိုင်ကြောင်း၊ အမျိုးသားလွှတ်တော်ရုံး စီးပွားရေးဌာန ဒုတိယအကြီးအကဲ လေဗန်ဘင်းက ပြောသည်။ သို့သော်လည်း ပို့ကုန်ဈေးကွက်များတွင် ဗီယက်နမ် ဟင်းသီးဟင်းရွက်နှင့်သစ်သီးများအတွက် နည်းပညာဆိုင်ရာနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အတားအဆီးများနှင့် ရင်ဆိုင်နေရကြောင်း သူကပြောသည်။

ဆန်နှင့်ပင်လယ်စာကဲ့သို့သော အခြားအဓိက လယ်ယာထွက်ကုန်များမှာလည်း ရေတိုနှင့်ရေရှည်ကာလအတွင်း ပြင်းထန်သော ယှဉ်ပြိုင်မှုနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်တွေ့ကြုံနေရသည်။ ထိုထုတ်ကုန်များအတွက် ဈေးကွက်များပြန်လည်ရှာဖွေပြီး တန်ဖိုးကွင်းဆက်ဖန်တီးခြင်းနှင့် ကုန်အမှတ်တံဆိပ်ထူထောင်ခြင်းတို့ဖြင့် စီမံခန့်ခွဲမှု စွမ်းဆောင်ရည်ကို တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း သူကပြောသည်။

# ကုန်သွယ်ရေးသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ဖို့ တီပီပီစာချုပ်ဝင်နိုင်ငံတို့ ကတိပြု

အမေရိကန်ပြည်ထောင်စု ပါဝင်ခြင်းမရှိသော်လည်း သဘောတူစာချုပ်ကို ညီညွတ်စွာ ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (တီပီပီ) ကို လက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံများအနက် ကျန်ရှိနေသည့် ၁၁ နိုင်ငံတို့က ကတိပြု ခဲ့ကြကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင်ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု သမ္မတအဖြစ် ဇန်နဝါရီက ဒေါ်နယ်ထရမ့်တာဝန်ယူပြီးနောက်ပိုင်း တီပီပီ သဘောတူစာချုပ်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု နုတ်ထွက်ပြီးနောက် စာချုပ်တွင် ဆက်လက်ပါဝင်လျက်ရှိသော နိုင်ငံများမှာ ဂျပန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဘရူနိုင်းဒါရူဆလမ်၊ ချီလီ၊ မက္ကဆီကို၊ နယူးဇီလန်၊ မလေးရှား၊ ပီရူး၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြသည်။

စာချုပ်တွင် ဆက်လက်ပါဝင်နေဆဲဖြစ်သော ကျန် ၁၁ နိုင်ငံတို့က လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ်ကိုဆက်လက်အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများအား ရှာဖွေရန် ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင် ကျင်းပသည့် အေပက်အဖွဲ့ဝင် ကုန်သွယ်ရေးဝန်ကြီးများ အစည်းအဝေး၏ အလွတ်သဘောအစည်းအဝေးတွင် သဘောတူခဲ့ကြ သည်။

တီပီပီသဘောတူစာချုပ်၏ မဟာဗျူဟာအရအရေးပါမှုနှင့် စီးပွားရေး အရအရေးပါမှုကို အစည်းအဝေးက အတည်ပြုခဲ့ပြီး စာချုပ်တွင်ပါဝင်သော အခြေခံမူများနှင့် မြင့်မားသောစံနှုန်းသတ်မှတ်ချက်များမှာ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အလားအလာကောင်းများကို ဖန်တီးပေးနိုင်မည်ဟူသော အချက်ကို အဖွဲ့ဝင်နိုင်ငံတို့က အသိအမှတ်ပြုခဲ့ကြသည်။

"တီပီပီ သဘောတူစာချုပ် အကောင်အထည်ဖော်နိုင်မယ်ဆိုရင် အကျိုးစီးပွားတွေရရှိလာမယ်ဆိုတာကို အဖွဲ့ဝင်နိုင်ငံတွေရဲ့ဝန်ကြီးတွေက သဘောတူခဲ့ကြပါတယ်။ ဒီရည်မှန်းချက်ကိုရရှိဖို့အတွက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ အရည်အသွေးပြည့်ဝတဲ့ သဘောတူညီချက်ရရှိအောင် တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ သဘောတူညီခဲ့ကြပါတယ်"ဟု အစည်းအဝေးအပြီးတွင် ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြသည်။

လာမည့် နိုဝင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့၌ ကျင်းပမည့် အေပက်စီးပွားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးတွင် တင်ပြရန် ဟန္နိုင်းမြို့တွင်တွေ့ဆုံဆွေးနွေးပြီးနောက် စာချုပ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းလမ်းများကို ကျန် ၁၁ နိုင်ငံတို့က သဘောတူခဲ့ကြသည်။

ဘာသာပြန်-စုစည်းတင်ပြသည်